ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (7-7-2015) (စ၂၅၄)

မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုတိုမြို့အပြင်ဘက်ရှိ ဟိုဂျူစုပေါင်းစိုက်ခင်း ကြည့်ရှု အိုဆာကာမြို့ရှိ အိုဆာကာဓာတ်ငွေ့ကုမ္ပဏီ အဆင့်မြင့်စွမ်းအင်ကွန်ရက်စီမံကိန်း လေ့လာ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ကျိုတိုမြို့ အပြင်ဘက်ရှိ ဟိုဂျူစုပေါင်းစိုက်ခင်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ ဟိုဂျူစုပေါင်းစိုက်ခင်းအသင်းအဖွဲ့ အကြီးအကဲ Mr. Sakai နှင့် အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြပြီး စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အိုဆာကာမြို့ရှိ အိုဆာကာဓာတ်ငွေ့ကုမ္ပဏီအဆင့်မြင့်စွမ်းအင်ကွန်ရက်စီမံကိန်းအား တွေ့ရစဉ်။ (ပြန်/ဆက်)

တောင်ကိုရီးယားသမ္မတဟောင်း၏ဇနီး မြောက်ကိုရီးယား သွားမည်

စာမျက်နှာ - ၇

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများနေသော်လည်း ကုသသည့်အရည်အသွေး မြင့်မားမှုကြောင့် သေဆုံးသူ လျော့နည်းလျက်ရှိ

စာမျက်နှာ - ၆

ကြေးမုံ စာတည်းရှေ့ထောင့် ၇-၇-၂၀၁၅၊ အင်္ဂါနေ့

အစဉ်အလာမပျက် မြန်မာ့ယဉ်ကျေးမှု

မိမိတို့နိုင်ငံအနယ်နယ်အရပ်ရပ်တွင် လှယဉ်ကျေးမယ်ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများအပြင် နိုင်ငံတကာထိတိုင် တက်လှမ်းနိုင်မည့် မယ်ပြိုင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲစည်ကားလျက်ရှိနေသည်။ ဇူလိုင် ၃ ရက် မြန်မာနိုင်ငံအမျိုးသမီးများနေ့တွင် ပျော်ပွဲရွှင်ပွဲများနှင့် နိုင်ငံတစ်နံတစ်လျားမှာ စည်ကားမပျက်ရှိခဲ့သည်။ ယင်းတို့အနက် ထူးခြားသောပြိုင်ပွဲတစ်ခုမှာ မုံရွာမြို့တော်ခန်းမ၌ကျင်းပသည့် ဆံကေသာအလှမယ်ပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

"ယောက်ျားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး" မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ ဆိုရိုးစကားပျက်ပြယ်သွားသည်မှာ ကြာခဲ့ပါပြီ။ ခေတ်လုံမယ်တို့အတွက် ဆံပင်ရှည်ထားခြင်းသည် တောဆန်သည်၊ အပိုအလုပ်တွေဟု ယူဆလာကြသည်။ ထို့ကြောင့်လည်း ဆံထုံးကိုအသုံးချပုံကွာခြားသွားသည်။ ရှည်လာတော့ ဖြတ်ညှပ်တိုပစ်လိုက်ကြသည်။ အရောင်တွေဆိုးသည့် ဆံကေသာပိုင်ရှင်များအဖြစ် ဂုဏ်ယူကာ မရောင်ရာဆီလူးဟုဆိုရမည်။ မြန်မာ့ဌေ၊ မြန်မာ့မူဟန်များ တဖြည်းဖြည်းနှင့်ပုံပြင်အလားဖြစ်သွားပြီ။

အားလုံးကိုသိမ်းကျုံးမဆိုလိုပါ။ ခြုံယူယုတ္တိဗေဒသဘောအရ သုံးသပ်ကြည့်မိခြင်းဖြစ်သည်။ သို့သော် ဆံကေသာကို မဖြတ်မညှပ်တစ်ပတ်လျှို့ထုံးဖွဲ့လျက် ကျက်သရေမင်္ဂလာမြင်ကွင်းများနှင့်လည်း တစ်ရံတစ်ခါကြုံရသည်။ အလှတွင် အယဉ်ဆင့် မြန်မာ့မူဟန်မြင်ကွင်းပင်။ တစ်ထောင်မှာတစ်ယောက်ဆိုရလောက်လည်း ဖြူနီကြောင်ကျား ဆံတိုမလေးများကြားမှာ ဣန္ဒြေရရနှင့် ကျီးတို့အလယ်မှရွှေဟင်္သာပမာ မျက်စိပသာဒဖြစ်စေသည်မှာအမှန်ပါ။

ရှေးခေတ်က ဆံထုံးထုံးနည်းအမျိုးမျိုးရှိသည်။ သူဆင်းရဲ၊ ကုန်သည်၊ မှူးကြီးမတ်ရာနှင့် ဘုရင့်မိဖုရား၊ သမီးတော်များ ဆံထုံးပုံစံမတူကြ။ မတူရုံ၊ ခေါင်းပေါ်မှဆံထုံးပုံစံကိုမြင်လိုက်သည်နှင့် အမျိုးအနွယ်ကို သိသာစေသည်။ မြန်မာတို့၏ စည်းတစ်မျိုးဟုဆိုရမည်။ ပုဂံခေတ် ဘုရားလိုဏ်ဂူများ၊ ရခိုင်မြောက်ဦးခေတ် သျှစ်သောင်းလိုဏ်ဂူ၊ အထူးသဖြင့် ထုတ္တန့်သိမ်ဂူဘုရားပတ်လမ်းနံရံများတွင် ရှေးခေတ်ဝတ်စားဆင်ယင်မှု ဆံထုံးပုံစံအမျိုးမျိုးကို ယနေ့ထိမြင်တွေ့နိုင်သည်။ ပဒေသရာဇ်ခေတ်၏ နေရာဒေသကိုလိုက်၍ တစ်နေရာနှင့် တစ်နေရာ မတူကွဲပြားသွားရသည်။ မြန်မာတို့၏ ဆံထုံး ၅၅ မျိုးရှိပြီး ရခိုင်ဒေသတွင် ၆၄ မျိုးရှိသည်။

မျက်မှောက်ကာလတွင် ရှေးယခင်ကကဲ့သို့ အဆင့်အတန်းအလိုက် ဝတ်စားဆင်ယင်ခွဲခြားမှုမရှိတော့ပါပြီ။ လွတ်ပြီဆိုသည်နှင့် စည်းလွတ်ဝါးလွတ်ဖြစ်မသွားဖို့လည်း သတိထားကြရပါမည်။ ယဉ်ကျေးမှုမှာ နယ်နိမိတ်မရှိဆိုခြင်းသည် လူတွေ၏ အသိနှင့်ကိုယ်ခံအားကို စမ်းသပ်ခြင်းဟုလည်း ဆို၍ရပါသည်။ နိုင်ငံတကာမှလာသမျှ တံခါးမရှိဆိုလျှင် မိမိတို့က အလကားလူ "လူပေါက်ပန်း" ဖြစ်သွားပါလိမ့်မည်။

နှစ်ပရိစ္ဆေဒကြာညောင်းစွာ မိမိတို့ဘိုးဘွားများ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ယဉ်ကျေးမှုများကို ကျောက်သံပတ္တမြားများကဲ့သို့ တန်ဖိုးထားနိုင်ကြရပါမည်။ အသစ်အဆန်းဟူသမျှ ကောင်းသည်ဆိုပြီး လက်ခံ၊ မိမိတို့ ယဉ်ကျေးမှုတန်ဖိုးကို အလေးမထားဆိုပါလျှင် ပလတ်စတစ်ခွက်များ၊ ပုံးများနှင့် နိုင်ငံ့သယံဇာတများကို အလဲအလှယ်လုပ်သလို အဆင့်နိမ့်ကျသွားနိုင်ပါသည်။

"မိန်းမတို့ကျွန်ဇွေ ရွှေပေးလို့မရ" မြန်မာမိန်းကလေးများ၏ စောင့်ထိန်းနိုင်စွမ်းမှုကို ဆိုလိုခြင်းပင်။ စာမရီဌက်မျိုးကဲ့သို့ အရှက်ကို အသက်နဲ့လဲရဲသည်။ တစ်ချိန်က မြန်မာမိန်းကလေးများ မုံရွာမြို့တော်ခန်းမ၏ ဆံကေသာအလှပြိုင်ပွဲမှသည် တစ်နိုင်ငံလုံးလွှမ်းခြုံ ဆံကေသာအလှကိုယ်စီနှင့် ယဉ်ကျေးဖော်ရွေမြန်မာပီသသော မြန်မာအမျိုးသမီးလေးများကို အသစ်တစ်ဖန် ပြန်လည်မြင်တွေ့ခွင့်ရလာတော့မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်ရှိ ခေါင်တိုင် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ညောင်ရွှေမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ညောင်ရွှေမြို့နယ်မင်းချောင်း အခြေခံပညာအထက်တန်းကျောင်း၊ သပြေပင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရွာမအခြေခံပညာအထက်တန်းကျောင်း၊ ခေါင်တိုင် အခြေခံပညာအထက်တန်းကျောင်းနှင့် ညောင်ဝန်းအခြေခံပညာမူလတန်းလွန်ကျောင်းများမှ ကျောင်းအကျိုးတော်ဆောင်တို့က ညောင်ရွှေမြို့နယ်အတွင်း၌ ပညာရေးဖွံ့ဖြိုးတိုးတက်လာမှုများ၊ ပညာရေးတိုးတက်ဖွံ့ဖြိုးလာစေရန် ဒေသခံပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ ဒေသအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးမူဝါဒများနှင့် ပညာရေးရည်မှန်းချက်များ၊ သင်ရိုးညွှန်းတမ်းနှင့် ဆရာအရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာများ၊ လက်တွေ့ဘဝတွင် အသုံးတည့်မည့် အသက်မွေးဝမ်းကျောင်းနိုင်မှု အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အစီအစဉ်များ၊ အခြေခံပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန် စီမံထားရှိမှုများ၊ ကျောင်းဆောင်၊ ပရိဘောဂနှင့် ဆရာအင်အားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသောမူများ၊ စတုတ္ထတန်းစာမေးပွဲ၊ အဋ္ဌမတန်းစာမေးပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးခြင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရေအေးကုန်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိ

ခင်ဦး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရေအေးကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလှှဲတွင်းတူးဖော်ပေးလျက်ရှိရာ ယခုအချိန်တွင် သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် ရေလှှဲတွင်း သုံးတွင်း၊ ရေကန်သုံးကန်လျာထားရာ ရေအေးကုန်းကျေးရွာ၌ ရေလှှဲတွင်း ပေ ၄၀၀ တူးဖော်ရာ လေးလက်မပိုက်ဖြင့် ရေရရှိပြီး ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်ကို ဆောက်လုပ်ပေးလျက်ရှိသည်။ အဆိုပါအုတ်ရေကန်ပြီးစီးပါက ကျေးရွာအတွင်း လွယ်ကူစွာရေရရှိရန် နှစ်လက်မပိုက်ဖြင့် ပေ ၁၄၀၀ သွယ်တန်းဖြန့်ဝေပေးသွားမည်ဖြစ်ရာ စုစုပေါင်း ငွေကျပ် ၉ ဒသမ ၉၅ သန်းကုန်ကျမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။ **(ခင်ဦးစိုးဝေ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၆

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၇၀၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၈၀၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၇၃၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

၂၉-၆-၂၀၁၅ ရက်နေ့မှ ၃-၇-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၆၄ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၀၈ ကျပ် ဖြစ်ပါသည်။ *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

ရန်ကုန် ရွှေဈေး ၇၄၀၀၀၀ - ၇၄၀၀၀၀
မန္တလေး ရွှေဈေး ၇၃၉၅၀၀ - ၇၃၉၅၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၁၁၂၅. ၀
(ခ) ဥရောပ	တစ်ယူရို	= ၁၂၄၀. ၃
(ဂ) တရုတ်	တစ်ယွမ်	= ၁၈၁. ၂၈
(ဃ) ထိုင်း	တစ်ဘတ်	= ၃၃. ၂၃၄
(င) မလေးရှား	တစ်ရင်းဂစ်	= ၂၉၅. ၅၅
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၇. ၇၃၃
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၁၇. ၉၂
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၉. ၈၀၀
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	= ၈၄၅. ၁၀
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၈၃၂. ၄၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



KONICA MINOLTA

ကြေးမုံ

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့မှ ခန်ဆိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဥာဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ယခုခရီးစဉ်တွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ ခုနှစ် ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သော ဂျပန်-မဲခေါင် ဒေသမိတ်ဖက်အစီအစဉ် (Japan-Mekong Partnership ၂၀၀၇-၂၀၀၉) မှစတင်ခဲ့ရာ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့နှင့်အတူ ယင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်မှန်းချက်မှာ မဲခေါင်ဒေသ နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်ဒေသအတွင်းရှိ အရှေ့-အနောက် စီးပွားရေးစကြီ်လမ်း၊ တောင်ပိုင်းစီးပွားရေးစကြီ်လမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် Japan - ASEAN Integration Fund (JAIF)အောက်မှ ငွေကြေးထောက်ပံ့မှု ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော အဓိကအစီအစဉ်များမှာ မဲခေါင်မြစ်ကော်မရှင်၊ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တို့ဖြစ်သည်။

မဲခေါင်ဒေသတွင်းနိုင်ငံများတွင် လူဦးရေ သန်း ၂၄၀ နီးပါးနေထိုင်ပြီး ဂျီဒီပီပမာဏ အမေရိကန်ဒေါ်လာ ၆၆၄ ဘီလီယံခန့်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးရန် ကြီးမားသည့် စျေးကွက်ဖြစ်သည်။

ယခုထိပ်သီးအစည်းအဝေးတွင် တိုကျိုမဟာဗျူဟာ ၂၀၁၅ ကို ချမှတ်နိုင်ခဲ့ပြီး ယင်းမဟာဗျူဟာ ၂၀၁၅ သည် မဏ္ဍိုင်လေးရပ်တွင် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် စက်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသော မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် သက်ဆိုင်သူများအကြားညှိနှိုင်းဆောင်ရွက်သွားရေးတို့ ပါဝင်သည်။

ထို့ပြင် ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့က ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်နိုင်ရေး၊ ရန်ကုန်မြို့တော် အများပြည်သူ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာ ဖြေရှင်းနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး

(၇) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇူလိုင် ၄ ရက်က ကျင်းပစဉ်။ (ပြန်/ဆက်)

ထိုပမာဏသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ထုတ်လုပ်ပြီး မဟာဓာတ်အားလိုင်းမှ ဒေသအနှံ့ဓာတ်အားဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အား ပမာဏ၏ နှစ်ဆနီးပါး၊ ရန်ကုန်မြို့တော်တွင်သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အား ပမာဏ၏ လေးဆနီးပါးဖြစ်သည်။ အဆိုပါစက်ရုံတွင် နိုင်ငံတော်သမ္မတက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ဂျပန်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများကို မိမိတို့ အသုံးပြုလိုကြောင်း၊ ချေးငှားကုမ္ပဏီအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဆန်စပါး ထုတ်လုပ်မှုအရည်အသွေးမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် အစိုးရအဖွဲ့သစ်တာဝန်ယူပြီးချိန်မှစ၍ ဂျပန်နိုင်ငံသို့ ၂၀၁၂ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ပဉ္စမအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခဲ့ပြီး ယခုကျင်းပပြီးစီးခဲ့သည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်ခြင်းမှာ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်နိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုး ထပ်မံတွေ့ရှိ

မနီလာ ဇူလိုင် ၆

ဖိလစ်ပိုင်နိုင်ငံအာဏာပိုင်များက နိုင်ငံအတွင်း မားစ်ရောဂါ ဒုတိယအကြိမ်ထပ်မံတွေ့ရှိမှုကို ယနေ့အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများအရ သိရသည်။

ဒူဘိုင်းမြို့မှ ရောက်ရှိလာသည့် အသက်(၃၆) နှစ်အရွယ်ရှိ နိုင်ငံခြားသားတစ်ဦးထံမှ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း၊ ၎င်းကို မနီလာမြို့တော်အနီးရှိ သီးသန့်အခန်းတွင် ထားရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများကပြောသည်။

ဖေဖော်ဝါရီလက ဆော်ဒီအာရေဗျနိုင်ငံတွင် အလုပ်သွားရောက်လုပ်ခဲ့သည့် ဖိလစ်ပိုင်လူမျိုး အမျိုးသမီးသူနာပြုတစ်ဦးတွင် မားစ်ဗိုင်းရပ်စ်ပိုးကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။ အဆိုပါအမျိုးသမီးမှာ မကြာမီ အချိန်အတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။

မေလက တောင်ကိုရီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ပိုးစတင်တွေ့ရှိခဲ့သည့်နောက်ပိုင်း အာရှနိုင်ငံများတွင် ယင်းရောဂါပိုးကို တားဆီးထိန်းချုပ်ရန် တပ်လှန့်ထားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူ ၁၈၆ ဦးရှိခဲ့ပြီး ၉၀၇ ဦးကို သီးသန့်အခန်းများတွင် ခွဲခြားထားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကဆိုသည်။

တရုတ်၊ မလေးရှား၊ ထိုင်းနိုင်ငံများတွင် မားစ်ဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း အတည်ပြုထားသည်။ **ဆင်ဟွာ။**

ဗဟိုအာရှငါးနိုင်ငံနှင့် ရုရှားသို့ ရှစ်ရက်ကြာခရီးစဉ် အိန္ဒိယဝန်ကြီးချုပ် မိုဒီ စတင်

နယူးဒေလီ ဇူလိုင် ၆

အိန္ဒိယဝန်ကြီးချုပ် နာရေန္ဒြာမိုဒီသည် ဗဟိုအာရှငါးနိုင်ငံနှင့်ရုရှားနိုင်ငံများသို့ ရှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်ကို ဇူလိုင် ၆ ရက်မှ စတင်နေပြီဖြစ်ကြောင်း နီးစပ်ရာသတင်းရင်းမြစ်၏ဖော်ပြချက်အရ သိရသည်။

ဝန်ကြီးချုပ်မိုဒီသည် ဥဇဘက်ကစ္စတန်နိုင်ငံတွင် ပထမခရီးတစ်ထောက် ရပ်နားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဇူလိုင် ၇ ရက်တွင် ကာဇက်စတန်နိုင်ငံသို့ ခရီးဆက်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိုဒီသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်သည့် ထွန်းသစ်စစီးပွားရေးအုပ်စုနိုင်ငံတို့၏ ထိပ်သီးအစည်းအဝေးနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကာဇက်စတန်နိုင်ငံမှတစ်ဆင့် ရုရှားနိုင်ငံသို့ တိုက်ရိုက်ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ရုရှားနိုင်ငံတွင် ကျင်းပမည့် အဆိုပါထိပ်သီးအစည်းအဝေးနှစ်ခု တက်ရောက်ပြီးနောက် ဇူလိုင် ၁၀ ရက်တွင် တာ့ခ်မင်နစ္စတန်၊ ဇူလိုင် ၁၁ရက်တွင် ကာဂျစ်စတန်နှင့် ဇူလိုင် ၁၂ ရက်တွင် တာဂျိကစ္စတန်နိုင်ငံ စသည်ဖြင့် ၎င်း၏ခရီးစဉ်ကို ဆက်သွားမည်ဖြစ်သည်။

ယခု ဗဟိုအာရှငါးနိုင်ငံစလုံးသို့ ဝန်ကြီးချုပ်မိုဒီ၏ ခရီးစဉ်မှာ ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ခရီးစဉ်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရေးနှင့် စွမ်းအင်ကဏ္ဍနှင့် လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးပင်ဖြစ်ကြောင်း သတင်းရင်းမြစ်၏ ဖော်ပြချက်အရသိရသည်။

ထို့ပြင် မိုဒီသည် ရုရှားနိုင်ငံ အူဖာမြို့တွင်ကျင်းပမည့် ဘရစ်ခ်စ် ထိပ်သီးအစည်းအဝေးနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးတွင် ပါကစ္စတန် ဝန်ကြီးချုပ် နဝပ်ရှာရစ်ဖ်ကိုလည်း သီးသန့်တွေ့ဆုံဖွယ်ရှိကြောင်း မီဒီယာများ၏ အဆိုအရသိရသည်။ **ဆင်ဟွာ။**

စင်ကာပူ ဝန်ကြီးချုပ်ဟောင်း ဂုဏ်ချုပ်တောင် ဂုဏ်ထူးဆောင်ဥပဒေဒေါက်တာဘွဲ့ ခံမြှင့်ခံရ

စင်ကာပူ ဇူလိုင် ၆

စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်(NUS)က ဝန်ကြီးချုပ်ဟောင်း ဂုဏ်ချုပ်တောင်အား ဇူလိုင် ၆ ရက်က ဂုဏ်ထူးဆောင်ဥပဒေဒေါက်တာဘွဲ့ ခံမြှင့်အပ်နှင်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

၁၉၉၀ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ စင်ကာပူဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဂုဏ်သည် NUS တက္ကသိုလ်၏ဘွဲ့နှင်းသဘင်ခန်းမတွင် နိုင်ငံတော်သမ္မတ ကန်ယမ်ထံမှ အဆိုပါဘွဲ့ကို လက်ခံရရှိခဲ့သည်။

အဆိုပါဘွဲ့သည် စင်ကာပူနိုင်ငံအတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ထူးချွန်သောပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် NUS က ခီးမြှင့်သည့် အဆင့်မြင့်ဆုံးဘွဲ့တစ်ခု ဖြစ်သည်။

NUS မှ ကျောင်းသားဟောင်းဖြစ်သည့် ဂုဏ်သည် စင်ကာပူနိုင်ငံဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်မှုအပါအဝင် နိုင်ငံအတွက် နှစ်ပေါင်း ၅၀ ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ စစ်ဘက်အင်အား တောင့်တင်းခိုင်မာမှုနှင့် စင်ကာပူနိုင်ငံသားများအတွက် လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေသည့် မူဝါဒများကို ချမှတ်လုပ်ဆောင်ခဲ့ကြောင်း NUS က ပြောကြားသည်။

ဂုဏ်က စင်ကာပူနိုင်ငံသည် နိုင်ငံရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုသိပ္ပံကဲ့သို့ နယ်ပယ်များတွင် ရဲရင့်ပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များလိုအပ်သလို ဂုဏ်သိက္ခာရှိပြီး ဖြောင့်မတ်သည့် ခေါင်းဆောင်များလည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

တောင်ကိုရီးယားသမ္မတဟောင်း၏ဇနီး မြောက်ကိုရီးယား သွားမည်

ဆိုးလ် ဇူလိုင် ၆

တောင်ကိုရီးယားသမ္မတဟောင်း ကင်ဒေးဂျန်၏ ဇနီးသည် လာမည့်လတွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ကွယ်လွန်သူ တောင်ကိုရီးယားသမ္မတဟောင်း ကင်နှင့်နီးစပ်သူများနှင့် မြောက်ကိုရီးယားတာဝန်ရှိများ သမ္မတဟောင်းကတော် လီဟီဟိုး၏ ခရီးစဉ်နှင့်ပတ်သက်၍ ဇူလိုင် ၆ ရက်တွင် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်တာဝန်ရှိသူများသည် မြောက်ကိုရီးယားနယ်စပ် ကေဆောင်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

လီဟီဟိုသည် မြောက်ကိုရီးယားမြို့တော်ပြုယမ်းတွင် ဩဂုတ် ၅ ရက်မှ ၈ ရက်ထိ နေထိုင်သွားမည်ဖြစ်ပြီး ကလေးဆေးရုံ၊ သူငယ်တန်းကျောင်းနှင့် အခြားနေရာများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုန်အန်က အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် လီဟီဟိုကို ကုန်းကြောင်းခရီးဖြင့် မလာဘဲ လေကြောင်းခရီးဖြင့်လာရောက်ရန် အဆိုပြုမှုကိုလည်း လီဟီဟိုက လက်ခံခဲ့သည်။

လီဟီဟိုသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် ကင်ဂျုန်အန်၏ဖခင် ကင်ဂျုန်အီလ် ကွယ်လွန်သွားခဲ့စဉ်က ကင်ဂျုန်အန်နှင့်တွေ့ဆုံ၍ ဝမ်းနည်းစကားပြောကြားခဲ့ဖူးသည်။ လွန်ခဲ့သည့် နှစ်နှောင်းပိုင်းတွင် ကင်ဂျုန်အန်က လီဟီဟိုအနေဖြင့် အခါအခွင့်သင့်လျှင် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်ရန် ပုဂ္ဂိုလ်ရေးစာတစ်စောင်ဖြင့် ဖိတ်မန္တကပြုခဲ့သည်။

ယင်းခရီးစဉ်ဖြစ်မြောက်ခဲ့မည်ဆိုလျှင် ကင်ဂျုန်အန်နှင့် လီဟီဟိုတို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ လေ့လာသုံးသပ်သူများက မြောက်ကိုရီးယားနိုင်ငံသည် လီဟီဟို ကို ဖိတ်ခေါ်ခြင်းဖြင့် တောင်ကိုရီးယားအစိုးရကို ဖိအားပေးရန်ကြိုးစားနေသည်ဟု ဆိုသည်။ လီဟီဟို၏ခင်ပွန်း ကင်ဒေးဂျန်၏ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ခုနှစ် သမ္မတသက်တမ်းတွင် ကိုရီးယားနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် တိုးတက်မှုများဖြင့် အဆင်ပြေချောမွေ့နေခဲ့သည်။ **အင်နန်အိတ်ချ်ကေ။**

မေဂျီခေတ် စက်မှုလုပ်ငန်းနယ်မြေများကို ကမ္ဘာ့အမွေအနှစ်အဖြစ် ယူနက်စကို သတ်မှတ်

တိုကျို ဇူလိုင် ၆

မေဂျီခေတ်၏ စက်မှုလုပ်ငန်းလုပ်ကိုင်ရာ နေရာများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ဆုံးဖြတ်လိုက်ခြင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံက ကြိုဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မေဂျီဧကရာဇ်ဘုရင် (၁၈၆၈-၁၉၁၂) စိုးစံချိန်တွင် ဂျပန်နိုင်ငံ၏ စက်မှုတော်လှန်ရေးပေါ်ထွန်းရာ နေရာ ၂၃ နေရာကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းရန် ကော်မတီက ဇူလိုင် ၅ ရက်တွင် ဆုံးဖြတ်ခဲ့ရာ သံမဏိစက်ရုံ၊ သင်္ဘောကျင်းနှင့် ကျောက်မီးသွေးတွင်းတို့ ပါဝင်သည်။

သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးအရ အဖိုးမဖြတ်နိုင်သောနေရာ ဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အနာဂတ် မျိုးဆက်သစ်သို့ လွှဲပြောင်းပေးအပ်နိုင်ရန် မိမိတို့ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖူကူအိုကာ အနောက်တောင်ဘက် မေကီမြို့၏ အုပ်ချုပ်ရေးမှူး ဟီရိုရှိအိုဂါဝါက ကတိပြုပြောကြားသည်။ အဆိုပါမြို့သည် ရှေးဟောင်းကျောက်မီးသွေးတွင်း တည်ရှိရာမြို့ ဖြစ်သည်။

ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်လာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ကာ ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရရှိ နိုင်မည်ဖြစ်သည်။ ၎င်းအပြင် ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်သော ရှေးဟောင်းနေရာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဘဏ္ဍာရေး အကူအညီလည်း ရရှိမည်ဖြစ်သည်။

မေဂျီခေတ် စက်မှုလုပ်ငန်းများ တည်ရာနယ်မြေများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းခြင်းမပြုရန် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့က အစောပိုင်းတွင် ကန့်ကွက်ပြောကြားခဲ့ကြသည်။ ၂၀ ရာစု အစောပိုင်းက ဂျပန်စစ်တပ်၏ လုပ်ရပ်များကို အကြောင်းပြကာ ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ **ရိုက်တာ။**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား သြစတြေးလျအမျိုးသားတက္ကသိုလ်မှ ညီအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် သြစတြေးလျနိုင်ငံ Australian National University (ANU), Southeast Asian Studies မှ Professor Andrew Walker ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် Australian National University (ANU), Southeast Asian Studies မှ Professor Andrew Walker နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်ကျောင်းသားများက မြန်မာလွှတ်တော်နှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ရှမ်း(တောင်)စက်သုံးဆီကုန်သည်အသင်း ညှိနှိုင်းစည်းဝေး

တောင်ကြီး ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) စက်သုံးဆီကုန်သည်အသင်း၏ ပထမအကြိမ် အသင်းသားစုံညီညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တောင်ကြီးဟိုတယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွှန့်က ပုဂ္ဂလိကအခန်းကဏ္ဍခိုင်မာစွာဖွံ့ဖြိုးရေးအတွက် အသင်းအဖွဲ့များ၏ ပါဝင်မှုသည် အရေးပါကြောင်း၊ စက်သုံးဆီအသင်းအနေဖြင့်လည်း ညီနောင်အသင်းများနှင့်အတူ လက်တွဲဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးရုံးမှ ဦးစီးတင့်က စက်သုံးဆီအရောင်းဆိုင်များ လျှောက်ထားရာတွင် မြို့တွင်း၊ မြို့ပြင်၊ အဝေးပြေးအရောင်းဆိုင်များဖွင့်လှစ်ခွင့် သတ်မှတ်ထားသည့် အချက်အလက်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လိုင်စင်ကျပြီး ၉၅ ဆိုင်၊ လိုင်စင်စောင့်ဆဲ လေးဆိုင်ရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးစံရွှေ (ရွှေနဂါး စက်သုံးဆီ)နှင့် ဦးစိုးမောင် (ရွှေတောင်ကြီး စက်သုံးဆီ) တို့က အသင်းဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ချပြဆွေးနွေးရာ တက်ရောက်လာကြသည့် တောင်ကြီး၊ ရွှေညောင်၊ အောင်ပန်း၊ ကလော၊ ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ လွိုင်လင်၊ ဆီဆိုင်မြို့နယ်များမှ လုပ်ငန်းရှင်များက အသင်းရန်ပုံငွေရရှိရေးနှင့် အသင်းမှ ထောက်ပံ့ကူညီပေးရမည့်ကိစ္စများအား ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

ဇူလိုင် ၆ ရက် တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

စဉ်	အမျိုးအစား	ထွက်ရှိရာဒေသ	ယူနစ်	ဈေးကွက်	ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး
၁	ပေါ်ဆန်း(ဆန်)	နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို)	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၃၃၀၀၀ မှ ၄၅၀၀၀
၂	ဇီယာ/ဧည့်မထ(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၇၀၀၀ မှ ၂၀၇၀၀
၃	ငစိန်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၉၅၀၀ မှ ၂၁၀၀၀
၄	မြီးဒုံး(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၇၀၀၀ မှ ၂၉၀၀၀
၅	ဆင်းသွယ်လတ်(ဆန်)		တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၂၁၅၀၀ မှ ၂၂၀၀၀
၆	ကောက်ညှင်း(ဆန်)	ဘိုကလေး	တစ်တင်းခွဲ	ဝါးတန်းလမ်းကုန်စည်ဒိုင်	၁၈၅၀၀ မှ ၂၃၀၀၀
၇	မတ်ပဲ (FAQ)(ပဲ)		တစ်တန်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၂၈၃၀၀၀
၈	ပဲတီစိမ်း(ပဲ)	နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ)	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၁၁၅၀၀ မှ ၁၃၆၀၀
၉	စွန်တာ (ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၉၀၀ မှ ၅၁၀၀
၁၀	ထောပတ်(ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၅၀၀ မှ ၅၅၀၀
၁၁	ပဲကြီး(ပဲ)	ကုန်း၊ ရွှေကွန်း	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၆၈၀၀ မှ ၈၅၀၀
၁၂	ပြောင်းဆန်		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၈၅၀
၁၃	ပဲလွမ်းဖြူ (ပဲ)	ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ်	တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၇၃၀၀ မှ ၈၁၀၀
၁၄	ဗိုလ်ကိတ်(ပဲ)		တစ်အိတ်	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၉၀၀ မှ ၅၅၀၀
၁၅	နှမ်းနက် စမုံ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၈၅၀၀ မှ ၁၉၅၀၀
၁၆	နှမ်းညိုရောင်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၈၁၀၀ မှ ၈၃၀၀
၁၇	ပန်းနှမ်း(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၈၈၀၀ မှ ၉၀၀၀
၁၈	နှမ်းဖြူ(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၀၀၀၀ မှ ၁၀၈၀၀
၁၉	နှမ်းနက်(နှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၁၂၀၀၀ မှ ၁၅၀၀၀
၂၀	ကြက်သွန်နီ	ဆိပ်ဖြူ၊ မြင်းခြံမိတ္ထီလာ	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၃၅ မှ ၇၁၅
၂၁	ကြက်သွန်ဖြူ	ကြူကုတ်	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၂၅ မှ ၂၀၇၅
၂၂	ကြက်သွန်ဖြူ	အောင်ပန်း	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၂၀၀၀ မှ ၂၆၅၀
၂၃	ပဲပုပ်(ရှမ်း)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၄၂၀၀၀ မှ ၄၆၀၀၀
၂၄	ပဲပုပ်(ဗမာ)		တစ်အိတ်	မန္တလေးကုန်စည်ဒိုင်	၄၉၀၀၀ မှ ၄၉၅၀၀
၂၅	အာလူး	ဟဲဟိုး	တစ်ပိဿာ	ဘုရင့်နောင်ကုန်စည်ဒိုင်	၄၀၀ မှ ၈၆၀
	လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။				

မဲစာရင်းမှန်ကန်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအား ပြည်သူလူထုသို့ ရှင်းလင်းအသိပေးခြင်း

နေပြည်တော် ဇူလိုင် ၆

၁။ ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးပါသော ရွေးကောက်ပွဲဖြစ်ပြီး ပြည်တွင်း ပြည်ပလေ့လာသူများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိကြပါသည်။ ယင်းရွေးကောက်ပွဲများတွင် ဥပဒေနှင့်ညီညွတ်သော မဲဆန္ဒရှင်အားလုံး မဲပေးနိုင်ရေးနှင့် အားလုံးပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲစာရင်းဆိုသည်မှာ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ (ည)အရ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ဆိုပါသည်။ ယင်းဥပဒေ ပုဒ်မ ၁၃၊ ၁၄ နှင့်အညီ နည်းဥပဒေ ၄၊ ၅၊ ၆ တို့အရ မဲစာရင်းကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက ပြုစုကြခြင်းဖြစ်ပြီး မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့်လူဦးရေ(မသန်စွမ်းသူများအပါအဝင်)စာရင်းကို ရယူအခြေခံပြီး ပြုစုရခြင်းဖြစ်ပါသည်။ ယင်းဥပဒေ ပုဒ်မ ၁၆ နှင့် နည်းဥပဒေ ၈ တို့အရ ယင်းသို့ပြုစုထားသည့် မဲစာရင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကြေညာပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံး၌ ရက်သတ်မှတ်၍ တရားဝင်ထုတ်ပြန်ကြေညာရပါမည်။ ထိုသို့ကြေညာထားသည့်အချိန်တွင် (၁၄)ရက်အတွင်း မိမိအမည် ပါဝင်ခြင်းရှိ၊ မရှိ လာရောက်ကြည့်ရှုရန်တာဝန်ရှိပြီး မဲစာရင်းမပါသူများက ပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုသူများက ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အလက်ပြင်ဆင်လိုသူများက ပုံစံ(၄-ဂ)ဖြင့် လည်းကောင်း တင်ပြဆောင်ရွက်နိုင်ကြောင်း ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၇ နှင့် နည်းဥပဒေ ၉၊ ၁၁ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၁၂ တို့အရ မြို့နယ်သို့လည်း အယူခံဝင်ခွင့်ပေးထားပါသည်။ ယင်းသို့ဆောင်ရွက်ပြီးမှသာ အတည်ပြုပြီးသည့် မဲစာရင်းရရှိပါသည်။

၃။ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံများအရ ဖော်ပြပါအတိုင်း မဲစာရင်းထုတ်ပြန်ကြေညာပြီး နောက်ပိုင်းတွင်မှ မဲစာရင်းတွင် ချို့ယွင်းအားနည်းချက်များရှိကြောင်း တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုမရှိသော စာရင်းဇယားများအား အခြေခံကောက်ယူခြင်း၊ မဲစာရင်းလာရောက်မကြည့်ရှုခြင်း၊ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်ခြင်းတို့တွင် ပြည်သူလူထုအတွက် အချိန်မလုံလောက်သောကြောင့် ချို့ယွင်းအားနည်းခဲ့ရသည်ဟု ကော်မရှင်ကသုံးသပ်ရရှိပါသည်။ အဆိုပါ ချို့ယွင်းအားနည်းချက်သည် ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်ပါသည်။

၄။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည့်စုံမှန်ကန်သောမဲစာရင်းရရှိစေရေးအတွက် ရည်ရွယ်ပြီး ကြိုတင်ဆောင်ရွက်သည့်စီမံချက်တစ်ရပ်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်အရ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် မတူညီသော ဒေသများရှိ မြို့နယ်သုံးမြို့နယ်၌ ရှေ့ပြေးစမ်းသပ်မှုလုပ်ဆောင်ခဲ့ပြီး အတွေ့အကြုံများကိုသုံးသပ်ကာ တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ အဆင့်လေးဆင့်ဖြင့်မဲစာရင်းပြုစုကြောင်းပေးပါသည်။ လုပ်ငန်းစဉ်၏ရည်ရွယ်ချက်မှာ မဲဆန္ဒရှင်ပြည်သူလူထု၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ပူးပေါင်းကူညီမှုဖြင့် မဲဆန္ဒရှင်များက မဲစာရင်းကိုကြည့်ရှုပြီး မှားယွင်းချက်၊ လိုအပ်ချက်များကို အချိန်မီပြုပြင်ကာ ယာယီမဲစာရင်းအမှန်ဖြစ်ပေါ်လာစေရေးဖြစ်ပါသည်။

၅။ ယခုအခါတွင် တစ်နိုင်ငံလုံးအဆင့်အခြေခံမဲစာရင်းများကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ပြည်သူလူထုအချို့က မဲစာရင်းလာရောက်ကြည့်ရှုကာ တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများဆောင်ရွက်နေသည်ကိုတွေ့မြင်ရပါသည်။ ဥပမာအားဖြင့် နေပြည်တော် ရှစ်မြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း ၆၁၄၈၂၆ ယောက်ရှိသည့်အနက် မှတ်တမ်းများအရ အောက်ပါအတိုင်းသိရပါသည်-

(က) မဲစာရင်းလာရောက်ကြည့်ရှုသူ -၂၀၈၂၉၅ ယောက် (၃၃ ဒသမ ၈၇ ရာခိုင်နှုန်း)၊
(ခ) ဖြည့်စွက်ပေးရန်တောင်းဆိုသူ - ၁၃၀၁၇ ယောက် (၆ ဒသမ ၂ ရာခိုင်နှုန်း)၊
(ဂ) ကန့်ကွက်သူ - ၄၇၂၆ ယောက် (၂ ဒသမ ၂ ရာခိုင်နှုန်း)၊
(ဃ) ပြင်ဆင်ပေးရန်တောင်းဆိုသူ - ၁၂၃၇၀ ယောက် (၅ ဒသမ ၉ ရာခိုင်နှုန်း)တို့ဖြစ်ပါသည်။

၆။ အချို့သော မီဒီယာများ၌ အခြေခံမဲစာရင်းများတွင် ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်အထိ မှားယွင်းနေကြောင်း တိကျသောကိန်းဂဏန်းမဖော်ပြဘဲ ဝေဖန်ပြောဆိုမှုများလည်း ရှိနေကြောင်း တွေ့ရပါသည်။ ကော်မရှင်၏ လေ့လာဆန်းစစ်ချက်အရ အထက်အပိုဒ် ၅ ပါ အတိုင်း ချို့ယွင်းအားနည်းချက်အချို့ရှိနေသော်လည်း မဲဆန္ဒရှင်ပြည်သူများနှင့်အဖွဲ့အစည်းအချို့၏ အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုများကြောင့် အချိန်မီယာယီမဲစာရင်းအမှန်ရရှိမည်ဟုယုံကြည်ပါသည်။

၇။ မဲစာရင်းတွင်မှားယွင်းမှုရှိသည်ဟုဆိုရာ၌ ဥပဒေကြောင်းအရ မဲပေးပိုင်ခွင့်ရှိသူများကျန်ခဲ့ခြင်းသည် မဲပေးခွင့်ကို ထိခိုက်ဆုံးရှုံးခြင်းဖြစ်ပြီး မပါသင့်သူများ(ကွယ်လွန်၊ထောင်ကျ) ပါဝင်နေခြင်းတို့သည် မဲပေးခွင့်ကိုအသုံးချသွားနိုင်ပါသည်။ သာမန်အားဖြင့် အမည်၊ မှတ်ပုံတင်၊ မွေးလ၊ မွေးရက် မှားယွင်းချို့ယွင်းမှုများမှာ မဲပေးပိုင်ခွင့်ကိုထိခိုက်စေမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေ အချိန်မီပူးပေါင်းပြင်ဆင်ခြင်းဖြင့် မဲစာရင်းအမှန်ကိုရရှိနိုင်မည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲဥပဒေများအရ တရားဝင်မဲစာရင်းထုတ်ပြန်ကြေညာခြင်းမပြုမီ ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး တရားဝင်မဲစာရင်းထုတ်ပြန်ချိန်တွင်လည်း မဲစာရင်းကြည့်ရှုခွင့်၊ တောင်းဆိုခွင့်၊ ပြင်ဆင်ခွင့်၊ ကန့်ကွက်ခွင့်များ ရရှိဦးမည်ဖြစ်ပါသည်။ ယခုကြေညာထားသည့် အခြေခံမဲစာရင်းအပေါ်၌လည်း တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်မှုများပြုလိုပါက သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ မဲဆန္ဒရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် အပြုသဘောဆောင်သောပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွှေသန်လျင်ခြင်းရုံ ဝါဆိုခြင်းပွဲတော်ကျင်းပ

သန်လျင် ဇူလိုင် ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရွှေသန်လျင်အပျော်တမ်းခြင်းရုံ၏ စတုတ္ထအကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါခြင်းရုံ၌ စတင်ကျင်းပသည်။

ရွှေသန်လျင် အပျော်တမ်းခြင်းရုံ၏ စတုတ္ထအကြိမ် ဝါဆိုခြင်းပွဲတော်ကို အပတ်စဉ် (စနေ၊ တနင်္ဂနွေရက်များ) မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ တစ်ရက်လျှင် အသင်းပေါင်း ၁၂ သင်းကျ ခတ်ကစားကြသည်။

ဝါဆိုလပြည့်နေ့တွင် ခြင်းအဖွဲ့ပေါင်းစုံက ဆရာတော်၊ သံယာတော်များအား ဝါဆိုသက်နံ့များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်ငွေ(သန်လျင်)**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကျင်းပမည်

နေပြည်တော် ဇူလိုင် ၆

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဌမအစည်းအဝေးကို ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက်၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉၊ ၂၀၊ ၂၁၊ ၂၂ ရက် (တနင်္ဂနွေ၊ တနလာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး)နေ့များတွင် အကြိုညီနှိုင်းအစည်းအဝေးနှင့် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၈ ရက်၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်၊ ၂၄ ရက် (ကြာသပတေး၊ သောကြာ)နေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက် စနေနေ့အရောက် ကြွတော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ပြန်ခဲ့သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၆

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားကို ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ထုတ်သတင်းစာများ၌လည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ထုတ်ပြန်ခဲ့သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့်အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ထုတ်ပြန်သည့်နေ့ရက်မှ ၁၃-၇-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီထံ ပေးပို့နိုင်ပါကြောင်းနှင့်မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါကြောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ထပ်မံ၍ အသိပေးကြေညာထားသည်။

(ကြေးမုံ)

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများနေသော်လည်း ကုသသည့်အရည်အသွေးမြင့်မားမှုကြောင့် သေဆုံးသူလျော့နည်းလျက်ရှိပါတယ်

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဝင်းနိုင်

မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါထူးကဲစွာဖြစ်ပွားမှုအခြေအနေကို ကာကွယ်ထိန်းချုပ်ရန်အတွက် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိရာတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် လုပ်ဆောင်နေသည့်လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး။ ။သွေးလွန်တုပ်ကွေးရောဂါ ယခုအချိန်မှာ အဖြစ်များနေတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့မန္တလေး တိုင်းဒေသကြီးမှာ ဘယ်လိုကာကွယ်ထိန်းချုပ်မှုတွေ ဆောင်ရွက်နေပါသလဲခင်ဗျာ။

ဖြေ။ ။သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတွေဟာ ရာသီဥတုပြောင်းလဲမှုတွေနဲ့ သက်ဆိုင်တယ်။ ဒီရောဂါက မြန်မာပြည်ကိုရောက်တာ နှစ်ပေါင်း ၅၀ ရှိပြီ။ ၁၉၆၅ခုနှစ်မှာ ရန်ကုန်ကိုစရောက်ပြီး မြန်မာပြည်အနှံ့ပြန့်ပွားခဲ့ပါတယ်။ သွေးလွန်တုပ်ကွေးမဖြစ်တဲ့နေရာဆိုလို့ ချင်းပြည်နယ်တစ်ခုပဲရှိပါတယ်။ မနှစ်ကစာရင်းအရ ဖြစ်ပွားမှု၂၂၀၀ ကျော်လောက်ရှိပြီး သေဆုံးသူ ၂၀ရှိခဲ့ပါတယ်။ ရာသီဥတုတွေပြောင်းလဲလာသလို ခြင်တွေလည်းပေါက်ပွားမှုနှုန်းမြန်လာတယ်။ မြန်မာနိုင်ငံမှာသာမက အရှေ့တောင်အာရှမှာ စင်ကာပူ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတွေမှာလည်း ဖြစ်ပွားနေကြတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို မန္တလေးတိုင်းဒေသကြီးအနေနဲ့တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ် အဆင့်အလိုက် စီမံချက်တွေချမှတ်ဆောင်ရွက်နေပါတယ်။ ယခုတလော ဂျာနယ်တွေ၊ သတင်းစာတွေမှာ ဖြစ်ပွားမှုများပြားနေကြောင်း ရေးသားနေကြတာတွေ့ရပါတယ်။ ကျွန်တော်တို့က အခုသတင်းစာကနေ အသိပေးချင်တာကတော့ မန္တလေးတိုင်းဒေသကြီးမှာလည်း ဒီနှစ်ဖြစ်ပွားနေတာတွေ ရှိပါတယ်။ ကာကွယ်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြင့်ဆောင်ရွက်ဖို့ မြို့တော်စည်ပင်၊ အထွေထွေအုပ်ချုပ်ရေးမှူးတွေ၊ခရိုင်နဲ့ မြို့နယ်ကျန်းမာရေးဦးစီးမှူးတွေနဲ့ စီမံချက်တွေရေးဆွဲဆောင်ရွက်နေကြပါတယ်။ မြို့နယ်အလိုက် ရပ်ကွက်တွေမှာ ဖုံး၊သွန်၊လဲ၊စစ်တွေကို သောကြာနေ့တိုင်း စီမံချက်ချဆောင်ရွက်နေရင်းကနေ ဖြစ်ပွားမှုများနေတဲ့အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ရော၊ လူမှုရေးဝန်ကြီးကပါ သေသေချာချာဆောင်ရွက်ဖို့လမ်းညွှန်ထားတာရှိပါတယ်။ အဲဒီအပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း စီမံချက်တွေချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ဘာကြောင့် ဖြစ်ပွားမှုများနေသလဲဆိုရင် သွေးလွန်တုပ်ကွေးဖြစ်တယ်ဆိုတာ ခြင်ကျားကိုက်လို့ပါ။ဆေးမှတ်တာတစ်ခုတည်းနဲ့ နှိမ်နင်းလို့မရပါဘူး။ ဆေးမှတ်တာက ခြင်နဲ့ဆေးနဲ့တွေ့ပြီး ခြင်သေသွားပေမယ့် ခြင်ပေါက်နိုင်တဲ့ ရေကြည်၊ ရေသန့်နေရာတွေဖြစ်တဲ့ တာယာအဟောင်းတွေ၊ ခွက်တွေ၊ ဘူးခွံတွေကနေပေါက်ပွားလာတာရှိနေဆဲပါ။ ထူးဆန်းတာက သွေးလွန်တုပ်ကွေးခြင်တစ်ကောင်က ဥ ဥခဲ့တယ်ဆိုရင် သူကသေသွားပေမယ့် အဲဒီဥထဲမှာသွေးလွန်တုပ်ကွေးပိုးကပါသွားတယ်။ အဲဒီဥက ပေါက်လာရင်လည်း အဲဒီခြင်ကသွေးလွန်တုပ်ကွေးပါတဲ့ခြင် ဖြစ်လာပါတယ်။ သွေးလွန်တုပ်ကွေးပိုးကအဲဒီလိုမျိုးကို ပြင်းထန်ပါတယ်။ ဒါကြောင့် ခြင်ကိုဆေးမှုတ်ရုံတင်မက ဖုံး၊ သွန်၊ လဲ၊ စစ်တို့၊ မြောင်းဖော်တာတို့၊ တာယာအဟောင်းတွေမြေမြှုပ်တာတို့ဆောင်ရွက်ပြီး ရေကြည် ရေသန့်လှောင်ထားရင်လည်း ဖုံးထားမယ်၊ ညောင်ရေအိုးတွေကို သွန်တာ၊ ရေလဲတာတွေလုပ်မယ်။ တချို့ရေရှားတဲ့နေရာတွေမှာ ပိုးလောက်လမ်းပါ မပါရေကိုစစ်ပြီးသုံးရပါမယ်။ ပိုးလောက်လမ်းမပေါက်အောင် အဘိတ်ဆေးခတ်တဲ့ လုပ်ငန်းကိုဆောင်ရွက်နေပါတယ်။ အခုဆိုရင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေးဌာန) ကိုယ်တိုင် ညွှန်ကြားချက်ရှစ်ချက် ထုတ်ထားပါတယ်။ ဒီညွှန်ကြားချက်တွေထဲမှာ နံနက်တိုင်း ၇ နာရီဆိုဆေးရုံတွေကိုသွားပြီး လူနာစာရင်းယူမယ်။ ဖြစ်ပွားတဲ့လူနာတွေ့ရင် သက်ဆိုင်ရာမြို့နယ်က ကျန်းမာရေးဝန်ထမ်းဆီကို ၉ နာရီအရောက် သတင်းပို့မယ်။ အဲဒီဝန်ထမ်းကဖြစ်ပွားတဲ့အိမ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအဖွဲ့တွေနဲ့သွားရောက်ပြီး ခြင်ဆေးမှုတ်မယ်။ ပိုးလောက်လမ်းမပေါက်အောင် အဘိတ်ဆေးခတ်မယ်။ အဲဒီအိမ်နဲ့ မီတာ ၁၀၀ ပတ်ဝန်းကျင်မှာရှိတဲ့အိမ်တွေကိုပါ ဆေးမှုတ်တာ၊ အဘိတ်ဆေးခတ်တာတွေလုပ်မယ်။ဒီလိုဆောင်ရွက်တာဟာ လူနာတစ်ယောက်တွေ့ရင် လူ၁၀၀ ကိုကာကွယ်ရေးလုပ်ငန်းတွေ ဆက်လုပ်သွားတဲ့သဘောပါ။ နောက်ပြီး ကျွန်တော်တို့လုပ်တာက မန္တလေးတိုင်းဒေသကြီးမှာ ဖြစ်ပွားမှုကို နေ့စဉ်အစီရင်ခံစာတင်ပါတယ်။ လက်ရှိအခြေအနေမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားသူပေါင်း ၁၃၅၄ ဦး ရှိပြီး ခြောက်ဦးသေဆုံးခဲ့ပါတယ်။ သေဆုံးသူတွေကတော့ မန္တလေးခရိုင်မှာမရှိပါဘူး။ ကျောက်ဆည်ခရိုင်အနေနဲ့ မြစ်သားနဲ့စဉ့်ကိုင်မှာ တစ်ဦးစီ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှာ နှစ်ဦး၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှာ နှစ်ဦး စုစုပေါင်း ခြောက်ဦးဖြစ်ပါတယ်။ သေဆုံးတာကလည်း ဆေးရုံကိုပို့ဆောင်တာ နောက်ကျလို့ပါ။ သက်ဆိုင်ရာကလေးဆေးရုံတွေကိုရောက်ရှိတာနဲ့ အလျင်အမြန်ကုသပေးရုံမက ကုသတဲ့အရည်အသွေးကလည်း မြင့်မားတဲ့အတွက် သေဆုံးမှုတွေလျော့နည်းသွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ဖြစ်ပွားတဲ့ ကလေးတွေကို ကိုယ့်သား သမီး ရင်သွေးတွေလိုပဲခံစားပြီး ကုသပေးပါတယ်။ ဒီရောဂါကြောင့် တစ်ယောက်သေဆုံးရင်မိသားစုတွေမှာ ၁၀၀ ရာခိုင်နှုန်းဆုံးရှုံးသွားတာဖြစ်လို့ ဒီရောဂါကို ကလေးတွေမှာ မဖြစ်စေချင်ပါဘူး။

မေး။ ။လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကို သိပါရစေခင်ဗျာ။

ဖြေ။ ။ဖုံး၊သွန်၊လဲ၊စစ်တွေပုံမှန်လုပ်မယ်။ ခြင်လောက်လမ်းတွေမပေါက်အောင် ဆောင်ရွက်ရမယ်။ ယခုဆောင်ရွက်မယ့်အစီအစဉ်မှာ ပါဝင်နေတာကတော့ ကျောင်းတွေမှာ ကျောင်းသားတွေကို ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်မယ်။ မန္တလေးမြို့မှာ ခြင်မရှိအောင် လုပ်ချင်တယ်။ ပတ်ဝန်းကျင်မှာ ခြင်ရယ်၊ ယင်ကောင်ရယ်၊ ကြွက်ရယ်က နှိမ်နင်းရအခက်ဆုံးပါပဲ။ ခြင်အမျိုးအစားကလည်း တော်တော်များပါတယ်။ မြောင်းတွေမှာရေစီးရေလာကောင်းအောင် မြို့တော်စည်ပင်က နေ့စဉ်ဆောင်ရွက်နေပါပြီ။ အိုးကွဲ၊ ပုလင်းကွဲ၊ နွားစားခွက်တွေထဲမှာ ရေကြည်ရေသန့်တွေရှိနေတာကို နှိမ်နင်းဖို့ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါပြီ။ ခြင်ကျားကင်းစင်အောင်လို့ ကျောင်းတွေကို ခြင်ကျားကင်းစင်ကျောင်းဖြစ်အောင်ဆောင်ရွက်နေပါတယ်။ ခြင်ကျားကင်းစင်တဲ့အိမ်ဖြစ်ဖို့ကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေနဲ့တင်မလုံလောက်ပါဘူး။ ဆယ်အိမ်စုကျန်းမာရေးလုပ်သားတွေ၊ ဆယ်အိမ်စုမှူးတွေ၊ ဆယ်အိမ်စုမိခင်နဲ့ကလေးစောင့်ရှောက်ရေးအဖွဲ့တွေ စသဖြင့် ပူးပေါင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တကယ်လုပ်မှ ဖြစ်မှာပါ။ သွေးလွန်တုပ်ကွေးကို နေ့စဉ်နှိမ်နင်းနေရမယ်။ ပြင်ပဆေးကုခန်းတွေ၊ ကလေးအထူးကုဆရာဝန်တွေနဲ့တွေ့ဆုံပြီး ပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပါပြီ။

မေး။ ။ယခင်နှစ်ထက်ဖြစ်ပွားမှုအခြေအနေဘယ်လိုရှိပါသလဲခင်ဗျာ။

ဖြေ။ ။မနှစ်ကတော့ ၂၂၀၀လောက်ဖြစ်ပွားပြီး သေဆုံးတဲ့သူကတော့ ၂၀ ပါ။ ယခုနှစ်မှာတော့ ၁၃၅၄ ဦး ဖြစ်ပွားပြီး ခြောက်ဦးသေဆုံးတယ်ဆိုတော့ သေဆုံးမှုက လူနာ ၁၀၀ မှာ တစ်ရာခိုင်နှုန်းအောက်ရှိတယ်လို့ ပြောလို့ရပါတယ်။ ခုတင်၅၅၀ဆေးရုံကိုသာ စောစောစီးစီးရောက်လာရင် ဆရာဝန်ကြီးတွေကနိုင်နင်းစွာကုသနိုင်ပါတယ်။

မေး။ ။အကြံပေးစကားလေးပြောကြားပေးပါဦး။

ဖြေ။ ။သွေးလွန်တုပ်ကွေးရောဂါက နိုင်ငံတကာအနှံ့အပြားမှာ ဖြစ်ပွားနေတဲ့ရောဂါဖြစ်ပါတယ်။ အလျှုရှင်တွေအနေနဲ့က ၄ှက်ဖျား၊ တီဘီနဲ့အေအိုင်ဒီအက်စ်တို့ကိုပဲ အာရုံစိုက်နေကြပါတယ်။ သွေးလွန်တုပ်ကွေးကိုတော့ စိတ်ဝင်စားမှု မရှိကြသေးပါဘူး။ ကိုယ့်နိုင်ငံမှာဖြစ်ပွားတာဆိုတော့ ကျန်းမာရေးဝန်ကြီးဌာနကကျန်းမာရေးဝန်ထမ်းတွေနဲ့ပဲ အားကြိုးမာန်တက် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ပညာရှင်ပိုင်းအနေနဲ့ ခြင်တွေကိုသုတေသနလုပ်ရမယ်။ ကုသရေးပိုင်းတိုးတက်အောင် လိုအပ်တာတွေကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာလူ ၁၀၀ ဖြစ်ပွားတယ်ဆိုရင် ရောဂါပြင်းပြင်းထန်ထန်ခံစားရတဲ့ သူက ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။ သွေးလွန်တုပ်ကွေးပိုင်းရပ်စ်က လေးမျိုးရှိပါတယ်။တစ်ခုဖြစ်ပြီးရင်နောက်ထပ်မဖြစ်တော့ဘူးလို့ပြောလို့မရပါဘူး။ ဒုတိယအကြိမ်ဖြစ်ရင် သွေးလွန်တုပ်ကွေးဟာ ပိုပြီးဂရုစိုက်ရပါမယ်။ နေ့ဘက်မှာ ကိုက်တဲ့ခြင်ကျားကနေ သွေးလွန်တုပ်ကွေးဖြစ်တာဆိုတော့ နေ့ဘက်အိပ်ရင်ခြင်ထောင်နဲ့ သိပ်ရပါမယ်။ အရင်ကတစ်နှစ်အောက်ကလေးတွေ မဖြစ်ဘူး။ ၁၅ နှစ်အောက်ကလေးတွေပဲဖြစ်တယ်။ လူကြီးတွေမဖြစ်ဘူးဆိုပြီးပြောနေကြပေမယ့် အခုအချိန်မှာတော့တစ်နှစ်အောက်ကလေးတွေရော အသက်ကြီးတဲ့သူတွေမှာပါ ဖြစ်နေတာတွေ့ရပါတယ်။ ဒါကြောင့် ဝိုင်းပြီးဂရုစိုက်ရမှာပါ။ ခြင်ကိုက်မခံရအောင် စုပေါင်းလုပ်တာရှိတယ်။ တစ်ဦးချင်းကာကွယ်တာရှိတယ်။ တစ်ဦးချင်း ကာကွယ်တဲ့အနေနဲ့ ဆေးရည်စိမ်ခြင်ထောင်ကို စနစ်တကျ စိမ်ပြီးအိပ်တဲ့အကျင့်ကိုလုပ်ရပါမယ်။ စုပေါင်းကာကွယ်တဲ့နည်းကတော့ ခြင်ပေါက်ပွားမှု ကင်းစင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ကျန်းမာရေးဌာနတွေ၊ သက်ဆိုင်ရာဌာနတွေနဲ့အတူ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်လို့ အကြံပြုပြောကြားလိုပါတယ်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ထားဝယ်မှ ထိုင်းနိုင်ငံသို့ ဆက်သွယ်ပေးမည့်လမ်းပိုင်း လာမည့်နှစ်တွင် စတင်မည်

ရန်ကုန် ဇူလိုင် ၆

ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်စပ်လျဉ်း၍ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် မြန်မာနိုင်ငံသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ပထမအဆင့်အနေဖြင့် ထားဝယ်မှ ထိုင်းနိုင်ငံ ကန်ချာနာဘူရီပြည်နယ်သို့ ဆက်သွယ်ပေးမည့် ၁၃၈ ကီလိုမီတာ ကွာဝေးသည့် လမ်းပိုင်းကိုလည်း လာမည့်နှစ်တွင် စတင်မည်ဖြစ်ရာ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့်လည်း ချိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း Lloyd's Loading List.com က ဇူလိုင် ၆ ရက် သတင်းတွင်ဖော်ပြထားသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းသည် နောက်ပိုင်းတွင် တစ်နှစ်လျှင် ကုန်စည်တန်ချိန်သန်းပေါင်း ၂၅၀ အထိ တိုးချဲ့နိုင်လိမ့်မည်ဟုလည်း မြန်မာ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့က မျှော်လင့်ထားသည်။ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ထားဝယ်အထူးစီးပွားရေးဇုန်သည် ကမ္ဘာ့ကုန်စည်ဖြန့်ဖြူးရေးဗဟိုဌာနသစ်တစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပြောကြားခဲ့သည်။ ထားဝယ်အထူးစီးပွားရေးဇုန်မှ တစ်ဆင့် အိန္ဒိယ၊ အရှေ့အလယ်ပိုင်း စသည့်ဒေသများသို့လည်း ကုန်စည်များ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဌေးကြယ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း တစ်နှစ်လျှင် ဆေးရုံအသစ် ၅၁ ရုံ ဖွင့်လှစ်ရန် လျာထား

နေပြည်တော် ဇူလိုင် ၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကျန်းမာရေးကဏ္ဍ ဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **တိုင်းရင်းဆေးပညာရှင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတာဝန်များအထိ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းတာဝန်များတွင် တိုင်းရင်းဆေးပညာရှင်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုသရေးလုပ်ငန်းများသာမက စီမံခန့်ခွဲရေးလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ၊ ဆေးရုံလုပ်ငန်းများ၊ စက်ရုံလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ၊ ဥယျာဉ်လုပ်ငန်းများပါဝင်နေပြီး ၎င်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် တိုင်းရင်းဆေးပညာရှင်မဟုတ်သည့် ကျွမ်းကျင်သူပညာရှင်များ လည်း လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် တိုင်းရင်းဆေးပညာဦးစီးဌာနကို ဦးဆောင်ဦးရွက်ပြုလုပ်မည့် သူအနေဖြင့် အဆိုပါလုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျွမ်းကျင်ကျင်၊ နှံ့နှံ့စပ်စပ် သိနားလည်ပြီး လမ်းညွှန်မှုပြုပေးနိုင်ရန် လိုအပ်သည့်အတွက် နောင်အနာဂတ် ကာလတွင် တိုင်းရင်းဆေးပညာရှင်ထဲမှ အဆိုပါလုပ်ငန်းနယ်ပယ်များကို တတ်သိနားလည်၍ ဦးဆောင်ဦးရွက်ပြုနိုင်မည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာ သည့်အချိန်တွင် တာဝန်များအဆင့်ဆင့်တိုးမြှင့်ပေးနိုင်ရန် စဉ်းစားဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၏ **ကြို့ပင်ကောက်မြို့နယ် မြို့နယ်**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး။

ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆုံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လယ်တီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆုံ့ တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ခုတင် (၅၀)ဆုံ့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆုံ့သို့ တိုးမြှင့်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနက တိုးခဲ့ဆောက်လုပ်မည့် အဆောက်အအုံများအတွက် မြေနေရာလုံလောက်မှု ရှိ၊ မရှိ၊ အဆောက်အအုံထပ်မံဆောက်လုပ်ရန် လိုအပ်ချက် ရှိ၊ မရှိနှင့် နယ်မြေ ဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ်လိုအပ်မှု ရှိ/မရှိတို့ကို စိစစ်ပြန်ကြားပေးရန် ညွှန်ကြားထားပါကြောင်းနှင့် သဘောတူညီချက်ရရှိပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနတို့မှ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် လယ်တီကျေးလက်ကျန်းမာ ရေးဌာနသည် ကြို့ပင်ကောက်မြို့နယ်ဆေးရုံနှင့် ၉ မိုင် ၃ ဖာလုံ၊ အလယ်ကုန်း တိုက်နယ်ဆေးရုံနှင့် ၁၈ မိုင် ကွာဝေးပါကြောင်း၊ ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း တစ်နှစ်လျှင် ဆေးရုံအသစ် ၅၁ ရုံ ဖွင့်လှစ်ရန်လျာထားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်၌ တိုက်နယ်ဆေးရုံ ၆ ရုံဖွင့်လှစ်ရန် လျာထားခဲ့ပါကြောင်း၊ ကြို့ပင် ကောက်မြို့နယ် လယ်တီကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံ အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မော်တော်ယာဉ် ဥပဒေကြမ်း**၊ ဘဏ္ဍာရေးဝန်ကြီးဌာနကတင်သွင်းသည့် **ပင်စင်အက် ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်း**၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ရာဇဝတ် ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာများကိုဖတ်ကြားပြီး ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဘီအီးဒီ ငါးနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ်ပြောင်းလဲပေးရန်အစီအစဉ်နှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၆

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၏ **တွံတေးမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေ လုပ်ငန်းရှင်များအား ငါးအစာတောင့် အကြွေးမကျေ၍ ယခင်တရားမကြောင်း နှင့် စွဲဆိုထားခဲ့ရာမှ ယခုအရေးယူ ထားသော အပက(၃)ပုဒ်မအား အခြားပုဒ်မတစ်ခုသို့ သက်ညာစွာ ပြောင်းလဲပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်က တရားရုံးတွင် တရားစွဲတင်ပြီးနောက် ကြွေးမြီ အပြေအကျေပေးဆပ်ပါက အမှုကို ရုပ်သိမ်းနိုင်ပါကြောင်း၊ အမှု တစ်ခုချင်း၏ အကြောင်းအခြင်းအရာ၊ ကြွေးကျန်ရှိသည့် ငွေကြေးပမာဏနှင့်

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ။

ကြွေးကျန်လုပ်ငန်းရှင်၏ ပြိုမှုဆောင် ရွက်ချက် စသည့်အချက်များအပေါ် မူတည်၍ သက်ဆိုင်ရာတရားစွဲအဖွဲ့ အစည်းက ငြိစွန်းမှုရှိသည့် ဥပဒေနှင့် တစ်ပြေးညီ ရှင်းလင်းသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆလိုင်းခွဲယန်၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ (၅) နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ် မှတ်ပြောင်းလဲပေးရန်အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များရှိ မိဘနှစ်ပါးစလုံး သည် ပါတီနိုင်ငံရေး ကင်းရှင်းရမည် ဟူသည့်အချက်အား လျှောက်ထား သူသည် ပါတီနိုင်ငံရေးကင်းရှင်းရမည် ဟူ၍လည်းကောင်း၊ အားကစားတစ် မျိုးမျိုးထူးချွန်သူဟူသည့်အချက်အား အားကစားထူးချွန်သူများကို ဦးစား ပေးမည်ဟူ၍ လည်းကောင်း၊ မိဘ နှစ်ပါးစလုံးသည် ဒေသခံဇာတိဖြစ်ရ မည်ဟူသည့်အချက်အား မိဘနှစ်ပါး စလုံးသည် ဒေသတွင် အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်ဟူ၍လည်း မည်ဖြစ်ကြောင်း ရှင်းလင်းသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ (၅) နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ် မှတ်ပြောင်းလဲပေးရန်အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသန့်ရှင်း၏ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးနိုင်ထွန်းအုံ၏ **ကျောင်းအခြေပြု မူကြို (ECD) ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေး ရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက မူကြို ကျောင်း ဖြေလျှော့ပြင်ဆင်သတ်မှတ် ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

ဆရာမများအဖြစ် ခန့်ထားနိုင်ရေး အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးသိန်းလွင်၊ ဗိုလ်မှူး ဝင်းသိန်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က လည်း ကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ကျော်နိုင်ဌေးက လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော် သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်က လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင် ငြိမ်းနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က လည်းကောင်း၊ နေပြည်တော်ကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်သက်မြင့်က လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စား လှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦးက လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး တိုးမင်းထွန်းကလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ကျင်းပသော "အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ"နှင့်စပ်လျဉ်းသည့် အစည်း အဝေးအား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရှိ ရေးရာဆောင်အမှတ် (I-2) ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးပွဲတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်း ရေးမှူး ဦးတင်မောင်ဦးက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက နည်းဥပဒေ၊ နည်းဥပဒေခွဲများပါ အကြောင်းအရာ များကို အပြန်အလှန်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စိုက်ခင်းအတွင်း အသုံးပြုသည့် စက်ယန္တရားများကို လိုက်လံကြည့်ရှုသည်။

စိုက်ခင်းအတွက် ရင်းနှီးထားသည့် အဆင့်မြင့်စက်ယန္တရားများ၏ တန်ဖိုးမှာ ဒေါ်လာ တစ်သန်းခန့်ရှိကြောင်း သိရသည်။

ယင်းစုပေါင်းစိုက်ခင်းနေရာကို လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်ကတည်းက ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ အလုပ်လုပ်ကိုင်ခဲ့ကြကြောင်း၊ ထိုစဉ်က မိုးရာသီတွင် ရေကြီးရေနစ်မြုပ်မှုများစွာ ခံခဲ့ရသော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ပြုပြင်ပြီး နောက်ပိုင်းတွင် ရေနစ်မြုပ်မှုများ မရှိသလောက် နည်းပါးလာခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းစိုက်ခင်းသည် အကျယ်အဝန်းအားဖြင့် ဟက်တာ ၁၅၀ (၃၇၅ ဧက) ရှိပြီး ဒေသခံတောင်သူ လယ်သမားအသင်းသား စုစုပေါင်း ၃၃၈ ဦးက စုပေါင်းထည့်ဝင်ငွေဖြင့် ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဓိက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများမှာ စပါး၊ နေကြာ၊ အသီးအရွက်နှင့် အခြားသီးနှံစုံတို့လည်း ပါဝင်ကြောင်း၊ ရရှိသည့် ဝင်ငွေကို အသင်းသားများ ခွဲဝေယူကြကြောင်း သိရသည်။

ထို့နောက် အိုဆာကာမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး အိုဆာကာဓာတ်ငွေ့ကုမ္ပဏီ အဆင့်မြင့်စွမ်းအင်ကွန်ရက်စီမံကိန်းကို သွားရောက်လေ့လာသည်။

အိုဆာကာဓာတ်ငွေ့ကုမ္ပဏီသည် အိုဆာကာမြို့ အီဝါဆာကီ (Iwasaki) နယ်မြေတွင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးရာတွင် Gas Cogeneration System ကို အသုံးပြုပြီး သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှ ထွက်ရှိလာသော အပူငွေ့အား သတ်မှတ်နယ်မြေအတွင်း လေပူလေအေးပေးရာတွင် အကျိုးရှိစွာ အသုံးချလျက်ရှိသည်။

ထို့ပြင် ဓာတ်အားဖြန့်ဝေသည့် နယ်မြေအတွင်း၌ ဒေသခံပြည်သူများ ဆူနာမီရန်မှ တိမ်းရှောင်ရန် ဘေးကင်းနေရာအဖြစ် သတ်မှတ်ထားသည့် အိုဆာကာ မိုးလုံလေလုံခန်းမ Kyocera Dome Osaka နှင့် AEON စျေးဝယ်စင်တာတို့တွင် သဘာဝဓာတ်ငွေ့နှင့် နေရောင်ခြည်စွမ်းအင်တို့ကိုအသုံးပြုပြီး အရေးပေါ်အခြေအနေတွင် ဓာတ်အားပြတ်လပ်မှု မရှိစေရန် စီမံဆောင်ရွက်ထားသည်။

ယင်းနောက် RIHGA Royal ဟိုတယ်၌ ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များက တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

ကျိုတိုမြို့ အပြင်ဘက်ရှိ ဟိုဂျူစုပေါင်းစိုက်ခင်းကို တွေ့ရစဉ်။

(ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟိုဂျူ စုပေါင်းစိုက်ခင်းအတွင်း အသုံးပြုသည့် စက်ယန္တရားများကို လိုက်လံကြည့်ရှုစဉ်။

(ပြန်/ဆက်)

ဟိုဂျူ စုပေါင်းစိုက်ခင်းအတွင်း အသုံးပြုသည့် စက်ယန္တရားများကို တွေ့ရစဉ်။ (ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟိုဂျူစုပေါင်းစိုက်ခင်းနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးစဉ်။ (ပြန်/ဆက်)

အိုဆာကာမြို့ အီဝါဆာကီနယ်မြေရှိ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ကို တွေ့ရစဉ်။ (ပြန်/ဆက်)



ဗားကရာချောက်အတွင်း ရေလျှံမှုပိုမိုများပြားလာ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ်တို့၌ ဇူလိုင် ၆ ရက် ညနေ ၃ နာရီခွဲခန့်က တစ်နာရီကျော်ကြာ မိုးရွာသွန်းခဲ့မှုကြောင့် ဗားကရာချောက်အတွင်း၌ ရေလျှံမှု ဖြစ်ပွားခဲ့သည်။

အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့ပြီး ၀/ယာမြောင်းများမှတစ်ဆင့် ချောက်အောက်ရှိ မြောင်းကြီး အတွင်းသို့ ရေစီးဝင်မှုမှာ အလွန်ကောင်းခဲ့သည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ်အထိ ချောက်အတွင်း ကားလမ်းပေါ်သို့ ရေလျှံမှုလုံးဝမရှိခဲ့ပေ။

၂၀၁၄ ခုနှစ် မိုးရာသီမှအစပြုကာ ချောက်အတွင်းသို့ ရေစီးဝင်မှုများ အားနည်းခဲ့ပြီး ချောက်ဝဲယာမြောင်းများမှ တစ်ဆင့် ကားလမ်းပေါ်သို့ ရေလျှံမှုများဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရသည်။

ယခုနှစ် မိုးရာသီအစတွင် ချောက်အတွင်းအဝင် ပေါက်များ၌ အမှိုက်များအဝင်နည်းစေရန် အကာအရံများပြုလာမှုကြောင့် မိုးရွာသည်နှင့် မြောင်းအတွင်းမှ ရေစီးနှင့်အတူ မျောပါလာသောအမှိုက်များက အကာအရံများတွင် ပိတ်ဆို့ပြီး မြောင်းရေများက ကားလမ်းပေါ် လျှံတက်လာမှုမှာ ပိုမိုဆိုးရွားလာခဲ့သည်ကို တွေ့မြင်နေရသည်။

သို့ပါ၍ သမိုင်းဝင် ဗားကရာချောက်ကြီးနှင့် လမ်းတို့ မပျက်စီးရေးအတွက် တာဝန်ရှိသူတို့နှင့်အတူ ပြည်သူ အများ ပူးပေါင်းထိန်းသိမ်းရန် လိုအပ်လာပြီဖြစ်ကြောင်း ယင်းနေရာဝန်းကျင်တွင် နေထိုင်သူများက ဆိုသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ချင်းပြည်နယ် မင်းတပ်မြို့နယ် ထင်ချောင်းကျေးရွာ သုံးရာပိုင်စိုက်ကွင်းတွင် မိုးစပါးပုလဲသွယ် မျိုးစေ့ချ သရုပ်ပြပွဲကို ဇူလိုင် ၃ ရက်က ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဖိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မင်းသန့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုကြစဉ်။ ခရိုင်(ပြန်/ဆက်)

လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ညောင်တုန်း ဇူလိုင် ၆

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ စာရေးဆရာ၊ သတင်းစာဆရာ အသင်း၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၄ ရက်က အဆိုပါ စာရေးဆရာအသင်းရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ရွှေ(မောင်နေလင်း-ညောင်တုန်း)က အသင်း၏ လုပ်ငန်းပိုင်းဆိုင်ရာများ၊ တိုင်းဒေသကြီး သတင်းစာအသင်း ညီလာခံသို့ တက်ရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာ အသင်း အတွင်းရေးမှူး ဦးညွန့်ဝိုလ် (သပြေထွန်း)က သတင်းစာဆရာ အသင်း၊ စာရေးဆရာအသင်း၏ စာပေဟောပြောပွဲ ကျင်းပရေးကိစ္စ၊ မြို့နယ်ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု သတင်းများ ရေးသားပေးပို့ရေးနှင့် အသင်း၏ ရှေ့လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက မြို့နယ်မဂ္ဂဇင်း ထုတ်ဝေရေးအတွက် အကြံပြုနိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ပြည်တွင်းရေးရာ

စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့အစည်းတွေကို တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ ဖွဲ့စည်းထားပြီးဖြစ်ရပ်ရှာဒေသ၌ သဘာဝဘေးဆိုင်ရာ အသိပညာများ ပိုမိုတိုးပွားလာမည်

မြန်မာ့သတင်းစဉ်
(သတင်းအဖွဲ့)

လတ်တလောကာလအတွင်း မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူအချို့ရေဘေးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရကာ အိုးအိမ်နှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ရေကြီးရေလျှံမှုဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ကြရသည့် ပြည်သူများအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှုများ၊ ဆောင်ရွက်နေဆဲကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြင်ဆင်ထားရှိမှုအစီအမံများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

(ယမန်နေ့မှအဆက်)

ဒေါ်ဖြူလဲ့လဲ့ထွန်း (ညွှန်ကြားရေးမှူး)
(ကယ်ဆယ်ရေးဌာနခွဲ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

ကျွန်မတို့ ဦးစီးဌာနအနေနဲ့ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ အသိပညာပေးလုပ်ငန်းတွေကို အဓိကဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အပိုင်း နှစ်ပိုင်းနဲ့ ဆောင်ရွက်ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲမှုတွေမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနေတဲ့ အပိုင်းရယ်၊ ပြည်သူတွေ သဘာဝဘေးလျော့ပါးရေးနဲ့ပတ်သက်ပြီး အသိပညာတိုးပွားစေရေးအပိုင်းရယ်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။

စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုတာနဲ့ပတ်သက်ပြီးတော့ ၁၉၇၇ ခုနှစ်လောက်ကစပြီး သင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ စပြီးဖွင့်တုန်းကတော့ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းဆိုပြီးတော့ ဖွင့်ခဲ့တာပါ။ ၂၀၀၈ ခုနှစ် ဆိုင်ကလုန်း နာဂစ်မုန်တိုင်းရဲ့ အတွေ့အကြုံအရ ၂၀၀၈ နောက်ပိုင်းမှာ သင်တန်းတွေကို ပိုမိုတိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေဖွင့်လှစ်တယ်။ အဲဒီသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် နည်းပြသင်တန်းတွေလည်း ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီအချိန်ကနေ အခုထက်ထိ ဖွင့်လှစ်ခဲ့တဲ့ နည်းပြသင်တန်း (၇)ကြိမ်ရှိပါပြီ။

နောက်တစ်ခုက ပြည်သူလူထုဆီကို အသိပညာတွေ ရောက်ရှိဖို့အတွက် ဆွေးနွေးဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေ ပြုလုပ်ရာမှာလည်း ပြည်နယ်/တိုင်းဒေသကြီးတွေမှာရှိတဲ့ ကျွန်မတို့ ရုံးတွေကပဲ ဦးဆောင်ပြီးတော့ ရပ်ကွက်၊ ကျေးရွာတွေအထိ ဆွေးနွေးဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီလို လုပ်ရာမှာ ကျွန်မတို့ ဦးစီးဌာနအနေနဲ့ လက်ကမ်းကြော်ငြာ စာရွက်တွေ၊ ပိုစတာတွေကို နှစ်စဉ် ထုတ်ပါတယ်။ အဲဒါတွေကို ဟောပြောပွဲ တွေမှာ ဝေငှတယ်။ စာသင်ကျောင်းတွေမှာ ဆိုရင်လည်း ကျောင်းသားလေးတွေဆီ အထိရောက်အောင် ဝေငှပါတယ်။

လက်ကမ်း ကြော်ငြာစာရွက်တွေ၊ ပိုစတာတွေမှာ ဘေးအန္တရာယ် ရှစ်မျိုးအတွက် ထုတ်ပြန်ပေးနိုင်တာ မှန်ပေမယ့် ဗလာစာအုပ်တွေမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် သူ့ဒေသအတွင်း ဖြစ်နိုင်ခြေရှိတဲ့ သဘာဝဘေးဆိုင်ရာတွေကို ဦးစားပေးပြီး ထည့်သွင်းဖော်ပြပေးထားပါတယ်။ ဒဲ့အပြင် တချို့နေရာတွေမှာ ရေကြီးဇာတ်တိုက်လေ့ကျင့်ခန်းတွေ၊ ကမ်းရိုးတန်းဒေသတွေဆိုရင် မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်းတွေ၊ ဆူနာမီ စသဖြင့် လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။ တချို့ဒေသတွေမှာ မီးဘေး၊ ငလျင်စတဲ့ ဇာတ်တိုက်လေ့ကျင့်ခန်းတွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

ရုပ်မြင်သံကြား၊ သတင်းစာ၊ စာစောင်တွေကနေပြီးတော့လည်း သဘာဝဘေးနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ ဆောင်ရန်၊ ရှောင်ရန် အချက်တွေ၊ မဖြစ်ခင် ဘယ်လိုပြုမူရမလဲ ဆိုတဲ့အချက်တွေ ထုတ်လွှင့်ပေးနိုင်ဖို့အတွက် ဆောင်ရွက်ပါတယ်။ အခုနောက်ဆုံး လုပ်ထားတာကတော့ စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့အစည်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ဖွဲ့စည်းထားပါတယ်။ အဖွဲ့တစ်ဖွဲ့မှာ ငါးယောက်ကနေ ခုနစ်ယောက်လောက်အထိ ပါဝင်ပါတယ်။ ပြီးတော့ သူတို့ကို သင်တန်းတွေပေးတယ်။ သူတို့က ပြည်သူထဲမှာ ရှိနေတဲ့ သူတွေဖြစ်တဲ့အတွက်ကြောင့် သူတို့ ရပ်ရွာဒေသမှာ ပိုပြီးတော့ သဘာဝဘေးဆိုင်ရာအသိပညာတွေ တိုးပွားလာမှာဖြစ်ပါတယ်။

ဒေါ်ဖြူလဲ့လဲ့ထွန်း (ညွှန်ကြားရေးမှူး)၊ (ကယ်ဆယ်ရေးဌာနခွဲ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)]

၂၀၀၈ ခုနှစ်ကတည်းက နည်းပြသင်တန်း (၇)ကြိမ် ဖွင့်ခဲ့ပါတယ်။ သင်တန်းသား ၂၂၁ ဦးဖြစ်ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲရေးစွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်းဆိုရင် ၁၉၇၇ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီတုန်းက တစ်နှစ်ကို သုံးကြိမ်သာဖွင့်လှစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ များများဖွင့်လာနိုင်ခဲ့တော့ အခုအချိန်ဆိုရင် ၁၃၆ ကြိမ် ဖြစ်သွားပါပြီ။ သင်တန်းသားဆိုရင်လည်း ၆၁၂၇ ဦးရှိပါပြီ။ နည်းပြသင်တန်းတွေကတော့ ၂၀၁၄ ခုနှစ် မေလကနေစပြီး ဖွင့်ခဲ့တာ အခုအချိန်အထိဆိုရင် ၂၆ ကြိမ်ရှိပြီ။ ဆင့်ပွားသင်တန်းက ၃၇ ကြိမ်ရှိပါပြီ။ ဒီနှစ်ထဲမှာဖွင့်တဲ့ မွမ်းမံသင်တန်းက အခုအချိန်အထိဆိုရင် ၁၁ ကြိမ်ရှိပါပြီ။ သင်တန်းသားတွေအနေနဲ့ တစ်နိုင်ငံလုံး စေတနာ့ဝန်ထမ်းလူငယ် ၃၁၂၇ ဦး ရှိနေပါပြီ။

ဦးနိုင်ကြည်ဝင်း
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

၂၀၁၅ ခုနှစ်အတွင်း မိုးရွာသွန်းမှုကြောင့် တောင်သူတွေစိုက်ပျိုးထားတဲ့ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုအခြေအနေနဲ့ပတ်သက်ပြီးပြောရရင် ၂၀၁၅ ခုနှစ်အတွင်းမှာ အရင်နှစ်ကထက် ရာသီဥတုအနေအထားတွေ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ မေလကုန်အထိ မိုးရေချိန်က ၂၀၁၄ ခုနှစ်ထက်စာရင် သုံးလက်မကျော်ကျော်ပိုရွာတာကို တွေ့ရပါတယ်။ မိုးရွာသွန်းမှုရဲ့ ပုံ့နှံ့မှုပုံစံတွေဟာ တချို့နေရာတွေမှာ များများရွာပြီး တချို့နေရာတွေမှာ နည်းတယ်။

ဒါကြောင့် တချို့နေရာတွေမှာ ရေကြီးတဲ့ဖြစ်စဉ်တွေ တွေ့ရပါတယ်။ တချို့နေရာတွေမှာ တစ်ရက်တည်းကိုပဲ မိုးရေချိန် ၅ လက်မ၊ ၆ လက်မ အထိ ထူးထူးကဲကဲရွာတာကို တွေ့ရပါတယ်။ ဒီနှစ်အတွင်းမှာ ဖေဖော်ဝါရီ၊ မတ်လတွေမှာ မိုးထူးထူးကဲကဲရွာပြီးတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တစ်ဝိုက်မှာရှိတဲ့ မိုးကြို နှမ်း၊ မြေပဲ၊ ကြက်သွန်တွေ တချို့တစ်ဝက် ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။

ရခိုင်၊ တနင်္သာရီ၊ ပဲခူးနဲ့ ရန်ကုန်တွေမှာ အများအားဖြင့် မိုးရွာသွန်းမှုကြောင့် တောင်သူတွေစိုက်ထားတဲ့ စပါးပျိုးခင်းတွေ၊ စပါးစိုက်ခင်း အနည်းငယ် ရေလွှမ်းတယ်။ ထိခိုက်ပျက်စီးတာတွေ တွေ့ရှိရပါတယ်။ မိုးဦးမှာတော့ နှစ်စဉ် ဒီလိုပဲ ရွာပြီးတော့ ပြန်ကျသွားတာများပါတယ်။ ဒီနှစ်ကျတော့ ရခိုင်ပြည်နယ်မှာ တောင်ကုတ်မြို့နယ်၊ ဧရာဝတီမှာ မြန်အောင်မြို့နယ်၊ မွန်ပြည်နယ် တချို့နေရာတွေမှာ မိုးရေချိန်ထူးထူးကဲကဲရွာတဲ့အတွက်ကြောင့် အဲဒီနေရာတွေမှာ ကျွန်တော်တို့ တာဝန်ယူပျိုးထားတဲ့ ပျိုးခင်းတွေ၊ စိုက်ခင်းတွေ ထိခိုက်တာတွေ၊ ရေမြုပ်တာတွေ၊ တချို့အနည်းငယ် ပျက်စီးတာတွေ တွေ့ရပါတယ်။

ဒါပေမယ့် စပါးဆိုတာကတော့ လက်ရှိအနည်းဆုံး ရေမြုပ်တာက ခုနစ်ရက်ကနေ ၁၀ ရက်အထိ ကောင်းကောင်းဒဏ်ခံနိုင်ပါတယ်။ ခုနစ်ရက်အတွင်းမှာ ရေပြန်ကျသွားမယ်ဆိုရင် ပျိုးခင်းတွေ၊ စိုက်ခင်းတွေကို အနည်းငယ် ပြန်လည်ပြုပြင်မယ်ဆိုရင် ပြန်လည်ကောင်းလာမယ့် အနေအထားကို ရရှိမှာဖြစ်ပါတယ်။ ပျိုးခင်းတွေ စိုက်ခင်းတွေပျက်စီးသွားမယ်ဆိုရင် ပြီးခဲ့တဲ့နွေရာသီက ရခိုင်ဒေသ၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ပုလဲသွယ်စပ်မျိုးစပါး အပါအဝင် မျိုးစပါးတွေ ကြိုတင်ဖြန့်ဝေထားတာရှိပါတယ်။ ပုလဲသွယ်စပ်မျိုးစပါးဆိုရင် ဧက တစ်သိန်းကျော်ထိ ကြိုပို့ထားပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ ထုတ်လုပ်ထားတဲ့ လက်ရှိကျွန်တော်တို့ HNP စပါးမျိုးစေ့တွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အရန်အနေနဲ့ ထားရှိပြီးဖြစ်ပါတယ်။

တောင်သူတွေမှာလည်း အများစု သိုလှောင်ထားရှိပြီးဖြစ်ပါတယ်။ ပျက်စီးသွားတဲ့နေရာတွေမှာ ပြန်လည်အစားထိုးဖို့ အရန်မျိုးစပါးတွေ အသင့်ရှိပြီးဖြစ်ပါတယ်။ လက်ရှိ ရေကြီးနစ်မြုပ်လို့ ပျက်စီးသွားတဲ့အရာတွေကို မျိုးစပါး လိုအပ်ချက်ရှိရင် မျိုးစပါး အရန်တွေရှိတယ်။ အရန်ပျိုးခင်းတွေကို ရေမနစ်မြုပ်တဲ့နေရာတွေမှာထောင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိုးရေကျသွားတဲ့အခါမှာ တောင်သူတွေရဲ့ လယ်ကွင်းနေရာမှာ မိုးရေတိုက်စားမှုကြောင့် အာဟာရဓာတ်တွေ ဆုံးရှုံးနိုင်ပါတယ်။ အဲဒီအတွက် အာဟာရဓာတ်တွေ ပိုမိုသုံးစွဲဖို့၊ မြေဩဇာနဲ့ဆို ပရိုတက်တွေ ပိုမိုသုံးစွဲဖို့ အကြံပြုချင်ပါတယ်။

ရေကြီးပြီးတဲ့နောက် ကြောက်ရတာက ပျိုးခင်း၊ စိုက်ခင်းတွေမှာ ပိုးမွှားရောဂါတွေ ကျတတ်ပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ အတွေ့အကြုံရှိပြီးသားလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဝန်ထမ်းတွေက ကွင်းဆင်းပြီးတော့ ပညာပေးတာတွေ၊ ဟောပြောတာတွေ၊ လက်တွေ့ဆောင်ရွက်တာတွေကို ကွင်းဆင်းဆောင်ရွက်သွားဖို့ ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ရေကြီးလို့ ပြန်ကျသွားတဲ့စိုက်ခင်းတွေမှာ ငမြောင်တောင်တို့၊ ကြွက်တို့စတဲ့ ပိုးမွှားတွေ၊ ပင်စည်ပုပ်ရောဂါတွေ ကျတတ်ပါတယ်။

ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှာရှိတဲ့ ပိုးမွှားဝန်ထမ်းတွေက ငမြောင်တောင်ကျမယ်ဆိုရင် မီးခြောက်ချောင်းထွန်းပြီး ဆေးထည့်ကာကွယ်ဖို့ရယ်၊ ကြွက်ကျမယ်ဆိုရင် ကြွက်သတ်ဆေးရယ်၊ ပျိုးခင်းတွေကို ပလတ်စတစ်ခံထားပြီးတော့ ပျိုးထောင်ဖို့ကို ပညာပေးဆောင်ရွက်ဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကွင်းဆင်းပြီး ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှ မျိုးစပါးလိုအပ်ချက်၊ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို တိုင်းဒေသကြီး/ပြည်နယ်တွေက အစိုးရအဖွဲ့တွေက စုစည်းပြီးတော့ တင်ပြဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီအခါမှ တောင်သူလယ်သမားတွေရဲ့ စီးပွားကာကွယ်ရေးဥပဒေနဲ့ နည်းဥပဒေအရ ပျက်စီးသွားတဲ့အရာတွေကို ပြန်လည်အစားထိုးပေးဖို့အတွက် ဗဟိုကော်မတီက စဉ်းစားဆုံးဖြတ်ပြီး တောင်သူတွေရဲ့ဆုံးရှုံးမှုကို တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိမိုးလေဝသဖောက်ပြန်မှုရယ်၊ ရေကြီးနစ်မြုပ်တဲ့အခါမှာ ဆောင်ရွက်ရမယ့် အချက်အလက်တွေကို skynet ရုပ်သံ၊ Farmer channel၊ လယ်ယာစီးပွားသတင်းတွေမှာ အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ချက်တွေ ထုတ်ပြီးတော့ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေ၊ ရေကြီးနစ်မြုပ်မယ်ဆိုရင် တောင်သူတွေရဲ့ပျိုးခင်း၊ စိုက်ခင်းတွေ မပျက်စီးအောင်၊ သိုလှောင်ထားတဲ့ မျိုးစပါးတွေ မပျက်စီးအောင် ကာကွယ်ထားရမယ်၊ ဘယ်လိုဆောင်ရွက်ထားရမယ်ဆိုတာကို နှိုးဆော်ချက်တွေ၊ ပညာပေးလုပ်ငန်းတွေကို မီဒီယာကတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ။

ညောင်ခါးရှည် Mobile Team မှ သုံးလအတွင်း လိုင်စင်မဲ့ယာဉ် ၁၈၀ အရေးယူနိုင်ခဲ့

ရန်ကုန် ဇူလိုင် ၆

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆူးလေဆိပ်ကမ်းမြေပြင်ချစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု၊ မြဝတီ-ရန်ကုန်လမ်းကြောင်း ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်လမ်းဆုံ လရ-၂ (Mobile Team) အဖွဲ့မှ တားဆီးအရေးယူထားသော လိုင်စင်မဲ့မော်တော်ယာဉ်များ ထားသိမ့်မှုအခြေအနေအား သွားရောက်စစ်ဆေးသည်။

သိမ်းဆည်းထားသော ယာဉ်များ ပျောက်ဆုံးမှုမရှိစေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ရပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ သို့တင်ပြပြီး ပွင့်လင်းမြင်သာစွာဖြင့် လေလံတင် ရောင်းချရန်နှင့် လေလံတင်ရောင်းရငွေအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန်ဖြစ်ကြောင်း၊ Mobile Team များအနေဖြင့် အဖွဲ့စုံပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပြီး စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုပမာဏတိုးတက်ရေး၊ နိုင်ငံတော်၏ ဆုံးရှုံးနေသော အခွန်အခများ ပြည့်ဝစွာရရှိရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။ လရ-၂ (Mobile Team) ညောင်ခါးရှည် လှုပ်ရှားအဖွဲ့ အနေဖြင့် ယခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း လိုင်စင်မဲ့ယာဉ်စီးရေ ၁၈၀ အား တားဆီးအရေးယူနိုင်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ပဉ္စလိကကဏ္ဍ မြန်မာ့စီးပွားရေးဖိုရမ်မှ ဖွဲ့စည်းထားသော Working Group များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးဖြေရှင်းဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့်မြန်မာ့စီးပွားရေးဖိုရမ် အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အဆိပ်ပြင်းသည့် ပျားကြီးအုံများကြောင့် ဒေသခံများစိုးရိမ်

ရေတာရှည် ဇူလိုင် ၆

အရိပ်အာဝါသ ကောင်းမွန်သော သစ်ပင်ကြီးများ ကျေးလက်ဒေသများ၌ ရှားပါးလာပြီးနောက် ဆယ်စုနှစ်ချီကာ ပျားကြီးအုံများကွယ်ပျောက်သွားခဲ့ပြီး တောင်သူများ၏ နှမ်းခင်းများ အပွင့်ဖြိုင်ချိန်တွင် ပျားကြီးအုံများ ပြန်လည်ရောက်ရှိလာသည့်အတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်း ကျေးရွာအုပ်စု အေးသာယာကျေးရွာမှ ဒေသခံများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ပျားကြီးအုံတွေက ရွာတောင်ဘက် ဘုန်းတော်ကြီးကျောင်းထဲက ညောင်ပင်ကြီးမှာစွဲနေတာ။ ဌက်တွေလည်းရှိတယ်။ အရင်ရက်တွေက ပျားကြီးတွေ တုပ်လို့ ကျိုးကန်းနှစ်ကောင်သေတယ်။ နောက် လင်းဆွဲတွေလည်း သေတယ်။ အဆိပ်အတော်ပြင်းတာ။ နွားကျောင်းတဲ့ကောင်လေးတောင် ပျားကြီးတုပ်လို့ နှစ်ရက်လောက် ဖျားတယ်"ဟု အေးသာယာကျေးရွာနေ သူတစ်ဦးက ပြောသည်။ ပျားကြီးမျိုးမှာ တော်ရုံတန်ရုံလူကို ရန်ရှာလေ့မရှိသော်လည်း လက်ဆော့သော နွားကျောင်းသားများက လေးခွများ ဖြင့် ပစ်ခတ်သည့်အတွက် တွေ့သမျှကို လိုက်တုပ်လေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းရေးရာ

*** ကျောဖုံးမှ**

ဒါကိုတော်တော်စဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကိုတောင်းဆိုမှုတစ်ခုလို့ပဲ ယူဆပါတယ်။ တကယ်ဆို နိုင်ငံတော်အစိုးရနဲ့ အလုပ်သမားဝန်ကြီးဌာနကို အနည်းဆုံး အခကြေးငွေပေါ်မှာ လျှော့ပေးဖို့ တောင်းဆိုမှုထက်စာရင် ဘယ်ကဏ္ဍတွေမှာပဲ့ပိုးပေးမလဲ၊ ဘာတွေပြောင်းလဲချင်တာလဲ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်မှာလဲစတာတွေ ဆွေးနွေးမှုတွေလုပ်စေချင်တယ်။ အလုပ်ရှင် အလုပ်သမားနှစ်ဖက်စလုံးအတွက် လိုအပ်တဲ့သုတေသနလုပ်ငန်းတွေကို ရက်ပေါင်း ၆၀ အတွင်းမှာ ဆောင်ရွက်သွားဖို့လုပ်နေပါတယ်လို့ပြောချင်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံကို ဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အပေါ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်က ရှိက်ခတ်မှု ရှိနိုင်၊ မရှိနိုင် ဆရာ့အမြင်ကို သုံးသပ်ပေးပါ။

ဖြေ။ ။ အဓိက နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေလာတယ်ဆိုတဲ့နေရာမှာ အရင်တုန်းက ကုမ္ပဏီတွေက ဘယ်လိုတိုင်းပြည်မျိုးကိုပဲဖြစ်ဖြစ် သွားပြီးလုပ်မယ်ဆိုတဲ့ ကုမ္ပဏီ ငယ်လေးတွေပါ။ အခုကျတော့ စီးပွားရေးအလားအလာရှိတဲ့ နိုင်ငံတွေကို စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံချင်တဲ့ ကုမ္ပဏီကြီးတွေက ကျွန်တော်တို့ နိုင်ငံကို စိတ်ဝင်စားလာကြတယ်။ တချို့သူတို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံနေရာကနေ ကျွန်တော်တို့နိုင်ငံကို စိတ်ဝင်စားလာတဲ့နိုင်ငံတွေရှိတယ်။ ဒီလို ကုမ္ပဏီကြီးတွေဝင်လာရင် အနည်းဆုံး အခကြေးငွေမရှိခဲ့ရင် အလုပ်သမားတွေအတွက် လုပ်ခလစာ ခေါင်းပုံဖြတ်ခံရမယ်။ နောက်ပြီး အလုပ်ရုံတွေမှာ လုပ်ခလစာတွေက အမျိုးမျိုးဖြစ်နေတယ်ဆိုရင် လုပ်ခပိုရတဲ့ အလုပ်ကိုရှာပြီးပြောင်းမယ်။ အဲဒီအခါ လုပ်ငန်းခွင် မတည်ငြိမ်မှုတွေ ဖြစ်လာမယ်။ အလုပ်ရှင်နဲ့ အလုပ်သမား မလိုလားအပ်တဲ့ဆူပူမှုတွေ ဖြစ်လာမယ်။ ဒီလိုမတည်ငြိမ်မှုတွေ ဖြစ်နေခဲ့ရင် လာရောက်ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဒီလိုနိုင်ငံမျိုးမှာ အလုပ်လာလုပ်ဖို့ စိုးရိမ်ပူပန်မှုတွေရှိမှာပဲ။ အနည်းဆုံး အခကြေးငွေ သတ်မှတ်လိုက်ပြီးလို့ တစ်နေ့ ရှစ်နာရီအတွင်းမှာ ဒီနှုန်းပဲ ရမယ်ဆိုရင် အလုပ်သမားတွေက တည်ငြိမ်စွာ အလုပ်လုပ်မယ်။ အလုပ်သမားတွေဘက်က ခေါင်းပုံဖြတ်ခံရတယ်လို့မြင်နေတဲ့ တိုင်တွေအပေါ် ရှင်းရှင်းလင်းလင်း မြင်လာကြရင် အလုပ်သမား၊ အလုပ်ရှင်ကြားမှာ ပဋိပက္ခနည်းသွားမယ်။ ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမားကြား အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဟာ ဦးစားပေးလုပ်ရမှာပါ။ လုပ်ငန်းခွင် တည်ငြိမ်လာရင် ပြည်ပက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အားကိုးစရာ ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်လာမှာပါ။

မေး။ ။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ဖို့အတွက် ဆောင်ရွက်နေတဲ့အပေါ် တို့ပြည်လာမှုတွေနဲ့ပတ်သက်ပြီး ဘာများအကြံပြုပြောကြားလိုပါသလဲ။

ဖြေ။ ။ ကျွန်တော်အကြံပြုချင်တာက အရှေ့ကိုရောက်ဖို့ဆိုတာ အားလုံးဝိုင်းဝန်းပြီးတွန်းရမှာ ဖြစ်တယ်။ ဖြစ်နေတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းဖြေရှင်းရင်း ကျော်လွှားနိုင်အောင်ကြိုးစားရမယ့် ကာလဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနအပါအဝင် ဌာနတိုင်းက အလုပ်ရှင်တွေရဲ့ အခက်အခဲရော၊ အလုပ်သမားတွေရဲ့ အခက်အခဲရော ကျော်လွှားနိုင်မယ့် အစီအစဉ်တွေကို စဉ်းစားနေတာ ဖြစ်တဲ့အတွက်ကြောင့် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရင် အနည်းဆုံးအခကြေးငွေကို နိုင်ငံတကာစံနှုန်းနဲ့အညီ သတ်မှတ်လို့ လည်းရမယ်။ အခက်အခဲတွေကို လည်း ကျော်လွှားနိုင်မယ်ဆိုကောင်းမွန်တဲ့ အရွေ့တစ်ခုကိုသွားနိုင်မှာပါ။

မေး။ ။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အဆိုပြုထားတဲ့ နှုန်းထားနဲ့ အခုသတ်မှတ်ထားတဲ့ နှုန်းထား ဘယ်လောက်ကွာခြားမှုရှိလဲဆိုတာ သိပါရစေ။

ဖြေ။ ။နိုင်ငံခြားသား အလုပ်ရှင်မှန်ရင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အနိမ့်ဆုံးအလုပ်သမားကို ဘယ်လောက်ပေးမှာလဲဆိုတဲ့ အဆိုပြုနှုန်းထားတွေရှိတယ်။ အဆိုပြုနှုန်းထားတွေ ပြန်ကြည့်လိုက်ရင်လည်း အနည်းဆုံး ဒေါ်လာ ၉၀ နဲ့ ၁၀၀ ကျော်မှာရှိတယ်။ အခုပေးလိုက်တဲ့ နှုန်းထားက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ အဆိုပြုထားတဲ့ နှုန်းထားနဲ့ ဘာမှကွာဟမှုမရှိဘူး။

မေး။ ။ အလုပ်ရှင်တွေ ဘက်က တောင်းဆိုထားတဲ့ အချက်တွေကို လုပ်ဆောင်ပေးဖို့ရှိပါသလား။

ဖြေ။ ။ အလုပ်ရှင်တွေ တောင်းဆိုထားတာတွေထဲမှာ လူမှုဖူလုံရေးကြေးက အလုပ်ရှင်ရော၊ အလုပ်သမားရော ထည့်ရတာပါ။ အဲဒီအပေါ်မှာ အလုပ်ရှင်တွေပြောနေတာရှိတယ်။ ဒါကဝန်ကြီးဌာနက လုပ်ပေးရမယ့် အပိုင်း၊ ဆောင်ရွက်ပေးနိုင်တဲ့အပိုင်းဖြစ်တယ်။ လမ်းတွေ၊ မီးတွေကတော့ ကျွန်တော်တို့ဝန်ကြီးဌာန မတတ်နိုင်တဲ့ အပိုင်းပါ။ ဒါက နိုင်ငံတော်နဲ့ အခြားသက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်လုပ်ဆောင်ရမှာ။ အလုပ်ရှင်တွေ တောင်းဆိုတဲ့ အထဲက လတ်တလော လုပ်ပေးနိုင်တာလုပ်ပေးမယ်။ ရေရှည်လုပ်ရမှာရှိသလို ပေါင်းစပ်လုပ်ရမှာရှိတယ်။ အချိန်တော့ ပေးရမယ်။ ချက်ချင်းလုပ်ပေးပါ တောင်းဆိုလာရင်တော့ မဖြစ်နိုင်ပါဘူးလို့ပြောချင်တယ်။

ဦးဇာနည်သွေး(မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)

မေး။ ။ အဆိုပြုနှုန်းထား တစ်နေ့ ကျပ် ၃၆၀၀ က လူတစ်ယောက်ရဲ့ အခြေခံစားဝတ်နေရေးကို ဖြေရှင်းပေးနိုင်မယ့်နှုန်းထားလို့ ထင်ပါသလား။

ဖြေ။ ။ ကျွန်တော်တို့ အလုပ်သမားမိသားစုတွေနဲ့တွေ့တယ်။ အလုပ်သမားတွေအခြေအနေကို လေ့လာကြည့်တယ်။ တိုင်းပြည်ရဲ့ တစ်ဦးချင်းဝင်ငွေနဲ့ ချိန်ခြိုးတော့ မိသားတစ်စုရဲ့ စားသောက်နေထိုင်မှု စားဝတ်နေရေးကိုကြည့်လိုက်တဲ့အခါ ကျပ် ၃၆၀၀ က သင့်တင့်လျောက်ပတ်တဲ့ သတ်မှတ်နှုန်းထားလို့မြင်တယ်။ ဒါပေမယ့် ပြည့်စုံလုံလောက်မှုတော့ ဘယ်ရှိမှာလဲ။

မေး။ ။ လုပ်ငန်းရှင်တချို့က တစ်ရက် လုပ်ခကျပ်၃၆၀၀ အတည်ပြုသတ်မှတ်မယ်ဆို မပေးနိုင်ဘူးလို့ငြင်းဆိုနေတဲ့ အပေါ် ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံက တစ်ဦးချင်းဝင်ငွေနည်းပါးလို့ ဆင်းရဲလို့ နိုင်ငံတကာမှာ မျက်နှာငယ်ရတယ်။ ဒါကို ရုန်းထွက်ဖို့ အခြေခံအကြောင်းတရားဖြစ်တဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ဖို့။ သတ်မှတ်တဲ့နေရာမှာ ဒါကိုမပေးနိုင်ဘူးဆိုတာ ဆင်းရဲခိုင်းတာနဲ့သွားတူတယ်။ အဲဒါမျိုးမဖြစ်သင့်ဘူး။ တိုင်းပြည်ရဲ့ အရေးပါတဲ့အပြောင်းအလဲမှာ လုပ်ငန်းရှင်တွေကလည်း တက်တက်ကြွကြွ လက်တွဲပူးပေါင်းပါဝင်ဖို့လိုပါတယ်။ အလုပ်သမားတွေဘက်ကလည်း ငွေကြေးတိုးပေးဖို့ တောင်းဆိုတာ တစ်ခုတည်းမဟုတ်ဘဲနဲ့ လုပ်အားစွမ်းရည်ကို တိုးမြှင့်ပေးဖို့လိုတယ်။ မပေးနိုင်ဘူး။ ပိတ်သိမ်းမယ်ဆိုတာမပြောဘဲ တော့တော့ဆိုင်ဆိုင် တွေ့ဆုံပြီး ဘယ်လိုလုပ်ပေးရမလဲဆိုတဲ့ နည်းလမ်းကိုသာ ညှိနှိုင်းဆောင်ရွက်ကြပါလို့ပြောချင်တယ်။

ဦးမောင်မောင်
(မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ- CTUM)

မေး။ ။ အနည်းဆုံးအခကြေးငွေ နှုန်းထား ကျပ် ၃၆၀၀ ထွက်လာတဲ့ အပေါ် အလုပ်ရှင်တွေဘက်ကမပေးနိုင်လို့ ကန့်ကွက်နေတာ ကြားနေရပါတယ်။ အဲဒီအပေါ်မှာ ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ မပေးနိုင်တဲ့ လူတွေရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဆွေးနွေးတဲ့အထဲမှာလည်း ပေးနိုင်တဲ့ အလုပ်ရှင်တွေရှိနေပါတယ်။ ပေးမယ်လို့ပြောထားတဲ့အထဲမှာ မြန်မာနိုင်ငံသား မြန်မာပိုင်တဲ့ စက်ရုံရှိတယ်။ ဂျပန်နိုင်ငံကလာပြီး ရင်းနှီးမြှုပ်နှံတဲ့ စက်ရုံရှိတယ်။ ကိုရီးယားကလာတာ ရှိတယ်။ ဟိုနေ့က ပြောတဲ့အထဲမှာ မြန်မာနိုင်ငံသားပိုင်တွေ ပါတယ်။ တရုတ်နိုင်ငံသားပိုင်၊ ကိုရီးယားနိုင်ငံသားပိုင်တွေပါတယ်။ မပေးနိုင်တဲ့သူရှိသလို ပေးနိုင်တဲ့သူရှိပါတယ်။ မပေးနိုင်တဲ့စက်ရုံတွေကြောင့်တော့ လုပ်ငန်းပျက်မသွားပါဘူးလို့ ပြောချင်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ညှိနှိုင်းလို့ရပါတယ်။ ရန်သူတွေမဟုတ်ပါဘူး။ အလုပ်ရှင်ရှိမှ အလုပ်သမားဆိုတာရှိမယ်။ အလုပ်သမားရှိမှလည်း အလုပ်ရှင်ရှိမှာပါ။ အလုပ်သမားတွေက အရင်တုန်းကလို လမ်းမပေါ်ထွက်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့တောင်းဆိုတာ ကျပ် ၄၀၀၀ ဖြစ်ပေမယ့် ကျပ် ၃၆၀၀ ကို ညှိနှိုင်းတဲ့အခါ နောင်တစ်နှစ်ကြာရင်လည်း ပြန်သုံးသပ်ပြီး ပြင်ဆင်လို့ ရသေးပါလားဆိုတာ ဥပဒေရှိထားပြီးသား။ ဒါကအသေမဟုတ်ဘူးဆိုတာ အလုပ်သမားတွေက နားလည်တယ်။ ကျပ် ၃၆၀၀ ပေးဖို့ အတင်းငြင်းဆန်တဲ့ အလုပ်ရှင်တွေက နားမလည်လို့ပဲဖြစ်ပါလိမ့်မယ်။ ပြင်ဆင်မှုအပိုင်းမှာ လည်း အားနည်းလို့ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အနည်းဆုံး အခကြေးငွေကိစ္စကရက်ပိုင်းအတွင်း လုပ်တာမဟုတ်ဘူးလေ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကြိမ်ဖန်များစွာဆွေးနွေးပြီးသားပါ။ အခုအဆိုပြုထားတဲ့ အနည်းဆုံး အခကြေးငွေ ကျပ် ၃၆၀၀ ပေါ်မှာ တချို့ လုပ်ငန်းရှင်တွေက လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ပေးနိုင်ဖို့ပြင်ဆင်ထားကြတယ်။ မပေးနိုင်လို့ စက်ရုံပိတ်မယ်လို့ ပြောတာတော့ မကောင်းဘူးပေါ့ဗျာ။ ရာခိုင်နှုန်းတော်တော်များများကတော့ မပိတ်ပါဘူး။ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုက မနည်းဘူးလေ။

မေး။ ။ အလုပ်ရှင်တွေက အလုပ်သမားတွေကို လစာပေးတဲ့အခါ အခြေခံလစာကိုမတိုးမြှင့်ဘဲ အခြားခံစားခွင့်တွေထဲကနေ လစာပေးချင်နေတာနဲ့ပတ်သက်ပြီး သုံးသပ်ပေးပါ။

ဖြေ။ ။ လစာနဲ့ ကပ်လျက်တိုင်တွေပါ။ တိုင်တွေဆိုတာ မုန့်ဖိုးပဲပေါ့။ အလုပ်ရှင်က သဘောကျရင်ပေးမယ်။ အလုပ်သမားကလည်း သဘောကျရင်လုပ်မယ်။ မုန့်ဖိုးဆိုတာ အမြဲမရှိဘူးဆိုတော့ အချိန်ပိုလုပ်ခဆိုတာ မမြဲဘူး။ အချိန်ပိုလုပ်တဲ့အချိန်မှာ ရတဲ့လစာက မူရင်းလစာနီးပါးရှိနေတယ်။ အဲဒါမဖြစ်သင့်ဘူး။ အလုပ်ရှင်က ပြန်ပြောတယ်။ အချိန်ပိုထွက်တဲ့ နှုန်းကများလို့ပါလို့။ အချိန်ပိုထွက်တဲ့ နှုန်းများရင် အချိန်ပိုမလုပ်ရင် လစာမလောက်ဘူးဆိုတာ ပေါ်လွင်လာတယ်။ အလုပ်ရှင်ကိုမေးချင်တယ်။ ဒီလောက် အချိန်ပိုခေါ်ဖို့လိုလား။ တစ်ရက် အလုပ်ချိန်ပြီးမယ့်အလုပ်ကို တွက်ဆပြီး လုပ်လို့မရဘူးလား။ အချိန်ပိုခေါ်တာကို မဖြစ်စေချင်တော့ဘူး။ ဒါတွေကို ပြန်ပြီးပြင်ဆင်ဖို့လိုတယ်။ အချိန်ပိုတိုင်တွေကို ဖြုတ်ချဖို့လိုတယ်။ ဒါကြောင့် အခြေခံလစာတစ်ခုတည်းကိုတိုးမြှင့်ပေးပါလို့တောင်းဆိုချင်တယ်။

ဒေါ်မျိုးမျိုးအေး
(အထည်ချုပ်စက်ရုံကြီးကြပ်ရေးမှူး)

မေး။ ။ အထည်ချုပ်လုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ အမျိုးသမီးတွေ အတွက် ဒီအဆိုပြုနှုန်းထား ကျပ် ၃၆၀၀ ဟာ လုံလောက်တဲ့ငွေကြေးလို့ ထင်ပါသလား။

ဖြေ။ ။ အခု ကျပ်၃၆၀၀ နှုန်းထားက ပြည့်စုံလုံလောက်မှုတော့ မရှိဘူး။ အတတ်နိုင်ဆုံး လိုက်လျောပြီး လက်ခံထားတာပါ။ အနည်းဆုံးတော့ ကျပ် ၄၀၀၀ ဆိုပြီး တောင်းထားတာပါ။ အခုချိန်ထိတော့ ကျပ် ၄၀၀၀ က မလျှော့သေးပါဘူး။

မေး။ ။ အထည်ချုပ်လုပ်ငန်းတွေမှာ ခန့်ထားမယ့် အမျိုးသမီးလုပ်သားတွေရဲ့လုပ်ငန်းအတွက် အဓိက လိုအပ်တာက ဘာများဖြစ်မယ်ထင်ပါသလဲ။

ဖြေ။ ။ အထည်ချုပ် လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့အထဲမှာ ဘွဲ့ရအမျိုးသမီးတွေလည်းရှိပါတယ်။ အစ်မဆိုလိုချင်တာက စက်ချုပ်ကျွမ်းကျင်ရမယ့်နေရာမှာ စက်လာချုပ်မယ့်သူက လုပ်ငန်းကျွမ်းကျင်ရမှာ ဆိုတော့ အတန်းပညာနဲ့ တိုင်းတာလို့မရဘူးလေ။ အစ်မကဘွဲ့ရတစ်ယောက်ဖြစ်ပေမယ့် လောလောဆယ်စက်ရုံမှာ ခေါင်းဆောင်ခန့်ထားတဲ့ အမျိုးသမီးလေးနဲ့ အစ်မယှဉ်ပြီးမချုပ်နိုင်ဘူး။ သူ့လိုစက်ချုပ်ပညာ အစ်မမတတ်ဘူးလေ။ ဒီတော့သူ့လုပ်ငန်းမှာ သူက ဆရာပဲ။ ဒီလိုနေရာမျိုးမှာ အတန်းပညာဘယ်လောက်ပဲရှိရှိ လုပ်ငန်းကျွမ်းကျင်ရာ တန်ဖိုးကိုမြှင့်တင်ပေးဖို့လိုအပ်တယ်။ ဘွဲ့ရတွေ၊ Ph.D တွေ ခန့်ရမယ့် နေရာမဟုတ်ဘူး။ စက်ချုပ်ကျွမ်းကျင်သူကို ခန့်ရမှာ။ ဒီတော့ သင့်တင့်လျောက်ပတ်တဲ့ ငွေကြေး လစာတော့ ပေးရမှာပေါ့။ အဲဒါကိုမှ ဘွဲ့မရလို့၊ ဆယ်တန်းမအောင်လို့ ကျပ် ၂၅၀၀ တောင် မတန်ဘူးလို့ မပြောပါနဲ့ လက်မခံနိုင်ပါဘူး။

မေး။ ။ လစာတိုးမပေးနိုင်လို့ စက်ရုံပိတ်မယ်လို့ ပြောနေကြတဲ့အပေါ်မှာ အလုပ်သမား တစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ အခုတောင် တချို့စက်ရုံတွေက ကျပ် ၃၆၀၀နဲ့ ထည့်တွက်ရတော့ မလားဆိုပြီး မေးနေတာတွေရှိပါတယ်။ အလုပ်သမားတွေက အလုပ်ရှင်တွေကို မတောင်းဆိုရဘဲ အခုလို တိုးပေးတဲ့ အလုပ်ရှင်ကို သိပ်ချစ်ကြမှာပါ။ အလုပ်သမားတွေ လစာကိုကြည့်ရင် တိုင်တွေကွာနေတာ။ အဲဒါကလည်း အခြေခံလုပ်ခလစာကို မထည့်ချင်တာ။ အချိန်ပိုကြေးဆိုတဲ့တိုင်တွေကွာနေတာ။ တကယ်တော့ စကားလုံးလေးတစ်လုံးနဲ့ ရှုပ်နေတာ။ လစာတိုးပေးနိုင်တဲ့ အလုပ်ရှင်တွေရှိပါတယ်။ စက်ရုံပိတ်သိမ်းမယ်ဆိုတဲ့ စက်ရုံနည်းပါလိမ့်မယ်။ တော်တော်များများ အလုပ်ရှင်တွေမပိတ်ပါဘူး။ အခုလည်း ပေးနေတဲ့အလုပ်ရှင်တွေ ရှိပါတယ်။ မပေးနိုင်လို့ ပိတ်သွားမယ့် စက်ရုံတွေနေရာမှာ တခြားရင်းနှီးမြှုပ်နှံမှုသစ်တွေဝင်လာမယ်။ သူတို့ ထက် ကောင်းမွန်တဲ့ဖန်တီးမှုတွေ ပေးနိုင်မယ့် အလုပ်ရှင်တွေ ဝင်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ။

ဦးဇော်ဦး။

ဦးမျိုးအောင်။

ဦးဇာနည်သွေး။

ဦးမောင်မောင်။

ဒေါ်မျိုးမျိုးအေး။

ဘက်ခမ်းမောင်နှံ၏(၂၆)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်နေ့

မန်ချက်စတာယူနိုက်တက်အသင်း၏ ကစားသမားဟောင်းတစ်ဦးလည်းဖြစ်၊ အောင်မြင်သည့် မော်ဒယ်တစ်ဦးလည်းဖြစ်သော ဒေးဗစ်ဘက်ခမ်းနှင့် နာမည်ကြီး ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းတို့၏ (၂၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့ကို ဇူလိုင် ၄ ရက်က ဆင်နွှဲခဲ့ကြသည်။

အသက်(၄၁)နှစ်ရှိပြီဖြစ်သော ဗစ်တိုးရီးယားက သူတို့မောင်နှံနှစ်ဦး၏ မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မိသားစုညစာစားပွဲတစ်ခုကို ကျင်းပကာ ရိုးရိုးရှင်းရှင်းပင်ဖြတ်သန်းခဲ့ကြောင်း သူ၏တွစ်တာစာမျက်နှာပေါ်တွင် မိသားစုဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြခဲ့သည်။

ဘက်ခမ်းမောင်နှံသည် ချစ်သူဘဝဖြင့် နှစ်နှစ်ကြာလက်တွဲခဲ့ကြပြီးနောက် လက်ထပ်ခဲ့ကြခြင်းဖြစ်ကာ ယခုမင်္ဂလာသက်တမ်း (၂၆)နှစ်ပြည့်တွင် ချစ်စရာရင်သွေးလေးများဖြစ်သော အသက်(၁၆)နှစ်အရွယ် သားကြီး ဘရွတ်ခ်လင်န်၊ (၁၂)နှစ်အရွယ်သား ရိုမီယို၊ (၁၀)နှစ်အရွယ်သားငယ် ခရက်ဇ်နှင့် လေးနှစ်အရွယ်သမီးငယ်လေး ဟာပါတို့ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

အေးပြည့်

လူသိရှင်ကြားတွဲပြလာတဲ့ မိုင်လီဆိုင်းရပ်စ်နဲ့ စတီလာမက်ဇ်ဝဲလ်

အမေရိကန်ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်သည် သူ၏စိတ်ခံစားမှု အခြေအနေများပြောင်းလဲလာခဲ့ပြီး အမျိုးသမီးများကို အမျိုးသားများကဲ့သို့ စိတ်ဝင်စားနေကြောင်း မကြာသေးမီက ဖွင့်ဟခဲ့ကာ ဗစ်တိုးရီးယား စီးခရက်ထ်မော်ဒယ် စတီလာမက်ဇ်ဝဲလ်နှင့် သို့လောသို့လော သတင်းများထွက်ခဲ့ရာမှ ယခုအခါ ပရိသတ်ရှေ့မှောက်တွင် လူသိရှင်ကြား တွဲပြလာခဲ့သည်။

ဇွန်လက Paperမဂ္ဂဇင်းနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် မိုင်လီက"ကျွန်မက အရာရာကိုပွင့်ပွင့်လင်းလင်းပဲ ပြောတတ်သူပါ။ ကျွန်မဆယ်ကျော်သက်အရွယ်တုန်းက အမျိုးသားတွေအပေါ် စိတ်လှုပ်ရှားခံစားခဲ့ရသလို အခုအမျိုးသမီးတွေကို စိတ်ဝင်စားမိနေပြီဆိုတဲ့အကြောင်း အမှေ့ကိုလည်း ဖွင့်ပြောခဲ့တယ်"ဟု သူ၏လတ်တလောစိတ်ခံစားချက်နှင့် ပတ်သက်၍ ဖွင့်ဟခဲ့သည်။

သူတို့နှစ်ဦးသည် ဗွီမဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူးပေးရာမှ မိုင်လီ၏ သူငယ်ချင်း ချေနီသောမတ်စ်က မိတ်ဆက်ပေး၍ စတင်သိကျွမ်းလာခဲ့ပြီး လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်ခဲ့ကာ လတ်တလောတွင် ဟောလိဝုဒ်၏ လမ်းများတွင်ပင် အတူသွားလာနေသည်ကို တွေ့မြင်နေရသည်။ မိုင်လီ၏ ထွက်ရှိမည့်တေးဗီဒီယိုသစ်ရိုက်ကူးရေး ခေတ္တရပ်နားချိန်တွင်လည်း သူနှင့် စတီလာတို့ နှစ်ဦး ချစ်သူများကဲ့သို့ အနမ်းချင်းဖလှယ်နေသည်များကို သတင်းထောက်များက မှတ်တမ်းတင် ရိုက်ကူးထားခဲ့သည်။

မိုင်လီနှင့်စတီလာတို့သည် သူတို့နှစ်ဦး၏ ထူးခြားသည့် ဆက်ဆံရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အတည်ပြုပြောကြားခြင်းမရှိသေးသော်လည်း မီဒီယာများ၏ ကင်မရာများကိုမူ တိမ်းရှောင်ခြင်းမရှိခဲ့ချေ။ ထို့ပြင် သူတို့၏ပုံရိပ်များကိုလည်း Daily Mail သတင်းစာက ဝေဝေဆာဆာဖော်ပြခဲ့သည်။

အေးပြည့်

ရုပ်ရှင်နှင့် ဖက်ရှင်လောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ ဟောလိဝုဒ်နာမည်ကျော် မင်းသမီး အော်ဒရီဟက်ပ်ဘန် (၁၉၂၉ -၁၉၉၃) ရဲ့ ဓာတ်ပုံပြပွဲကို လန်ဒန်မြို့မှာ ဇူလိုင် ၂ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ ပြသသွားမှာဖြစ်တယ်လို့ အင်တာနက်သတင်းစာမျက်နှာများမှာ ရေးသားဖော်ပြထားပါတယ်။

အဆိုပါဓာတ်ပုံပြပွဲမှာ ဟက်ပ်ဘန်၏ဓာတ်ပုံပေါင်း ၇၀ ကျော်ကိုပြသသွားမှာဖြစ်ပြီး ၂၀ ရာစုအစောပိုင်းကာလများမှာ ကျော်ကြားခဲ့တဲ့ ဓာတ်ပုံပညာရှင်များရဲ့ အနုပညာမြောက်တဲ့လက်ရာတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။

တစ်ခေတ်တစ်ခါက ရွှေရောင်နေ့ရက်တွေကို ပိုင်ဆိုင်ခဲ့တဲ့ နာမည်ကျော် မင်းသမီး ဟက်ပ်ဘန်ဟာ ငယ်စဉ်ကလေးဘဝကတည်းက ဘယ်လ်ရီယံ၊ အင်လန်နှင့် နယ်သာလန်နိုင်ငံများကို သွားရောက်ခဲ့ပြီး ရုပ်ရှင်လောကထဲသို့ ဝင်ရောက်လာသောအခါတွင်လည်း ဥရောပနိုင်ငံများကို လှည့်လည်၍ ရုပ်ရှင်ကားများရိုက်ကူးခဲ့ပါတယ်။

ပန်းသော်တာ

ရုပ်မြင်သံကြားအစီအစဉ်များ

၇ - ၇ -၂၀၁၅ (အင်္ဂါနေ့)

မြဝတီ

၆:၀၃	တရားတော်
၆:၁၅	မေတ္တာပို့
၆:၂၀	ဓမ္မပူဇာတေး
၈:၁၀	စိုက်ပျိုးသုတ
၈:၂၅	မြတ်နိုးစရာရိုးရာလက်မှုပညာ
၈:၃၅	ခရီးလည်းသွားစကားလည်းဆို
၄:၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	အင်္ဂလိပ်စာသုတ
၄:၄၅	မြန်မာသံစဉ်ချိန်းဝင်
၅:၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၅	သူတို့အကြောင်း
၅:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ဂန္ဓဝင်မြောက်အမုန်း
	အပိုင်း(၃၅)
၆:၃၅	Dream Team
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	- ပန်းခူးသူဆူးစူးပါစေ
	အပိုင်း(၅၉)
	- VOA အင်္ဂလိပ်စာသင်ခန်းစာ
	- ဟာသရုပ်စုံ
	- ယနေ့ညအတွက်မြဝတီ၏
	တေးလက်ဆောင်
	- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
	"မှော်ဝင်စီးချင်း" (အပိုင်း-၂၁)

MRTV - 4

၅:၀၀	MRTV-4 အဖွင့် Logo
၅:၀၀	ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၄၀	"ဓမ္မတာဝန်အကြောင်း"
	တရားတော်
	(ပါမောက္ခချုပ်ဆရာတော်
	ဒေါက်တာဘဒ္ဒန္တ
	နန္ဒမာလာဘိဝံသ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"
	(အပိုင်း-၆၃)
၈:၄၀	ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"နေရောင်အောက်မှာ
	ပွင့်သောပန်း"
	(အပိုင်း-၁၅)
၉:၄၀	အနုပညာမိုးကောင်းကင်
၁၀:၀၅	ခေတ်သစ်ဖျိုမေ
၁:၂၅	Forever Music Tribute
	Myo Kyawt Myine
	(အပိုင်း-၃) (ဒုတိယပိုင်း)
၁:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"ရာဇဝင်ထဲကရင်ခုန်သံ"
	(ဇာတ်သိမ်းပိုင်း)
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ
	"ဟာသကျေးရွာ"
၄:၄၅	ရန်ကုန်မြင်ကွင်းကျယ် (UOB
	ဘဏ်၏ မြန်မာနိုင်ငံဘဏ်ခွဲ
	ဖွင့်လှစ်ခြင်းအခမ်းအနား)
၆:၁၀	Health Fix
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	"လေဟုန်စီးတဲ့ပန်းလိပ်ပြာ"
	(အပိုင်း-၆၄)
၃:၀၅	Global Panorama
	(ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၃:၅၀	World of Knowledge
	(Witness- Japan Disaster)
၄:၃၅	တန်ခိုးကြီးမားဘုရားစေတီ
	ပုထိုးများ (ဆုတောင်းပြည့်
	ကျိုက္ခမီ ရေလယ်ဘုရား)

mitv

- Insight Myanmar: Women & Election
- Image of The Monks
- Modifying Natural Thanakha Bark into Ready-Made Skin Care Product
- Products of Myanmar - Power Ring
- Sagaing: Guitar
- Myanmar Performing Arts- Puppet
- Family of Toys
- A Nun's Creation in Fruit Carving
- Kyaikhteeyoe: Bamboo Guns
- A Day Out With Sarah (EP-5)
- Maha Muni Pagoda
- Taste of Myanmar (Rice Salad with Vegetables)
- Tea Leaves
- Myanmar Chef (Japanese)
- Myanmar Delicate Artistic Handy Creations- The Making Procedure of Goldsmith
- The Beauty In The North of Myanmar
- A Day Life of Kayan Padaung Tribe
- Scented Buddha Images
- Shrinking Footprints
- Now In Yangon "Victoria Hospital"
- Welcome to the Southern most part of Myanmar
- Youth of The Future (Ep-12) Young with Colour (Toe Wai)
- MONASTERY (Bargayar Kyaung)

ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကြီးကတော့ ပြည်ဖုံးကားချလိုပြီးဆုံးသွားခဲ့ပါပြီ။ အဲဒီအမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ချန်ပီယံဆုရှင်ကတော့ ၂၀၁၁ ခုနှစ်က ဖလားရဖို့ လက်တစ်ကမ်းအလိုမှာပဲ အိပ်မက်ပျက်ပြယ်ခဲ့ရတဲ့ အမေရိကန်အမျိုးသမီးအသင်းပါ။

အမေရိကန်အမျိုးသမီးအသင်း ၂၀၁၁ ရှုံးကြွေး ပြန်ဆပ်နိုင်ခဲ့ပြီ

နိုင်လင်းကြည်

အမေရိကန်အမျိုးသမီးအသင်းဟာ ၂၀၁၁ ခုနှစ်တုန်းက ဂျပန်အမျိုးသမီးအသင်းကို ပိုလ်လုပွဲမှာ ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ ဒါပေမယ့် အခု ၂၀၁၅ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ၂၀၁၁ ချန်ပီယံ ဂျပန်အမျိုးသမီးအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူပြီး ရှုံးကြွေးပြန်ဆပ်ခဲ့တာလည်း ဖြစ်ပါတယ်။

အမေရိကန်အမျိုးသမီးအသင်းဟာ အခုလို အနိုင်ရလိုက်တာကြောင့် သူတို့ရဲ့သမိုင်းမှာ အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံဆုကို သုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့တဲ့ စံချိန်ကိုလည်း ရရှိခဲ့ပါတယ်။ ချန်ပီယံဖြစ်ခဲ့တဲ့ခုနှစ်တွေကတော့ အခု ၂၀၁၅ ခုနှစ် အပါအဝင် ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၉ ခုနှစ်တွေမှာ အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံဆုကို ကိုင်မြှောက်ခုနှစ်ကြိမ်အတွင်းမှာလည်း ချန်ပီယံ သုံးကြိမ်၊ ဒုတိယနေရာတစ်ကြိမ်နဲ့ တတိယနေရာသုံးကြိမ် ရရှိထားခဲ့ပြီး သမိုင်းတစ်လျှောက်မှာ သူတို့ရဲ့ ခြေစွမ်းဟာ ကျဆင်းသွားခဲ့ခြင်းမရှိခဲ့ပါဘူး။

ဂျပန်အမျိုးသမီးအသင်းကတော့ အမျိုးသမီးကမ္ဘာ့ဖလားခုနှစ်ကြိမ်အတွင်းမှာ ၂၀၁၁ ခုနှစ်က ချန်ပီယံ၊ အခု ဒုတိယနေရာတို့ကလွဲပြီး

စီရိုနယ်လ်ဒိုအား ရီးယဲလ်ရောင်းချရန်စီစဉ်

စီရိုနယ်လ်ဒိုအား ရီးယဲလ်မှ လာမည့်နှစ်နှစ်အတွင်း ရောင်းချရန် စီစဉ်ထားပြီး အပြောင်းအရွှေ့ကိစ္စရပ်အတွက် ရီးယဲလ်နှင့် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည်။ ပေါ်တူဂီအသင်းခေါင်းဆောင်က ကစားသမားဘဝကို ရီးယဲလ်ဂန္ထဝင်ကစားသမား ဇီဒန်းကဲ့သို့ ရီးယဲလ်၌သာ အဆုံးသတ်သွားရန် ဆန္ဒရှိနေသော်လည်း ဥက္ကဋ္ဌ ပီရက်ဇ်ကမူ ရိုနယ်လ်ဒိုအား ရေရှည်စီမံကိန်းတွင် ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။

ဂင်းအား ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချခြင်းမပြုနိုင်လျှင် လာမည့် ၁၂ လအတွင်း အခြားအသင်းသို့ထွက်ခွာရဖွယ်ရှိနေသည်။ ရိုနယ်လ်ဒိုသည် ရီးယဲလ်တွင် ကစားခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ဘလွန်းဒီအောဆုနှစ်ကြိမ်ရရှိခဲ့ပြီး စုစုပေါင်း ၂၈၂ ပွဲ ဝင်ရောက်ကစားခဲ့ကာ သွင်းဂိုး ၂၉၁ ဂိုးအထိ သွင်းယူပေးထားခဲ့သည်။

ထိုပြင် စီရိုနယ်လ်ဒိုမှာ အသက် (၃၀)အရွယ်ကို ကျော်လွန်လာပြီး တစ်ရာသီထဲ ပွဲပေါင်းမြောက်မြားစွာ ကစားလာခဲ့ရာ ကြီ့ခိုင်မှုကျဆင်းလာနိုင်သည့် အနေအထားကြောင့် ပီရက်ဇ်က ရောင်းထုတ်ရန်စီစဉ်လာခြင်းဖြစ်သည်။ လက်ရှိတွင် စီရိုနယ်လ်ဒိုမှာ ခြေစွမ်းအမြင့်ဆုံးအဆင့်ကို ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သောကြောင့် စျေးကွက်အခြေအနေကောင်းမွန်နေဆဲမှာပင် စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောင်းချရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

ဥက္ကဋ္ဌပီရက်ဇ်က ဂါရတ်ဘေးလ်နှင့် တိုနီခရူးစ်အား ခေါ်ယူလိုသည့်အသင်းများကို ဘေးလ်နှင့်ခရူးစ်မှာရောင်းချမည့် ကစားသမားများမဟုတ်ဟု တို့ပြန်ထားသော်လည်း စီရိုနယ်လ်ဒို၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ နှုတ်ဆိတ်နေခဲ့သည်။ ထို့ကြောင့် စီရိုနယ်လ်ဒိုအနေဖြင့် အသင်းပြောင်းတော့မည်ဟု သတင်းများ ထွက်ပေါ်လာရာ ကစားသမားကိုယ်တိုင်ကမူ နည်းပြသစ် ဘင်နီတက်ဇ်နှင့်အတူ တွဲ၍ အလုပ်လုပ်လိုကြောင်းဆိုခဲ့သည်။ **(မေလဲ့သင်း)**

ဘင်ဇီမာနှင့် ဗီဒယ်လ်တို့အား တစ်ပြိုင်နက်တည်းခေါ်ယူရန် အာဆင်နယ်ကြိုးပမ်း

အာဆင်နယ်အနေဖြင့် ၁၁ နှစ်ကြာ ပရီမီယာလီဂ်ဖလား လက်မဲ့ရာသီကို အဆုံးသတ်စေရန်အတွက် ယခုနှစ်တွင် ထိပ်တန်းကစားသမားနှစ်ဦးဖြစ်သော ရီးယဲလ်တိုက်စစ်မှူးကာရင်ဘင်ဇီမာနှင့် ဂျူဗင်တပ်ကွင်းလယ်လူ ဗီဒယ်လ်တို့နှစ်ဦးအား ခေါ်ယူရန်ကြိုးပမ်းနေသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ဂီရော့ဒ် တစ်ယောက်တည်းသာ အားကိုးနေရသည့် တိုက်စစ်၌ ဘင်ဇီမာအား ထပ်မံအားဖြည့်ခေါ်ယူပြီး ပြင်သစ်တိုက်စစ်အတွဲဖြင့် တိုက်စစ်ကိုပုံဖော်မည်ဖြစ်သလို ကွင်းလယ်တိုက်စစ်နေရာ၌လည်း ဆန်းချက်ဇ်နှင့် ဗီဒယ်လ်တို့ကို ထားကာ ရာသီသစ်တွင် ပရီမီယာလီဂ်ဖလားကို စိန်ခေါ်နိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

အာဆင်နယ်ဘက်မှ ဘင်ဇီမာအတွက် ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၈ သန်း၊ ဗီဒယ်လ်အတွက် ပေါင် ၂၂ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ရီးယဲလ်နှင့် ဂျူဗီနှစ်သင်းစလုံးက ယေဘုယျအားဖြင့် သဘောတူညီခဲ့ကြသည်။ ဘင်ဇီမာကလည်း အခြားအသင်းများထက် ပြင်သစ်ကစားဖော်အများအပြားရှိနေသည့် အာဆင်နယ်သို့သာ ပြောင်းရွှေ့ကစားလိုပြီး ရီးယဲလ်နည်းပြ ပီရက်ဇ်ဘက်မှ အဆိုပါကမ်းလှမ်းမှုကို လက်ခံခဲ့သည်ဟု စပိန်သတင်းများတွင် ဖော်ပြသည်။

ဗီဒယ်လ်ကို ဂျူဗင်တပ်က ရောင်းချရန် ဆန္ဒမရှိသော်လည်း ကစားသမားကိုယ်တိုင်က အတွေ့အကြုံသစ်များရရှိရန် အီတလီပြင်ပ ထွက်ကစားသွားမည်ဟု အစောပိုင်းကပင် ပြောကြားထားပြီးဖြစ်သည်။ ထိုပြင် ဗီလာနှင့် အာဆင်နယ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေ ဖလားပိုလ်လုပွဲကိုလည်း ဗီဒယ်လ်၏ အေးဂျင့်ဖြစ်သူက လာရောက်ကြည့်ရှုခဲ့ရာ အာဆင်နယ်သို့ ဗီဒယ်လ် ပြောင်းရွှေ့ကစားတော့မည်ဆိုသည့် သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်သည် ယခင်က အပြောင်းအရွှေ့စျေးကွက်တွင် ထိပ်တန်းကစားသမားများကို ခေါ်ယူလေ့မရှိသော်လည်း ၂၀၁၃ တွင် အိုဇေးလ်၊ ၂၀၁၄ တွင် ဆန်းချက်ဇ်တို့အား ခေါ်ယူခဲ့ပြီး နောက်ပိုင်း ယခုနှစ်တွင်လည်း ကမ္ဘာ့ထိပ်တန်းကစားသမား နှစ်ဦးကို ထပ်မံခေါ်ယူရန် ကြိုးစားလာခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

မန်ယူမှာ လုံရစ်အတွက် ထိပ်တန်းအသင်းမဟုတ်



မန်ယူသည် အသင်းမှထွက်ခွာရန်အလားအလာများနေသည့် ဂိုးသမားဒီဂီယာ၏နေရာအားအစားထိုးရန် စပါးဂိုးသမား ဟူဂိုလိုရစ်အားအလိုရှိနေရာ ယခင်ပြင်သစ်နည်းပြဟောင်း ဒိုမီနက်ချ်ကလိုရစ်အနေဖြင့် မန်ယူ၏ကမ်းလှမ်းမှုကိုပယ်ချကာ အခြားချန်ပီယံလီဂ်ဝင်ခွင့်ရအသင်းကြီးများသို့သာ ပြောင်းရွှေ့သင့်သည်ဟု အကြံပြုပြောကြားခဲ့သည်။ မန်ယူဂိုးသမား ဒီဂီယာသည် ရီးယဲလ်သို့ ပြောင်းရွှေ့ကစားလိုသည်ဟု ပြောကြားခဲ့ပြီးနောက်ပိုင်း မန်ယူက လိုရစ်အားအကြိမ်ကြိမ်ချိတ်ဆက်ကမ်းလှမ်းမှုများပြုလာခဲ့သည်။

ဆရာဟောင်းဖြစ်သူ ဒိုမီနက်ချ်က ဂိုးသမား လိုရစ်အား စပါးမှထွက်ခွာကာ အာဆင်နယ်၊ ချယ်လ်ဆီးနှင့် မန်စီးတီးစသည့် ပရီမီယာလီဂ်အင်အားကြီးကလပ်များနှင့် အခြားအင်္ဂလန်ပြင်ပအသင်းများသို့ ထွက်ခွာရန်ကြိုးပမ်းသင့်သော်လည်း မန်ယူကမူ စပါးကဲ့သို့ အသင်းမျိုးဖြစ်သောကြောင့် သွားရောက်ကစားရန်မသင့်ဟု ဆိုခဲ့သည်။

ဆက်လက်၍ ဒိုမီနက်ချ်က လိုရစ်အနေဖြင့် မန်ယူသို့ပြောင်းရွှေ့ခဲ့ပါက ပိုမိုအဆင့်မြင့်သည့် အသင်းသို့ရောက်ရှိသွားခြင်းမျိုးဖြစ်မည်မဟုတ်ကြောင်း၊ မန်ယူမှာ စပါးကဲ့သို့ပင် ကစားပေါက်တူသည့်အသင်းဖြစ်သောကြောင့် မည်သည့်အတွေ့အကြုံသစ်မျှ ရရန်အကြောင်းမရှိကြောင်းမန်ယူ၏ အစဉ်အလာကို ထည့်သွင်းမစဉ်းစားလျှင် အာဆင်နယ်နှင့်ချယ်လ်ဆီးတို့ကသာ အင်္ဂလန်ထိပ်တန်းအသင်းများဖြစ်ကြောင်း ဆိုခဲ့သည်။ **(မေလဲ့သင်း)**

ညအိပ်ရပ်ထားသော ကုန်တင်ယာဉ်ပေါ်မှ ပဲအိတ်များခိုးယူသည့်အဖွဲ့ကို ဖမ်းဆီးအရေးယူ

ရန်ကုန် ဇူလိုင် ၆

ကြို့ပင်ကောက်မြို့မှ မတ်ပဲအိတ်များ တင်ဆောင်လာပြီး ယာဉ်မောင်း ဦးဇေယျာဝင်း မောင်းနှင်လာသည့် နီဆန်း ၁၂ ဘီး ကုန်တင်ယာဉ်သည် ဇွန် ၁၃ ရက်က မော်ဘီမြို့နယ် မြောင်းတကာကျေးရွာတွင် ယာဉ်ရပ်နားကာ ခေတ္တအိပ်စဉ် ပဲအိတ် ၃၀ ပျောက်ဆုံးနေကြောင်း သိရသည်။

ဇွန် ၂၁ ရက်က အမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် CC/----ပရိုဘောက် ယာဉ်နှင့်အတူ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၃၈/၃)အနီးဒဲ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နေသူများ ဖြစ်ကြသည့် ယာဉ်မောင်းနေလင်းထွန်း(၂၁)နှစ်၊ အောင်ကိုလတ် (၂၃)နှစ်၊ စိုးပိုင် (၂၀)နှစ်၊ အောင်သူ (၂၂)နှစ်နှင့် ဒဂုံ မြို့သစ် (အရှေ့ပိုင်း) မြို့နယ်နေ အောင်ကိုဝင်း (၂၀)နှစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ၦင်းတို့အား စစ်ဆေးရာ ဇွန်လပိုင်းအတွင်းက လှိုင်သာယာမြို့နယ် တံတားထိပ်တွင် ညအိပ်ရပ်နားထားသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ မတ်ပဲ ငါးအိတ်ကို ၎င်းတို့ ငါးဦး အတူခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ခိုးယူရာတွင် အသုံးပြုသော သက်သေခံ မော်တော်ယာဉ်နှစ်စီးနှင့် ခိုးယူရောင်းချထားသည့် မတ်ပဲအိတ်အချို့အား သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ထွက်ပြေးတိမ်းရှောင်နေသူများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ်တွင် ခါးပိုက်နှိုက် ငါးဦး ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်များဖမ်းဆီးရမိရေး နယ်မြေအတွင်း စောင့်ကြည့် ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက် နံနက် ၉နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် ဘူတာရုံလမ်း ကျောင်းရှေ့ကားမှတ်တိုင်တွင် ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်မှ လှိုင်သာယာမြို့နယ်နေ ကြွက်နီ(ခ)ဝေယံ (၂၂)နှစ်၊ သန့်ဇင်(၂၁)နှစ်နှင့် ဝသုန် (၂၀)နှစ်တို့ သုံးဦး အားစစ်ဆေးရှာဖွေရာ ငွေကျပ် ၁၆၅၀၀ အားတွေ့ရှိပြီး ယာဉ်ပေါ်ပါအသက် (၅၀)နှစ်ခန့် အမျိုးသား၏ လွယ်အိတ်အတွင်းမှ နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဘူတာရုံလမ်းရှိ သမိုင်းဘူတာရုံ မှတ်တိုင်တွင် ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်မှ ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေ ကျော်ကျော်(ခ) ကျော်လွင်(၂၆)နှစ် နှင့် သူရ (၂၅)နှစ်တို့ နှစ်ဦးအား စစ်ဆေးရှာဖွေရာ ငွေကျပ် ၁၅၀၀၀ တွေ့ရှိပြီး ယာဉ်ပေါ်ပါ အသက်(၂၀)နှစ်ခန့် အမျိုးသား၏ ဘောင်းဘီအိတ်အတွင်းမှ နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ငါးဦးအား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေ ရဲစခန်းက အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

(၀၄၀)

နန်းဦးလှိုင် ကျူးထော်ရေတံခွန်၊ ရသေ့ပျံဂူ၊ ကော့ဂွန်းဂူ

● ၀၈:စိန်ဘောရသရာတော်ရုပ်ကလာပ်ပူးနှင့် ဗော်လမ်ပြိုင်တောင်ပေါ်ဘုရား၀ဲ၊ ကျိုကွမီ၊ဧက်ခဲကမ်း:ဘြဲ၊ကျိုက်မရော၊ နွားလပို့တောင်၊ ၈:ကျိုက်ရေတံခွန်(၂)ရက်။ ● ကျူးထော်ရေတံခွန်နှင့် ကျောက်ကလပ်၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ ကော့ဂွန်းဂူ (နေ့ချင်းပြန်) ● ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရား၀ဲ့ပူး၊ ငါးသိုင်း:ခေတ်: နဂါးရစ် (နေ့ချင်းပြန်) ● မဲလ်ဆံတော်ရှင်နှင့် ၈:ကျိုက်ရေတံခွန် (နေ့ချင်းပြန်) ● တောင်ကြီးအင်းလေး၊မေ့တော်ကတ္တူ၊ဖမ့်စမ်:ဂူ (၄)ရက် (သောကြာ၊ ရုံးပိတ်ရက်နှင့် ၃၀-၇-၂၀၁၅နေ့)ထွက်သည်။ **ကားစီးလုံ့ဌား လက်ခံသည်။** 01-391577
အမှတ်(၄၂)၊လမ်း၊ဗောက်လမ်း၊မြို့မကျေး၊အနောက်၊သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ပန်းဆိုးတန်းလမ်း(အထက်)၊ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုးကွေ့စံလမ်း၊ ကျောက်ခြောင်းရေမှ၊ တာမွေမြို့နယ်။ 09-254821597

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် ရေပိုက်လိုင်းသွယ်တန်းမှု လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)တွင် (၈-၇-၂၀၁၅)ရက်မှ (၂၄-၇-၂၀၁၅)ရက်အထိ နေ့ခင်နံနက်(၉း၃၀နာရီမှ ညနေ (၄း၃၀) နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ စီမံရေးရာဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၄-၇-၂၀၁၅)ရက် ညနေ(၄း၃၀)နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ စီမံရေးရာဌာနသို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၅၇-၂၇၅၂၅၊ ၀၉-၂၅၀၁၀၇၉၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

မြစ်သာရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် မြေပြိုမှုဖြစ်ပွားရ အလုပ်သမား သုံးဦးသေဆုံး

ဂန့်ဂေါ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင် နယ်မြေတွင် ဇူလိုင် ၅ရက်နံနက်ပိုင်းက အလုပ်သမားသုံးဦး မြေပြိုပိမှုကြောင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက်နံနက် ၁၀နာရီက မြစ်သာရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်နယ်မြေ နှစ်သောင်းကုန်းလုပ်ငန်းခွင်ရှိ သဲရေစစ်မြေတူးသည့် လုပ်ငန်းခွင်တွင် အလုပ်သမား သုံးဦးမှာ အနက် ရှစ်ပေ၊ အကျယ်၁၅ပေရှိ မြေကျင်းထဲသို့ဆင်း၍ အမှိုက်များနှင့် သစ်မြစ်များအား ရှင်းလင်းကောက်ယူစဉ် မြေပြိုကျမှုဖြစ်ပွားကာ မြေပိမှု ဖြစ်ပွားခဲ့သည်။

ယင်းနေ့ မွန်းတည့် ၁၂နာရီခန့်တွင် သဲရေစစ်မြေကျင်းအတွင်းမှ အလုပ်သမားများနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတို့ ဝိုင်းဝန်းတူးဖော်ခဲ့ရာမှ ဦးသန်းဝင်း(၅၁)နှစ် ဇလွမ်းကုန်းအုပ်စု တောင်သာမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူတွင် မျက်နှာတစ်ပြင်လုံးညိုမည်းဖူးရောင်၊ နှာခေါင်းနှင့်ပါးစပ်မှ သွေးထွက်ဒဏ်ရာများဖြင့်(သေဆုံး)၊ မဇလိုင်မိုး(၁၇)နှစ် လီလင်းရွာ ဂန့်ဂေါမြို့နယ်နေသူတွင် မျက်နှာတစ်ပြင်လုံးညိုမည်းဖူးရောင်၊ နှာခေါင်းနှင့်ပါးစပ်မှ သွေးထွက်ဒဏ်ရာများဖြင့် (သေဆုံး)၊ မချစ်စုပုံ (၁၈)နှစ် ဇေယျာကျေးရွာ အောင်လံမြို့နယ်နေသူတွင် မျက်နှာတစ်ပြင်လုံးညိုမည်းဖူးရောင်၊ နှာခေါင်းနှင့်ပါးစပ်မှ သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

ထန်းပင်အား ဆိုင်ကယ်ပြင့်ဝင်တိုက်မိရာမှ သေဆုံး

ရေး ဇူလိုင် ၆

သောင်ပြင်ကျေးရွာနှင့် တောင်ဘုံကျေးရွာအကြား သောင်ပြင်ကျေးရွာအနီးတွင် ဇူလိုင် ၅ ရက် ညပိုင်းက လမ်းဘေး၌ ဆိုင်ကယ်တိမ်းမှောက်၍ လူတစ်ဦးသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ သောင်ပြင်ကျေးရွာမှ တောင်ဘုံကျေးရွာသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း အနောက်မှ အရှေ့သို့ အစိုး(၄၂)နှစ် တောင်ဘုံကျေးရွာ ရေးမြို့နယ်နေသူ မောင်းနှင်လာသည့် ဝေ့ဖ်အာရ် 125အမျိုးအစား ဖြူနုက်ကျားဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် ဘေးသို့ ထိုးကျ၍ လမ်ဘေးရှိ ထန်းပင်အား ဝင်တိုက်မိခဲ့သည်။

ဆိုင်ကယ်တိုက်မိမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အစိုးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထွန်ထွန်(ရေး)

လျှပ်စစ်ဘုတ်ခုံအပူလွန်ကဲရာမှ ပြည်ကြီးတံခွန်တွင် မီးလောင်မှုဖြစ်ပွား

မန္တလေး ဇူလိုင် ၆

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အရာတော်ရပ်ကွက် စက်မှုပန်းခြံလမ်းရှိ ဦးဖြိုးပြည့်ဝိုး (၂၈) နှစ်၏ ဆိုင်တန်းတွင် ဇူလိုင် ၆ရက် နံနက်၄နာရီခွဲခန့်က လျှပ်စစ်ဘုတ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ တိုင်းဒေသကြီး ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်အစီး၄၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ လောကပါလ ရေသယ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက်၅နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အလျားပေ၁၀၊ အနံပေ၂၀ နံကပ်သွပ်မိုးဆိုင်ခန်းအတွင်းရှိ ဆိုင်ကယ်တာယာများ၊ ကာဗာများ၊ ဆိုင်ခန်းတန်းလျားရှိ ပြောင်းဆန်များ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးဖြိုးပြည့်စိုးအား ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဂန့်ဂေါမြို့၌ ယာဉ်နှစ်စီး ကန့်လန့်ဖြတ်တိုက်

ဂန့်ဂေါ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ပိုလ်ချုပ်လမ်းနှင့် ခရေပင်လမ်းဆုံတွင် ဇူလိုင် ၄ ရက် နံနက် ၈နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့ပြင်မှ မြို့တွင်းသို့ ပိုလ်ချုပ်လမ်းမကြီးအတိုင်း ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်နေ ဦးစန်းဝင်း ၄၈ နှစ် မောင်းနှင်သည့် YGN 9B/---- (MTL) Nissan Diesel ၁၂ ဘီးယာဉ်နှင့် ကျောတိုက်ရပ်ကွက်မှ ပိုလ်ချုပ်လမ်းပေါ်သို့ ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်နေ ဦးစံရှားလိုင်(၆၅)နှစ် မောင်းနှင်သည့် 7H/--- Landcruser Prado ယာဉ်တို့ ကန့်လန့်ဖြတ်တိုက်မိရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ၁၂ ဘီးယာဉ် ဦးခေါင်းပိုင်း ယာဘက်အစွန်းတွင် ပိန်ချိုင့်ပျက်စီးသွားပြီး Landcruser Prado ယာဉ်တွင် ဦးခေါင်းပိုင်းပိန်ချိုင့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်းနှင်သူ ဦးစန်းဝင်းနှင့် ဦးစံရှားတို့အား အရေးယူနိုင်ရေး ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ညီညာ(မြေလတ်)

မောင်းနှင်ထွက်ပြေးသည့်ယာဉ် တိုက်ရော့ပြုတ်ပြီး လမ်းပြင်အလုပ်သမား လေးဦးအား တိုက်မိ

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲ၂ နာရီက ကံတလူတိုးဂိတ်အနီး၌ 4I/----Crown အဖြူရောင်ယာဉ်တစ်စီး မောင်းနှင်ထွက်ပြေးသွားသဖြင့် ဖမ်းဆီးရာ အဆိုပါယာဉ်အား စစ်ကိုင်းမြို့နယ် ညောင်ပင်ဇင်းကျေးရွာ အနီး စစ်ကိုင်း-ရွှေဘို-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉/၇)နှင့်(၂၀/၀)ကြားတွင် တိုက်ရော့ပြုတ်ပြီး တစ်ဖက်ယာဉ်ကြောရှိ လမ်းပြင်နေသည့် အလုပ်သမားလေးဦးအား တိုက်မိစဉ် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ယာဉ်အား မောင်းနှင်ထွက်ပြေးသူမှာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံအရှေ့ရပ်နေ ကျော်စိုး(ခ)ဂျစ်တူး(၃၃) နှစ်ဖြစ်ပြီး ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ် ရှစ်တုံး (သုည ဒသမ ၄၀၄၄ တန်) သိမ်းဆည်းရမိခဲ့သည်။ ၎င်းယာဉ်ဖြင့်တိုက်မိမှုကြောင့် လမ်းပြင်အလုပ်သမားများဖြစ်သည့် စစ်ကိုင်းမြို့နယ် ရုံးပင်ကန်ရွာနေ ဒေါ်သီတာ(၄၆) နှစ်၊ ဒေါ်သီမာ(၄၄)နှစ်၊ ဒေါ်ဇာနွယ်(၃၃)နှစ်နှင့် ထူးထူးလေး(၃၂)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျော်စိုး(ခ) ဂျစ်တူးအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

ပြည်တွင်းရေးရာ

–ကျန်းမာရေးဆောင်းပါး–

ကိုလက်စထရော ကျစေသော ဝါးရွက်

à ကြည်လွင်မြင့်(မုဒ္ဒာ)

သွေးအတွင်း အဆီတိုးလာသော ဓာတ်ကို Cholesterolသူ ဟုခေါ်သည်ကို ခေတ်မီသူတိုင်းသိကြပြီးဖြစ်သည်။ Cholesterol များလာလျှင် သွေးတိုး၊ နှလုံးနှင့် လေဖြတ်ရောဂါတို့ဖြစ်နိုင်သည်။ အနည်းဆုံး လူဝလာပြီး အသည်းအဆီဖုံးရောဂါဖြစ်လေ့ရှိသဖြင့် လူတိုင်းကြောက်ရွံ့သော ဓာတ်တိုးရောဂါဖြစ်ပြီး ဝလာသူတိုင်း ခြောက်လတစ်ကြိမ် စစ်ဆေးကြည့်ရန် ဆရာဝန်ကြီးများကလည်း ညွှန်ကြားကြသည်။

ကြက်သွန်ဖြူစားလျှင် Cholesterol ကျစေသည်ဟု လူသိများသော်လည်း နောက်ပိုင်း သုတေသနပြုချက်များအရ မသေချာဟုဆိုသည်။ ထင်ထားသလောက် မကျဟုဆိုသည်။ တိုင်းရင်းဆေးပညာဘက်မှလည်း သုတေသနပြုသည့် ဓာတ်ခွဲခန်းများ ထူထောင်ပြီး ခေတ်မီသိပ္ပံနည်းကျ သုတေသနပြုလုပ်ကာ Cholesterol ကျစေသည့်အပင်များကို စမ်းသပ်ရှာဖွေလျက်ရှိသည်။

မြန်မာ့မြေပေါ်တွင် ပေါက်ရောက်သည့် လက်တစ်ကမ်းမှ ဆေးဘက်ဝင်အပင်များ၊ အရပ်သုံးဆေးမြီးတို အဖြစ် ရောဂါဟောက်ကြောင်း နာမည်ကြီးသည့် ဆေးပင်များရှိသည်။ ထိုထဲမှ Cholesterol ကျစေသည့် ဆေးဖက်ဝင် အပင်မှာ 'ဝါးပင်' ဖြစ်သည်။

ဆေးပင်သုတေသန ပြုချက်များအရ ဝါးပင်မှ ဝါးရွက်သည် သွေးအတွင်းရှိ Cholesterol ကို ကျစေသော Hypolipidaemic Activity ပါရှိပါသည်။ ဝါးရွက်လက်တစ်ဆုပ်စာမှရရှိသော သတ္တုရည်ကော်ဖီဇွန်းနှစ်ဇွန်းကို တစ်နေ့နှစ်ကြိမ် (သို့မဟုတ်) ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်တစ်ဝက်ကို တစ်နေ့နှစ်ကြိမ်သောက်သုံးပါက Cholesterol ကို သိသာစွာကျဆင်းစေသည်။ (ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ ပေါင်းချုပ်စာအုပ်၊ စာမျက်နှာ ၆၅၀ မှ) ဝါးပင်သည် မြန်မာ့တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်သောအပင်မျိုးဖြစ်သည်။ စိုက်ပျိုးပင်အဖြစ်လည်း စိုက်ပျိုးနိုင်သည်။ သမပိုင်းဥတုတွင် ပို၍ဖြစ်ထွန်းသည်။

"ဌက်ပျောကဆုန်၊ ဝါးနယုန်" ဟုဆိုသဖြင့် မိုးတစ်ပြိုက် နှစ်ပြိုက်ရွာချသည့် နယုန်လတွင် ဝါးကိုစိုက်ပျိုးနိုင်သည်ဟု ရှေးလူကြီးများ အဆိုရှိသည်။

ရုက္ခဗေဒအဆိုအရ ဝါးပင်အမျိုးပေါင်း ၂၀၀ ကျော်မျှရှိသည်။ အသုံးများသော လူသိများသောဝါးမျိုးများမှာ ကြခတ်ဝါး၊ ထီးရိုးဝါး၊ ဝါးနက်၊ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး၊ ဝါးဖြူ၊ မြင်ဝါး၊ ရွှေဝါး၊ ဝါးမင်း၊ ဝါးယား၊ ဝါးကောက် တို့ဖြစ်သည်။ ဝါးပင်မှ အစို့ထွက်လာသည့် မျှစ်မှာ မြန်မာတို့အကြိုက် အစားအစာဖြစ်သည်။ မျှစ်ချဉ်အဖြစ်လည်း အချဉ်တည်၍ စားကြသည်။ ဝါးပိုးမျှစ်ချဉ်ကို လူကြိုက်အလွန်များသည်။

ဝါးပင်ပေါက် မျှစ်စို့များသည် အပူဓာတ်ရှိသည်။ အစာအိမ်ကို အစာချေရည်ထွက်စေရန် လှုံ့ဆော်ပေးနိုင်သည်။ အစာစားချင်စိတ်ဖြစ်ပေါ်စေ၍ အစာစားပြီးချိန်တွင်လည်း အစာကြေစေနိုင်သဖြင့် နာတာရှည်ခံတွင်းပျက်သူ၊ နှုတ်မမြိန်ရောဂါရှိသူများ မျှစ်ကို ချက်ပြုတ်စားခြင်းဖြင့် ရောဂါသက်သာ စေနိုင်သည်။

မျှစ်ကို အနာပေါက်ဆေးကုရာတွင် အသုံးပြုပုံမှာ မျှစ်ကို သတ္တုရည်ညှစ်ပြီး အနာပေါ်တွင်လောင်း၍ အဝတ်ဖြင့် တစ်နာရီခန့်ပတ်စည်းထားလျှင် ပိုးတွယ်သောအနာကိုပင် သန့်စင်စေသည်ဟု ရှေးဆေးကျမ်းများတွင် တွေ့ရသည်။ ထိုနည်းတူ ဝါးရွက်တစ်မျိုးမျိုးကို ပြုတ်၍ အနာဖန်ဆေးခြင်းပြုပေးလျှင် အနာအကျက်မြန်စေနိုင်သည်။ အသားနုတက်စေသော ဖန်ဆေးဖြစ်သည်။

ဝါးရွက်သည် သွေးဖောက်ပြန်သော ရောဂါ၊ အပူငုပ်နာများကိုနိုင်သည်ဟုဆိုသည်။ ရှေးမြန်မာများသည် မီးဖွားပြီးနောက် သားအိမ်အတွင်းမှ သွေးဟောင်းသွေးပုပ်များ ကင်းစင်စေရန် ဝါးရွက်ဖြင့် ချွေးအောင်း၊ ချွေးထုတ်ခြင်းကို ပြုလုပ်ပေးကြသည်။

ဆေးကျမ်းများအဆိုအရ ကြခတ်ဝါးရွက်(သို့မဟုတ်) ဝါးရွက်တစ်မျိုးမျိုး လက်တစ်ဆုပ်စာကို ကြိတ်ချေ၍ ပြုတ်ပြီး လက်ဖက်ရည်ပန်းကန် တစ်လုံးခန့်သောက်ပါက သွေးအန်၊ သွေးကျရောဂါ၊ မီးယပ်သွေးချုပ်ရောဂါ ပျောက်ကင်းသည်။ ကလေးမွေးပြီး သူများ နို့ရွှင်ဆေးအဖြစ်လည်း တိုက်ကျွေးကြသည်။

ဝါးရွက်သည် ရှာဖွေရလွယ်ကူပြီး အဆိပ်အတောက်လည်း ကင်းသော အရွက်ဖြစ်သဖြင့် အဆီတိုးပြီး ဝလာသူများ အနောက်တိုင်းနည်းဖြင့် သွေးစစ်သောအခါ တက်နေသူများသောက် သုံးသင့်ကြောင်း ဆေးသုတေသနမှ အတည်ပြုထားသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

ကျိုက်ထို ဇူလိုင် ၆

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင်သက်မွေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမျူး ဖွင့်လှစ်သောအသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက်က ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာတွင်ကျင်းပသည်။

ဖွင့်ပွဲတွင် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ် ဦးစီးမှူးဦးမိုးဝင်းကသင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ပြောကြားသည်။

သင်တန်းတက်ရောက်မည့် သင်တန်းသားတစ်ဦးက "အခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်ပြီး သက်မွေးလုပ်ငန်းများ သင်ကြားပေးခြင်းဟာ ရွာသူရွာသားများအတွက် များစွာအကျိုးရှိပါတယ်။ သင်ကြားပေးတဲ့ပညာများကို ကြိုးစားသင်ယူပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားသွားပါမယ်" ဟုပြောသည်။

အဆိုပါသင်တန်းသို့ ကျေးရွာ၊ အုပ်စုများမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တပတ်ကြာမြင့်သည်။ **(ကျိုက်ထိုကျေးလက်)**

MYANMAR PROPERTY AWARDS 2015
WINNER
Best Condo Development

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံတွင် ပထမဆုံးနိုင်ငံတကာအဆင့် အိမ်၊ ခြံ၊ မြေဆိုင်ရာ ထူးချွန်ဆု
ASIA PROPERTY AWARDS မှချီးမြှင့်သော BEST CONDO DEVELOPMENT ဆုကို
DIAMOND INYA PALACE CONDOMINIUM
by Mandalay Golden Wing Construction Ltd. မှ
ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် သူငယ်ချင်းများဖြစ်သော
ဦးဝင်းအောင်+ဒေါ်နန်းမွှေးကြိုင်တို့နှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။
၁၉၈၈/ ၉၁ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေဘွဲ့ရသူငယ်ချင်းများ

ကွန်ပျူတာပုရောဟိတ်
ကလေးဘဝနေ့ဘင်ရေး စိတ်အေးရဖို့ ပုရောဟိတ်မှာမေးကြစို့
ကလေးဓာတာ၏အားကြီးသောဖြိုဟန်များဖြင့်လှုပ်ခတ်မိနာမည်လေးများ(၁၈၀)ကျော်
ခက်ခဲနက်နဲလှသောတြိစက္ကဓာတာအားစစ်ဆေးနိုင်သည့်တခုတည်းသောကွန်ပျူတာ

နာမည်များနင့်အတူတသက်တာဓာတာစစ်ဟောစာတမ်း(၃၆)မျက်နှာ
ပယောဂသမ္ဘဝိဘဝ်/ဗီဇိယ/သတိမူးထက်မြက်ပြီးကံအကျိုးပေးအားကြီးစေရမည်
ရောင်စုံအလှအခန့်ကြီးစက္ကဓာတာနှင့်ကင်ပွန်းတပ်နည်း/အချိန်နှင့်ရက်များ
ကလေးပုံကို Viberဖြင့်ပို့လျှင်စာအုပ်ဖုံးတွင်တင်ပေးမည်/ခွဲမွေးချိန်/လုပ်ငန်းနာမည်
နေ့ချင်း/လာရေး/နိုင်ငံခြား email ၇၀၀၀/မြို့တွင်း VPL နှင့် ၈၀၀၀/နယ်၉၀၀၀
(လူကြီးများတသက်တာနှင့်အနီးကပ်ကွန်ပျူတာဓာတာစစ်=၇၀၀၀/အပေးအဖြေအပါ=၁၂၀၀၀)/အမေးအဖြေသက်သက်=၅၀၀၀ VPL နှင့်ပို့ပေးမည်
တိုက်၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ဈေးလမ်းမကျယ်(အလယ်)/ပုဇွန်တောင်မြို့နယ်/ရန်ကုန်
ဆရာကြီးဆိန်းမြင့် A.G.T.I(Mech.Engg) ထံဇုန်းသာဆက်လိုက်ပါ 0931079394
095179128/0931300995/09972228316/ViberPh:09972122177

ဝန်ထမ်းအလိုရှိသည်
အသက် ၂၅နှစ်နှင့်အောက် ကျား/မ
Online Game(DOTA) ကစားဖူးသူဖြစ်ရမည်။
နေ့/ညဆိုင်း အလုပ်လုပ်နိုင်ရမည်။
ရိုးသားကြိုးစားရမည်။
ကိုယ်ရေးရာဇဝင် CV ဖောင်၊ ဓာတ်ပုံ ၁ပုံ၊ ရဲစခန်းထောက်ခံစာ ယူဆောင်လာရန်
ODIN Co.,Ltd.
အမှတ်(၃၉၆)၊ ဝါယာလက်(၃)လမ်း၊ အရှေ့ဝါယာလက်(၃)လမ်းသွယ်၊
(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဝမုန်းပွင့်ကုန်တိုက်အနီး၊ ရန်ကုန်မြို့။
Ph-09-795139488/09-259263029/09-260689978

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါသွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၂၂၃၄၀၊ ၀၉-၅၁ခ၁ခ
(ရုံးအချိန်အတွင်းသာ)

MYANMAR PROPERTY AWARDS 2015
WINNER
Best Condo Development

Sand filter
Carbon filter
Birm filter
Resin filter
ONE YEAR GUARANTEE!
Now = 198000
Now = 225000
Now = 360000
Now = 657000

ဝမ်းတွင်း၌စာကြည့်တိုက် ဆောက်ရန် ရှာသုံးရှာအား ကျပ် ၁၀ သိန်းစီပေးအပ်

မန္တလေး ဇူလိုင် ၆

မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ပြည်သူများအသိပညာဗဟုသုတရှာမှီးရန်အတွက် ဆောက်လုပ်လျက်ရှိသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်များ၊ ငွေများ ကူညီထောက်ပံ့လျက်ရှိရာ ဝမ်းတွင်းမြို့နယ်အတွင်း စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ကျေးရွာသုံးရွာအတွက် တစ်ရွာလျှင်ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ဇူလိုင် ၃ ရက် ညနေ ၃ နာရီကတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက ယခုထောက်ပံ့ပေးအပ်သော ကျေးရွာများသည် စံ (၅) ချက်ညီစေရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်၍ ကျေးရွာသက်ဆိုင်ရာအဖွဲ့အစည်းများမှ စာကြည့်တိုက်ကို စံ (၅) ချက်နှင့်အညီ ဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့သည်။

စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်အဆောက်အအုံကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ဝမ်းတွင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် ကျေးရွာများ၏ သက်ဆိုင်ရာစာကြည့်တိုက်ကော်မတီများက ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆက်လက်ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ စာကြည့်တိုက်တစ်တိုက်လျှင် ကျပ် ၁၀ သိန်းဖြင့် ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကျေးရွာ၊ သာစည်မြို့နယ်တွင် ဘူးရုံကျေးရွာ၊ တောင်သာမြို့နယ်တွင် နန်းတည်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆင်တိုင်ကန်ကျေးရွာနှင့် စဉ့်ကိုင်မြို့နယ်တွင် ကြက်စိမ့်ကျေးရွာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုအခါ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျောင်းကုန်းကျေးရွာ၊ ဆင်သေကွေ့ကျေးရွာ၊ ပုလဝါကျေးရွာ သုံးရွာကို ထပ်မံထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ဦးပိန်တံတားအလှကိုကြည့်ရှုသူများ၍ လှေသမားများအလုပ်ဖြစ်

အမရပူရ ဇူလိုင် ၆

မြန်မာနိုင်ငံအနှံ့မှ မန္တလေးသို့ လာရောက်သူများ အများဆုံးစိတ်ဝင်စားသည့်နေရာမှာ ဦးပိန်တံတားပင်ဖြစ်ပြီး မန္တလေးရောက်ဘုရားဖူးအများစုမှာ တောင်သမန်အင်းနှင့် ကမ္ဘာကျော်ဦးပိန်တံတားသို့ သွားလေ့ရှိကြကာ ယခုနှစ်ရေဦးတိုးချိန်တွင် ဦးပိန်တံတားအလှကို လာရောက်ကြည့်ရှုသူများလာသဖြင့် တံတားအနီးဝန်းကျင်ရှိ ငှက်လှေသမားများ ပြန်လည်အလုပ်ဖြစ်လာကြောင်း ၎င်းတို့က ပြောသည်။

ယခုနှစ်တောင်သမန်အင်းမှာ ရေစတင်ဝင်ရောက်နေပြီး ရေပြင်ဖွေးဖွေးနှင့် ဦးပိန်တံတားအလှမှာ ပေါ်လွင်လျက်ရှိပြီး တံတားပေါ်လမ်းလျှောက်သူများ၊ မယ်ဇယ်တန်းတွင် အစုလိုက်အဖွဲ့လိုက် အေးဆေးစွာ စားသောက်အနားယူအပန်းဖြေသူများ၊ ရေချိုးသူများ၊ ငှက်လှေစီးသူများဖြင့် ဧည့်သည် များပြားလျက်ရှိသည်။

လက်ရှိကာလတွင် တောင်သမန်အင်းမှ ငှက်လှေသမားများသည် ငှက်စီးသူများ ပြားစွာရှိသည့်အတွက် အလုပ်ဖြစ်လျက်ရှိကာ ဦးပိန်တံတားတွင် ငှက်လှေ ၄၀ ကျော်ရှိပြီး အများစုသောငှက်လှေသမားများမှာ အမရပူရမြို့နယ်အတွင်းရှိ ပန်းချီ၊ ကုက္ကို၊ ဘိုးအိုး၊ တောင်သမန်နှင့် အခြားရွာများမှ လာရောက်ငှက်ခတ်ကြသည်။

ငှက်လှေကို နံနက် ၇ နာရီခန့်မှ လာရောက်ခတ်လေ့ရှိပြီး လက်ရှိကာလ ရေဦးတိုးချိန် ပြည်တွင်းဧည့်သည်အဝင်များကာ ငှက်လှေစီးသူ များပြားနေခဲ့ကာ ငှက်လှေတစ်စီးကို လူ ၁၀ ဦးကျော်အထိ တင်သော်လည်း လက်ရှိကာလတွင် ငှက်လှေတစ်စီးကို မိသားစုလိုက် အဖွဲ့လိုက် ငါးယောက် ခြောက်ယောက်လောက်သာ စီးကြသည်။

ရေနည်းချိန်တွင် ငှက်လှေစီးမှုနည်းပါးခဲ့သော်လည်း ယခုအခါ ရေဦးတိုးချိန် ငှက်လှေသမားများ ပြန်လည်အလုပ်ဖြစ်လာကာ နှစ်စဉ်ဦးပိန်တံတားသို့ ဧည့်သည်လာရောက်မှုမှာ ဝါဆိုလများမှ စတင်လေ့ရှိပြီး ဝါဆိုလမှစကာ တောင်ပြန်းနတ်ပွဲ၊ ရတနာဂူနတ်ပွဲတို့နှင့်ဆက်ကာ ခရီးသွားရာသီအထိ ဆက်သွားကြောင်း ငှက်လှေဆရာတစ်ဦးကပြောပြသည်။

တိမ်ဝံတမန်

ဖလမ်း၌ ၂၀၁၅ ခုနှစ် ခရိုင်အဆင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး (အခြေခံပညာကဏ္ဍ) ဆွေးနွေး

ဖလမ်း ဇူလိုင် ၆

ချင်းပြည်နယ် ဖလမ်းခရိုင် ၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေးပွဲ (အခြေခံပညာကဏ္ဍ) ကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ဖလမ်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဇုန်လွယ်ခန်းမ၌ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖလမ်းခရိုင်၊ မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ယင်းနောက် အမျိုးသားပညာရေးဥပဒေများ အခြေခံပညာရေးဥပဒေ(မူကြမ်း) ကို ဖလမ်းမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေမြင့်ကလည်းကောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)ကို တီးတိန်မြို့နယ်ပညာရေးမှူး ဦးငိုဆွန်းကလည်းကောင်း၊ ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)ကို တွန်းဇန်မြို့နယ် ပညာရေးမှူး ဒေါ်ကျိန်လမ်ညောင်ကလည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ဖလမ်းမြို့နယ်ပညာရေးမှူးက "ခရိုင်အဆင့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆွေးနွေးပွဲ (အခြေခံပညာကဏ္ဍ) ရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီမိုကရေစီပြောင်းလဲလာသည်နဲ့အမျှ ခေတ်စနစ်နှင့်အညီ ပညာရေးစနစ်ကိုလည်း ပြောင်းလဲရမည်ဖြစ်တဲ့အတွက် အမျိုးသားပညာရေးဥပဒေသည်လည်း မကြာခင်ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ဥပဒေမပြဋ္ဌာန်းခင်မှာ ပညာရေးနှီးနှောဖလှယ်ပွဲ ခရိုင်အဆင့်ကို အချက်(၃) ချက်ဖြင့် ဆွေးနွေးပြီး အကြံဉာဏ်များရယူကာ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမှာဖြစ်ပြီး နိုင်ငံတော်အတွက် အလားလာကောင်းသည့် အမျိုးသား ပညာရေးဥပဒေဖော်ဆောင်နိုင်ရန် ပံ့ပိုးနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

PHYATHAI 3 INTERNATIONAL HOSPITAL

ဝမ်းမြောက်ဂုဏ်ယူခြင်း

သုံးထပ်ဆင့်အကယ်ဒမီပြေတီဦးနှင့် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့၏ သားရတနာ၊ ပြေသုဒြာ၏ မောင်လေးကို (၂၇-၆-၂၀၁၅)ရက်တွင် မွေးဖွားကြောင်း သိရ၍ PHYATHAI 3 International Hospital ဗန်ကောက်မြို့၏ ကိုယ်စားလှယ်၊ Pan Asia Medical Services မိသားစုမှ ဝမ်းသာဂုဏ်ယူပါသည်။

Myanmar Agent, Pan Asia Medical Services Co.,Ltd.

အမှတ်-၁၇၄၊ အနော်ရထာလမ်းနှင့် (၁၅)လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၁-၁၂၂၁၅၅၊ အီးမေးလ် - pams.phyathai@gmail.com

ဂန္ဓာဝင်ရှေးဟုဂ် Travels & Tours

ဗန်ကောက်	(၆)ရက်	USD	650
စင်ကာပူ	(၅)ရက်	USD	850
စင်ကာပူ + မလေးရှား	(၈)ရက်	USD	1350
သီရိလင်္ကာ	(၇)ရက်	USD	1450
ဟောင်ကောင် + မကာအို	(၅)ရက်	USD	1000
စီအမ် + ချန်ဒူး(တာရာကိုတာရှုပ်တု)	(၈)ရက်	USD	1800
ဒူဘိုင်း + အဘူဒါဘီ	(၆)ရက်	USD	1900
ဥရောပ (၇ရီ + တူရကီ)	(၉)ရက်	USD	4800
ဥရောပ နိုင်ငံကြီး (၈) နိုင်ငံ	(၁၄)ရက်	USD	4800
အမေရိကန်	(၁၆)ရက်	USD	6700

ကမ္ဘာကျော်၊ အသွဲ့အစည်း များအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် ဝိတ်ကြိုက်ပုံဟော်ဆီးစင်များကို ဂန္ဓမင်ရွှေပုဂ်၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်း ရွေးပေးပါသည်။ ကမ္ဘာအနှံ့ဆီးစင်များနှင့်ပက်သက်၍ ပိမိသိလိုသမျှကို အချိန်မရွေ့ ဖေါ်ပြနိုင်ပါသည်။

(YGN Office): 67, Baho Rd,Sanchaung,Yangon.Ph: 01-519300,510491, 01-2304645, 09-252281456 Hot Line: 09 - 73003772
(MDY Office): 81 Road, Between 33 x 34 St, Mandalay. Ph: 09 - 31693339, 09-73013856

ရွှေလမ်းခရီး ...ကျို့ကက်ထီးချိုး / ချောင်းသာ
* တောင်ကြီး(ထပ်စမ်းလိုဏ်ဂူ)၊ (မွေတော်ကဏ္ဍ)၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ
* ပုဂံ (ဖွယ်တော်လေးဆူ) ၊ (ပြည်ပါးပြည့်)၊ ညောင်ဦး၊ ပဒေါ်၊ ပခုက္ကူ
* မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် **လက်မှတ်ရောင်း / ဝင်းလုံးဌား**
* ကယားပြည်နယ် ဝိုင်ကော်(တောင်ကွဲတော်နှင့် ဒွေတောင်ဆည်)၊ ကလော ဘုရားစုံ
* မော်လမြိုင်၊ ကျိုက်မရော၊ နွားလသွင်တောင်၊ ကျိုက္ကမီ၊ စက်ခဲကမ်းခြေ
* ဘားအံ(ရွှေယည်မျှော်) သမိုင်းဝင်ဂူဘုရားများ (နေ့ချင်းပြန်) ခရီးစဉ်
* ကျိုထော်ရေတံခွန်နှင့် ဘားအံ(ရွှေယည်မျှော်)၊ ကော့ဂွန်းဂူ ဘုရားစုံ
* ဇင်းကျိုက်ရေတံခွန်၊ နွားလသွင်တောင်၊ မဲလံဆံတော်ရှင်၊ (ကျောက်ပိရဟာန္တာ)
(ပဒေသရာဇာ၊ ကားခ၊ တာဝေစဉ်ကွားကားခ/ဟော်လယ်၊ တည်းခိုစရိတ်ခ ခရီးခရီးခြင်း)
*ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ကူး*ဇလွန်ပြည်တော်ပြန်
အမှတ်(၃၅)ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး)371317,095124678,09401589907

ချစ်ရိုင်းသန္တာ 562829,09-73198239 569782,09-450006779
* ရွှေတောင်ပြုးခွဲတော်(သီးသန့်) (၂/၃) ကားမျိုးနုံ ဗီးလုံးဌား ဗီစင်ပေးပါသည်။
* ရွှေတောင်ပြုးပွဲတော်၊ မန္တလေး၊ ပြင်ဦးလွင် (၃/၄)
* ရွှေတောင်ပြုး မန္တလေး ပြင်ဦးလွင်၊ ဝစ်ကိုင်း ပုံရွာ (၄/၅) ချောင်းသာ
* ရွှေတောင်ပြုး၊ မန္တလေး၊ ဝစ်ကိုင်း၊ ပုဂံ၊ ပုခွေး (၄/၅) (အဓိက သော်ကြာ)

အမြန်ရောင်းမည်
ရန်ကင်း၊ ပါရမီလမ်းသန့်။ ပေ(၄၀×၆၀) မြေ၊ ထောင့်ကွက် ၄၇၀၀သိန်း။
ဖုန်း-၀၉-၅၁၉၂၀၅၅၊ ၀၉-၄၂၀၀၄၄၄၆

အမြန်ရောင်းမည်
အမှတ်(၃)လမ်းမအနီး၊ Terminal ဓာတ်ဆီဆိုင်ဘေးလမ်း(၁၀၀'×၂၀၀') မြေကွက်၊ ဂရန်အမည်ပေါက်၊ အုတ်ခတ်။
ဖုန်း-၀၉-၅၁၉၂၀၅၅၊ ၀၉-၇၃၁၈၇၂၈၀

SOGO PVC ရေတံလျှောက်
နှစ် (၅၀) အထိကြာရှည်ခံသော PVC ရေတံလျှောက်
SOGO PVC ရေတံလျှောက် နှင့် ရေတံလျှောက် Fitting ကို တွဲသုံးခြင်းအားဖြင့် နှစ်(၅၀) သုံးစွဲနိုင်ပါသည်။
Customer Service - 09 73073014
အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိ နိုင်ပါသည်။

ကြေးနီ၊ လက်ကားဖြန့်ချိရန်နှင့်ကုန်ပစ္စည်းပရိုမိုးရှင်း/မွေးနေ့ လက်ဆောင်ပေးရန် ဒီဇိုင်းစုံ၊ ရောင်စုံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်ရောင်းနှုန်းဖြင့်ရရှိနိုင်ပါသည်။
အမှတ် (10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊
Ph-01-200133/392216

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်း အလှပြင်ဆိုင်-တို့ ပူးပေါင်းဖွင့်လှစ်မည့် ဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်း တက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သင်တန်းဖွင့်လှစ်မည့်ရက်	- ၂၀-၇-၂၀၁၅ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	- ၂၉၄၊ လမ်း(၄၀)၊ အထက်ဘလောက်၊
သင်တန်းအချိန်	- နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ (အဂါနေ့မှ စနေနေ့)
သင်တန်းကာလ	- ၂လ
လက်ခံမည့်သင်တန်းသူဦးရေ	- ၄၀ဦး(အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၇-၇-၂၀၁၅ရက်
လျှောက်လွှာတင်ရန် နောက်ဆုံးရက်	- ၂၀-၇-၂၀၁၅ရက်
လျှောက်လွှာတင်ရမည့်နေရာ	- အမှတ်(၆၈)၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်း အလှပြင်ဆိုင်။

ဖုန်း-၂၄၅၄၉၃၊ ၃၇၃၄၉၈၊ ၀၉-၅၀၇၂၄၄၅၅၊ ၀၉-၅၄၀၀၄၁၈



ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

အိမ်အပြန်မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ

ဆောင်းပါးရှင်ဇင်၏ အိမ်အပြန်မွေးနေ့လက်ဆောင်နှင့် အတွေးသစ်ဆောင်းပါးများ စုစည်းမှုစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။ လက်ဦးဆရာဆိုသည့် ဆောင်းပါးတွင် "လက်ဦးဆရာဖြစ်သော မိဘများအနေဖြင့် သားသမီးများကို ချစ်ရာ မရောက် နှစ်ရာရောက်သော ဘဝမျိုးသို့ ရောက်ရှိသွားရလေအောင် တမင်ဖန်တီးခဲ့ကြသည့် မဟုတ်စေကာမူ ရင်နှစ်သည်းချာ သားသမီးများ၏ ရင်ထုမနာဖြစ်ရမည့် ဘဝမျိုးကို မြင်ကြရမည်ဆိုပါလျှင် စိတ်ထိခိုက်ကြေကွဲ ဝမ်းနည်းယူကျုံးမရ ဖြစ်ကြရမည်သာ ဖြစ်ပါတော့သည်" ဟု စေတနာစကားလေးမှာ နားထဲကြားယောင်မိသည်အထိဖြစ်ရသည်။

စာအုပ်တွင် စိတ်စေညွှန်ရာ၊ ခေါက်ရိုး မိစုံဖစုံ၊ အထီးကျန်၊ အတုနှင့် အစစ်၊ ဂုဏ်သိက္ခာ၊ စောင့်စည်းမှု၊ ခလုတ်၊ ဆည်းဆာစသည့် ဆောင်းပါး ၂၈ ပုဒ်ပါရှိသည်။

စာအုပ်ကို ရန်အောင်စာပေ တိုက် ၁၇ အခန်း ၂၃ ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း ရန်ကုန်မြို့ ဖုန်း-၀၉၅၁၇၉၃၃၉၈၊ ၀၉-၇၃၂၄၄၃၅၁ သို့ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူနိုင်သည်။

တန်ခိုး

ကိုကံထွန်း(ကျောက်မြောင်း) ရေးသားသည့် တန်ခိုးစာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓ၏ တရားတော်များကို စွဲမြဲသဘောပေါက်နားလည်လွယ်စေရန်၊ ဗုဒ္ဓစာပေများနှင့်ပို၍ နီးစပ်လာပြီး ကိုယ်ကျင့်တရားကောင်းသူများ တစ်စထက်တစ်စများပြားလာစေရန် ဆိုသည့် စေတနာကောင်းဖြင့် ရေး သားထားသည်။ ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်များထဲမှ လောကဌ် အသုံးဝင်မည့် အကျိုးရှိမည့် အချက်များကိုဖော်ပြထားသည်။ လူငယ်အများ မာကျောကျစ်လျစ်ပြီးသား စိန်တုံးကလေးများဘဝမှ သွေးကွက်တောက်ပသော စိန်ပွင့်ကလေးများအဖြစ်သို့ ရောက်ရှိကြစေရန် မေတ္တာထားရေးသားထားသည်။

စာအုပ်ကို ကိုကံထွန်း ဖုန်း ၀၉-၅၁၃၀၇၅၅ ၀၁-၅၄၇၀၃၅မှ တန်ဖိုးငွေကျပ် ၁၃၀၀ ဖြင့်ဖြန့်ချိသည်။

လွမ်းတော်မူဖို့ စာကိုစိတယ်-၃

ဆရာမောင်မိုးသူ၏ လွမ်းတော်မူဖို့ စာကိုစိတယ်-၃ စာအုပ်ထွက်ရှိလာသည်။

ဆရာမောင်မိုးသူက တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြသူ ၂၅ ယောက် အကြောင်းကို ရေးသားထားသည်။ ဇော်ဝမ်း၊ မောင်ဝဏ္ဏ၊ မောင်သော်က၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ မင်းလူ၊ ဒဂုန်တာရာ၊ ငြိမ်းကျော်၊ ဆရာအောင်သင်းစသည့် လူပုဂ္ဂိုလ် ၂၅ ယောက်နှင့်တွေ့ကြုံခဲ့ရပုံများကို ဖော်ပြထားသည်။ ရေးသားရာတွင် မခြွင်းမချန် ပွင့်ပွင့်လင်းလင်းဖော်ပြထားရာ စာဖတ်သူအတွက် ဗဟုသုတရဖွယ်ဖြစ်သည်။ စာရေးသူများ၊ စာဖတ်ဝါသနာပါသူများ လက်မလွှတ်တမ်းဖတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

မြန်မာနိုင်ငံကင်းထောက်မှတ်တမ်းများ

စာရေးဆရာ တင်နိုင်တိုး၏ မြန်မာနိုင်ငံကင်းထောက်မှတ်တမ်းများ (၁၉၁၆-၁၉၆၄) စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင်ကင်းထောက်အဖွဲ့အစည်းများ စတင်ပေါ်ပေါက်လာသည့် ၁၉၁၆ ခုနှစ်မှ စတင်၍ ကင်းထောက်အဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ကင်းထောက်အဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားဆောင်ရွက်မှုများ၊ မြန်မာပြည်အရပ်ရပ်ရှိ ကင်းထောက်လူငယ်များ၏ လှုပ်ရှားမှုမှတ်တမ်းများ ကောက်နုတ်စုစည်းဖော်ပြထားသည်။ ယနေ့နိုင်ငံတော်မှကင်းထောက်အသင်းများ ပြန်လည်ဖွဲ့စည်းပြီး မြေတောင်မြှောက်ပေးနေချိန်တွင် ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ကိုကံထွန်း ဖုန်း ၀၉-၅၁၃၀၇၅၅ ၀၁-၅၄၇၀၃၅မှ တန်ဖိုးငွေကျပ် ၁၃၀၀ ဖြင့်ဖြန့်ချိသည်။

စာအုပ်ကို နန်းဒေဝီစာပေ အမှတ်-၂၀၀(ပထမထပ်) ၃၆ လမ်းအထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှတန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိသည်။ ဖုန်း-၀၁-၃၈၃၀၂၅၅၊ ၀၁-၃၉၁၆၃၃၃ သို့ဆက်သွယ်ဝယ်ယူနိုင်သည်။

စာအုပ်ကို မရွှေ့မစာပေ အမှတ် ၂၃၇၊ ပထမထပ်(၆) ၃၉ လမ်းအပေါ် ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန် မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိသည်။ ဖုန်း ၀၁-၃၉၂၈၃၅၊၀၉-၅၀၅၆၈၄၃၃ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

MCC.i
MCC Training Institute

ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK
- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

Opening Date 13 July

www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966
ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး၊အမိ၊အခဉ်များ၊ဒိုးသဖြင့် အမြန်ဆက်သွယ်ပါ။

ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ပွင့်တော်မူပြီး ဘုရားအဆူဆူတို့၏ဗောဓိပင်ရှိရာနှင့်ဂေါတမမြတ်ဗုဒ္ဓ၏စွယ်တော်မြတ်ရှိရာ သီရိလင်္ကာသို့ဘုရားဖူးသွားရင်းဆန်းဒေးစကူးလ် လေ့လာသောသီးသန့်ခရီးစဉ်ကို(၁၈. ၈. ၂၀၁၅)မှ(၂၄. ၈. ၂၀၁၅)ထိလည်းကောင်း၊သီရိလင်္ကာအပါအဝင် ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံ(၃)နိုင်ငံခရီးစဉ်ကို(၂၄. ၈. ၂၀၁၅)မှ(၂၈. ၈. ၂၀၁၅)ထိလည်းကောင်း ရွှေမဟာဘုရားဖူးအဖွဲ့ကပို့ဆောင်ပေးပါတော့မည်။ သီရိလင်္ကာခရီးစဉ်ဖြစ်စေ၊(၂)နိုင်ငံခရီးစဉ်ဖြစ်စေ၊(၃)နိုင်ငံခရီးစဉ်နှင့်ဖြစ်စေနှစ်သက်ရာခရီးစဉ်ဖြင့် ရွေးချယ်လိုက်ပါနိုင်ကြပါသည်။(လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်း ပေးသွင်းရန်လိုအပ်ပါသည်။)
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီးစမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁-၅၃၂၀၈၆၊ ၅၁၈၁၃၆၊ ၀၉-၅၁၈၈၃၇၆၊ ၀၉၅၅၃၀၄၀၄၄၊ ၀၉၄၃၃၂၀၀၆၄၆

အထက(၄)အလုံကျောင်းသား/ကျောင်းသူဟောင်းများအသင်း(ယာယီ)(ယခင်ကူရှင်)
အသင်းကြီး၏အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို ၂၅-၇-၂၀၁၅ရက် နံနက် ၉း၀၀ နာရီမှ ၁း၀၀ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်အဖြစ်အဆိုပြုခြင်းကို ၁၀-၇-၂၀၁၅ ရက်နောက်ဆုံးထား၍ ဆောင်ရွက်ကြပါရန်နှင့် အသင်းဝင်အသိအမှတ်ပြုလက်မှတ် ရရှိပြီးသူများသာ မဲပေးခွင့်နှင့် အမှုဆောင်အဖြစ် အရွေးချယ်ခံပိုင်ခွင့်ရှိမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
အလုပ်အမှုဆောင်အဖွဲ့(ယာယီ)
အမှတ်(၄၀)၊ အောင်မင်္ဂလာလမ်း၊ (သခင်မြပန်းခံဘော)၊ လမ်းမတော်မြို့နယ်
ဖုန်း-၀၁-၂၂၆၉၄၉၊ ၀၁-၂၂၅၁၄၃၊ ၀၉-၉၇၇၃၇၃၆၉၉၊ ၀၉-၇၉၅၁၀၉၂၂၃၄

1975 ခုနှစ်မှ 2012 ခုနှစ်အထိ ထုတ်ဝေသည့် စီရင်ထုံးများ အနှစ်ချုပ်သုံးသပ်ချက်

သီးခြားသက်သာခွင့်အက်ဥပဒေ ဦးသိန်းကိုကို
(The Specific Relief Act) ပြည်နယ်တရားလွှတ်တော်တရားသူကြီး
သီးခြားသက်သာခွင့်ဥပဒေနှင့် လိုက်နာကျင့်သုံးရန်အချက်များ။ လက်လွှတ်ခြင်း(သို့) လက်ရှိဖြစ်ခြင်းကို ဆက်လက်မပြုသည့်အခါ၊ မရှေ့ပြောင်းနိုင်သော ပစ္စည်းလက်ရောက် ပြန်လည်ရရှိမှုအတွက် ကာလစည်းကမ်းသတ်၊ လက်ရောက်ပြန် လည်ရယူလိုမှုအတွက် ကာလစည်းကမ်းသတ်၊ သီးခြားသက်သာခွင့်ဥပဒေ ၏ နောက်ဆက်တွဲသက်သာခွင့်၊ မရှေ့ပြောင်းနိုင်သောပစ္စည်းမှ ဖယ်ရှားခြင်းခံရသူက စွဲဆိုသောအမှု၊
ထွက်ပြီ
မနောဖြူစာပေ - ဖုန်း - 09 73246980 ၊ 09 73043873

အခန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေလာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

ယမန်နေ့မှအဆက်

"သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး။ သိပ် . . . သိပ်ကိုပိုတဲ့ အစ်ကိုမောင်ကြီး ဟုတ်လား . . "

ကျွန်တော်နှင့် လှိုင်သည် ပြိုင်တူရယ်မောမိကြပြီး လွမ်းစေတီတောင်ထိပ်မှ ယှဉ်တွဲ ပြေးဆင်းလာကြသည်။

အခြားတစ်ဖက်ရှိ ရပ်တော်မူဘုရား တောင်ကုန်းစောင်းတွင် တိုင်းရင်းသားလူငယ်တစ်ဦးက မယ်ဒလင်တီးနေ၏။ သူနှင့် ယှဉ်ထိုင်နေသော သူ့အဖော် သူငယ်ချင်းက အဆိုတော်ကိုမြကြီး၏ လွမ်းစေတီသီချင်းကိုဆွဲင‌င်လှိုက်လှဲစွာ ဆိုသည်။

"လွမ်းစေတီ . . . ။ မယ်နဲ့ မောင် . . . ချစ်သဠ္ဓါမှုနဲ့ သစ္စာပြုပါသည်။ ချစ်သူငယ် သူ့အား . . . ဝေးပါပေါ့ ဘုရားလို့ တမ်းတကာရည် . . . လွမ်းရပါပြီ . . . မယ့်ကို ရည်မှန်း . . . တည်ထားခဲ့မည် လွမ်းစေတီ . . . "

(၃၄) လှိုင်အတွက် ချယ်ရီဦး

မောင်ရေ ...။

ဟိုတစ်နေ့က မောင့်ဆီက စာရတယ် . . . ။ လှိုင့်ဆီက စာကိုလည်း ရတယ်။

ချယ်ရီတွေ မပွင့်သေးတာမို့ မောင့်စာအိတ်ထဲမှာ ချယ်ရီရှားသောအရာဟာ တန်ဖိုးကြီးသတဲ့ မောင်၊ ချယ်ရီပွင့်လန်းကို အဝေးကနေမှန်း လွမ်းရတဲ့ အခြေမှာမို့ ပွင့်နွမ်းရရင်ပဲ ဆန်းပါပေတယ်လို့ . . . စိတ်ဖြေမြတ်နိုးယုယမှာပါပဲ မောင် . . . ။

လှိုင်ကတော့ စွယ်တော်ရွက်ကလေးတွေ ထည့်ပေးလိုက်တယ် မောင်။ ထင်းရှူးနဲ့ ချယ်ရီပင်တွေသာ ရှိတယ်ထင်တဲ့ တောင်ကြီးမှာ စွယ်တော်ပင်လည်း ရှိမှန်းသိလို့ ခိုင် အံ့ဩတယ်။ ရေကောင်း မြေကောင်းမှာ ပေါက်ရလို့လားမသိဘူး၊ လှိုင် ပို့လိုက်တဲ့ စွယ်တော်ရွက်ကလေးဟာ ခိုင် တွေ့ဖူးသမျှထဲမှာ အဖွံ့ဆုံး၊ အထွားဆုံးနဲ့ အလှဆုံးပဲ . . . ။

မြေကောင်း၊ ရေကောင်းမှာ ပေါက်ဖွားရှင်သန်ရတဲ့ စွယ်တော်ပင်လေးတွေဟာ ကံကောင်းတယ်လို့ ဆိုရမှာပဲ မောင် နော် . . . ။

တောနဲ့ တောင်၊ လျှိုနဲ့ မြိုင်၊ ပွင့်ခေါင် ပွင့်မင်း၊ ပွင့်စုံခင်းပြီး ထုံသင်းကြိုင်လျှမ်း မြရောင်လွှမ်းတဲ့ ရှမ်းတို့ရဲ့ ပန်းမြို့တော် မောမြေဘုံခန်း ရဝေနန်းပေါ်မှာ စံမြန်းမွေ့လျော်ပျော်ဖွယ်အကြောင်းနဲ့ စုံသူအပေါင်းကိုလည်း . . . ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲ မောင်ရယ်နော် . . . ။

မောင့် မိနိုင်

လှိုင်နှင့် ကျွန်တော် လွမ်းစေတီရင်ပြင်ပေါ်၌ စကားထွေလာ ဆိုကြပြီးနောက် တစ်ပတ်ကျော်ကျော်ခန့်တွင် ခိုင့်ထံမှ အထက်ပါစာကို ရသည်။

စာ၌ ခိုင်သည် သူနှင့် ငြိမ်းမောင်တို့၏ ရှေ့ရေးကို ထည့်မရေး။ အခြား ဘာကိုမျှလည်း ထည့်မရေး။ ခံစားမှုရှိမှ စာရေး၍ရသည်ဆိုသော ခိုင်သည် သူ့ခံစားမှု သက်သက်ကိုသာ ရေးလေခဲ့သည်။

ခက်သည်မှာ လူ့လောကဌ် ခံစားမှုတစ်ခုတည်းနှင့် ကျင်လည်ရှင်သန်ခွင့် မရှိခြင်းသာ ဖြစ်ပါ၏။

ခံစားမှုတစ်ခုတည်းနှင့် ကျင်လည်ရှင်သန်ခွင့် မရှိပါဘဲ လျက် သဘာဝတရားသည် အဘယ်ကြောင့် ခံစားတတ်သော နှလုံးသားကို ရင်ဌ် ထားပေးရပါမည်နည်း . . . ။ ထားပေးရပါမည်နည်း။

ဤအတွေးဖြင့် တစ်ညနေတွင် ကျွန်တော်သည် ခြံဝင်ရပ်လျက်ရှိနေခဲ့သည်။

ခြံပြင်ဘက် လမ်းဘေးမြက်ခင်းပြင်တွင် မြမြလွင်သော အရွက်ဖားဖားတို့နှင့် စွယ်တော်ပင်ပေါက်တို့သည် လေဝယ် တိမ်းပါး လှုပ်ရှားနေကြ၏။

"ကိုမောင်ညို . . . ကိုမောင်ညို . . . "

ကျွန်တော်က ခြံတွင်းသို့ လှမ်းခေါ်သည်။

ကိုမောင်ညိုက အပြေးကလေး ထွက်လာ၏။

" ဘာလဲ မောင် . . . အလန့်တကြား "

" ဘာ(လ်)ကီ ပြန်သွားပြီလား "

ဘာ(လ်)ကီသည် ကျွန်တော်၏ ဂေါ်ရခါးလူမျိုး မာလီဖြစ်သည်။ နေ့တွင် အိမ်အလုပ်လုပ်၍ ညနေစောင်းလျှင် သူတို့လူမျိုးတွေ စုပေါင်းနေထိုင်သော စောစီရွာသို့ ပြန်လေ့ရှိ၏။

" မပြန်သေးဘူး မောင်။ မိုးကုန်ရင် ဒေလီယာနေရာမှာချဖို့ ပေါ်ဝီမျိုးစေ့တွေ ရွေးနေတယ် . . . "

"သွားခေါ်လိုက်စမ်းပါ၊ မြက်ရှင်းတဲ့ ဓားလည်းယူခဲ့လို့ . . . "

ကိုမောင်ညိုသည် ကျွန်တော့်ကို နားမလည်ဟန် တစ်ချက်ကြည့်ပြီး လှည့်ထွက်သွား၏။ မကြာမီပင်ဘာ(လ)ကီသည် မြက်ခုတ်ဓားကို လက်တစ်ဖက်နှင့် ကိုင်ရင်း အခြားလက်တစ်ဖက်နှင့် ဆလံပေးလျက် ကျွန်တော့်ရှေ့တွင် ခြေစုံရပ်လာ၏။

"ဩော . . . ဘာ(လ)ကီ . . . ဟောဒီ မြက်တွေရော အပင်တွေရော အားလုံးခုတ်ပစ်စမ်းနော်။ ခုခုတ်၊ နက်ဖြန်စပြီး အမြစ်တွေ နုတ်ပစ်ပြီး မြက်ကောင်းမျိုးစေ့ ထပ်ချ၊ ကြားလား "

အမိန့်ကို နာခံ၍ တာဝန်ကို မငြင်းတတ်သော ဂေါ်ရခါးပီပီ ဘာ(လ)ကီသည် မြက်ခင်းကို စတင်ခုတ်ထွင် ရှင်းလင်းသည်။

ကိုမောင်ညိုကသာ မကျေမနပ်နှင့် ပြောလေ၏။

" မောင်ကလည်း . . . ဒါ ခြံအပြင်ဘက်က မြို့နီစီပယ်မြေပဲ။ ရှင်းချင်ရင် နက်ဖြန်မှ မြို့အရာရှိချုပ်ဦးလေးဦးချစ်ဆွေကြီးဆီ တယ်လီဖုန်း ဆက်လိုက်ပါလား . . . သူ ချက်ချင်း ရှင်းပေးခိုင်းမှာပေါ့ "

"ဦးလေး ဦးချစ်ဆွေကြီးနဲ့ သူ့မြို့အလုပ်သမားတွေက အားရတယ်မှ မရှိဘဲ။ တစ်ခါတလေ မောင်တို့ကလည်း မောင်တို့ တတ်နိုင်တဲ့ တာဝန်ကို မောင်တို့ဘာသာ ယူပြီး ကိုယ့်အိမ်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို ကိုယ့်ဘာသာလည်း လုပ်ဦးမှပေါ့ "

ကိုမောင်ညိုသည် ဘာမျှမပြောတော့ဘဲ အိမ်ဆီသို့ ပြန်ဝင်သွား၏။

ဘာ(လ်)ကီသည် မြက်ခုတ်ဓားကို ဝေ့ကာလွှဲကာနှင့် သွက်လက်စွာ အလုပ်များနေ၏။

ထိုစဉ် ခရီးတိုပြေး တက္ကစီလေးဘီးကားလေးတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ လှိုင်ဆင်းလာသည်။

"ဟော . . . လှိုင်က ရောက်လာပြီ။ အစ်ကိုမောင် အခုပဲ လာခေါ်တော့မလို့ "

လှိုင်က တောက်ပစွာ ချစ်စဖွယ် ပြုံးသည်။

"အစ်ကိုမောင် နေ့လည်ကနေ ညနေအထိ အော်ပရေးရှင်း (ခွဲစိတ်ကုသခြင်း) လုပ်သွားတာ ပင်ပန်းနေမှာပေါ့။ ဒါကြောင့် လှိုင့်ဘာသာ လာခဲ့တာ . . . "

ကျွန်တော့်ကို ရှင်းပြပြောဆိုနေရာမှ လှိုင်သည် မြက်ခုတ်ဓားနှင့် အလုပ်များနေသော ဘာ(လ)ကီထံလှမ်းကြည့်၏။

"ဘာ(လ)ကီက ဘာဖြစ်လို့ ခြံပြင် ထွက်ရှင်းနေရတာလဲ အစ်ကိုမောင် . . . "

"အစ်ကိုမောင် ခိုင်းထားလို့ပါ . . . ။ ခြံတွင်းက လှသလောက် ခြံပြင်မှာ ရှုပ်နေတယ် လှိုင်။ ခြံပြင်ဆိုတာဟာ လည်း ကိုယ့်အိမ်မျက်နှာစာပဲ မဟုတ်လား "

လှိုင်က ကျွန်တော်ပြောသည်ကို သဘောတူဟန် ခေါင်းညိတ်သည်။ သို့ရာတွင် ခဏချင်းမှာပင်မျက်လုံးလေးပြူးလျက် အလန့်တကြားဆိုသည်။

"ဟော . . . ရှင့် . . . ကုန်ပါပြီ . . . "

ကျွန်တော်က လှိုင့်ကို နားမလည်ဘဲ ပြန်မေးမိသည်။

"လှိုင်ကလည်း အလန့်တကြား ဘာပြောတာလဲ "

"စွယ်တော်ပင်လေးတွေ . . . စွယ်တော်ပင်လေးတွေ . . . ကုန်ပါပြီ . . . "

လှိုင်သည် ဘာ(လ)ကီအနားသို့ ပြေးသွားလျက် မြက်ခုတ်ခြင်းကို ရပ်ခိုင်း၏။

ဘာ(လ)ကီ၏ ဓားချက်ကြောင့် မြက်များနှင့်ရောလျက် စွယ်တော်ပင်ကလေးများလည်း အပိုင်းပိုင်းပြတ်ကာ ရှိနေသည်။

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

" မှုပိုင်ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်းသတိပေးကြေညာခြင်း "

ဦးအောင်မြတ်မျိုး(၁၂/လသန(ဧည့်)၀၀၁၇၁၂)၏ လွှဲအပ်ညွှန်ကြားချက်အရကြေညာအပ်ပါသည်။

BEEGLES

(၇စဈ၅/ဇ. ၆. ၂၀၁၅)

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကိုကျွန်ပ်၏မိတ်ဆွေမှုရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၇စဈ၅/ဇ. ၆. ၂၀၁၅)ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီး ဖြစ်ပါသည်။ အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ဖြင့် ဖယောင်းပုဆိုး၊ ဖော့ကြမ်းခင်း၊ မိုးရေကာဖျင်ဖျာ၊ လချီးလိပ်၊ ပီနံခရီးဆောင်အိတ်၊ ကော်ဇော၊ ပလတ်စတစ်စားပွဲခင်းလိပ်နှင့် ပလတ်စတစ်နှင့်ပတ်သက်သော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ပ်၏မိတ်ဆွေမှလွဲပြီး အခြားမည်သူမဆို အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အလားတူဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း တုပသုံးစွဲခြင်းမပြုကြရန် သတိပေးတားမြစ်အပ်ပါသည်။ သတိပေးကြေညာထားပါလျက် တုပသုံးစွဲခြင်းကို တွေ့မြင်သိရှိရပါက မည်သူကိုမဆို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်နေရာဒေသတွင်မဆို သက်ဆိုင်ရာတရားရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးအသီးသီးတို့တွင် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၅၄)
တိုက်(၈)၊ အခန်း(၇)၊ (မြေညီထပ်)၊ ဂျီးဖြူလမ်း၊ စံပြဖဆပလရပ်ကွက်၊
မဂ်လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၃၉၁၁၇

ယာဉ်မောင်းဦးဝင်းထွန်း [၁၂/ဗဟန(နိုင်)၀၆၅၀၈၈] အမှတ်(၃၈၅)၊ သီဟိုရ်ကျောင်းလမ်း၊ ရွာမရပ်ကွက်၊ အေ-ဂင်ဆန်း၊ အင်းစိန်မြို့နယ်နှင့်အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အိုင်း(၁၀)၊ ကိုးဖြူလမ်းသွယ်(၂)လမ်း၊ အမှတ်(၃၀၄) နေ ဒေါ်ခင်ခင်မြင့် [၁၄/ပသရ(နိုင်)၀၄၂၈၈၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ခင်မြင့်သည် DD/8115 Toyota Mark-II GX -110 Saloon (4×2)R ၊ အဖြူရောင်ယာဉ်ကို ၂၅-၃-၂၀၁၄ ရက်ကပင် ဝယ်ယူ၍ ဦးဝင်းထွန်းကို ယာဉ်အား မောင်းနှင်ခိုင်းပြီး လုပ်ငန်းသုံးအဖြစ် ဆောင်ရွက်နေစဉ်အတွင်း ယာဉ်ကို ဦးဝင်းထွန်းထံတွင် ထားရှိစေခဲ့ပါသည်။ ဒေါ်ခင်ခင်မြင့်ပိုင် အဆိုပါယာဉ်အား ဦးဝင်းထွန်းက ဒေါ်ခင်ခင်မြင့်၏ လုပ်ငန်းကိစ္စမဟုတ်ဘဲ ကိုယ်ကျိုးကိစ္စများအတွက် သုံးစွဲခြင်းများ ပြုလုပ်လာပါ၍ ယာဉ်ပိုင်ရှင် ဒေါ်ခင်ခင်မြင့်က DD/8115 ယာဉ်ကို ၂-၃-၂၀၁၅ ရက်တွင် ပြန်လည်သိမ်းဆည်းခဲ့ရာ ဦးဝင်းထွန်းက ဒေါ်ခင်ခင်မြင့် ဂုဏ်သိက္ခာထိခိုက်စေရန် အမျိုးမျိုးပြုမူပြောဆိုဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပါသဖြင့် ဒေါ်ခင်ခင်မြင့်အနေဖြင့် ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းခဲ့ရပါသည်။

DD/8115 ယာဉ်နှင့် ပတ်သက်၍ ဒေါ်ခင်ခင်မြင့်က ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာမှ ဦးဝင်းထွန်းအား လွှဲအပ်ထားခြင်းမရှိပါ၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဒေါ်ခင်ခင်မြင့်နှင့် မသက်ဆိုင်ဘဲ ဦးဝင်းထွန်းနှင့်သာ ရှင်းလင်းကြပါရန်နှင့် ဦးဝင်းထွန်းအနေဖြင့် ဒေါ်ခင်ခင်မြင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် တစ်စုံတစ်ရာ ထပ်မံပြုလုပ်ပါက ဒေါ်ခင်ခင်မြင့်အနေဖြင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့၌ ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးဝင်းထွန်းနှင့်အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးလှမြင့် (LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၀)၊ ပထမထပ်၊ D2 ၊ ဘက်လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၅၁၆၀၃၀၃

တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော)မိုးရာသီအထူးလျှော့ဈေး

Hill Top Villa Hotel (Kalaw) Rainy Season Special discount

၂၀၁၅ခုနှစ် မေလ ၁ရက်မှစက်တင်ဘာလ ၃၀ရက်ထိ၊ မိုးရာသီ(၅)လအတွင်း အခန်းခများအား (၃၀%)စျေးလျှော့ပေးထားပါသဖြင့် ခေါင်မိုးနီနီနဲ့ သစ်လုံးအိမ်လှလှလေးတွေမှာ လာရောက်အနားယူအပန်းဖြေကြပါရန် သတင်းကောင်းပါး၍ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဟိုတယ် Booking လုပ်ရန်-
- ရန်ကုန်(ဖုန်း)၊ ၀၁-၂၄၂၆၇၁၊ ၀၁-၂၅၀၆၀၂၊ ၀၉-၄၃၁၀၄၁၉၉၊ ၀၉-၄၂၁၄၈၆၉၆
- ကလော(ဖုန်း)၊ ၀၈၁-၅၀၃၄၆၊ ၀၈၁-၅၀၃၄၇၊ ၀၉-၄၂၈၃၁၂၁၀၈၊ ၀၉-၄၂၈၃၂၇၂၃၉
- Email:<hilltopvilla yangon@gmail.com>
- Email:<hilltopvillakalaw@gmail.com>
- Online:<www.hilltopvillakalaw.com>

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ မေဏ္ဍာကလမ်း၊ အမှတ် (၁၈)၊ ပထမထပ် တိုက်ခန်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ မေဏ္ဍာကလမ်း၊ အမှတ် (၁၈)၊ ပထမထပ် တုဆေ၊်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ချိုရတနာလွင် (၁၂/ဒပန(နိုင်) ၀၄၈၈၇၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော (လိုင်စင် – ၄၀၃၅) LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင် – ၅၀၂၅) B.Sc, Hon (IC), HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ အမှတ် (၂၇) ၊ ၁၂-လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 294866 HP: 09-501 7044 , 09 7310 7094

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များ အသင်း(မန္တလေး/မုံရွာ)ဖွဲ့စည်းတည်ထောင်

မန္တလေး ဇူလိုင် ၆

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (မန္တလေး)အသင်းခွဲဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မန္တလေးမဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ၏ ဂရိတ်ဝေါဟိုတယ်ခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာ့မော်တော်ယာဉ်အသင်းမှ ဒေါက်တာစိုးထွန်းက အသင်းဖွဲ့စည်းရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်တပ်ဆင်လုပ်ငန်းရှင်များက လုပ်ငန်းအခြေအနေများအား တင်ပြဆွေးနွေးပြီး အတွင်းရေးမှူး ဦးအောင်ဇော်ဦးက သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အလားတူ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (မုံရွာ)အသင်းခွဲဖွဲ့စည်းခြင်းအခမ်းအနားကို ညနေ ၄ နာရီတွင် မုံရွာမြို့ဝင်းယူနီတီဟိုတယ်ခန်းမတွင်ကျင်းပရာ မုံရွာစက်မှုဇုန် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချသောလုပ်ငန်းရှင်များ၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာတို့မှ မော်တော်ယာဉ်အရောင်းပြခန်းကိုယ်စားလှယ်များ၊ မော်တော်ယာဉ်ဝယ်/ရောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချသူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ထိုက်အေးက အသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် ပြည်ပမှတင်းသွင်းလာသော မော်တော်ယာဉ်များနှင့် စျေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ အရည်အသွေးမီမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရောင်းချရေးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအသင်းအနေဖြင့် ပြည်တွင်းတွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ တည်ထောင်ကာ အရည်အသွေးမီ မော်တော်ယာဉ်ငယ်များ ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ခမောက်ကြီးမြို့နယ်ခွဲတွင် သမဝါယမ အသေးစားချေးငွေများထုတ်ချေး

ခမောက်ကြီး ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲတွင် ဆင်းရဲမှုလျှော့ချရေး လူမှုဘဝမြှင့်တင်ရေးရည်ရွယ်လျက် တောင်သူများအား ဇွန်လနောက်ဆုံးပတ်က အသေးစားချေးငွေသမဝါယမအသင်းမှ ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ထုတ်ချေးရာတွင် တောင်သူတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း တစ်လအတိုးနှုန်းတစ်ရာလျှင် ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။

အဓိကငွေချေးသူအများစုမှာ ဥယျာဉ်ခြံမြေစိုက်ပျိုးလုပ်ကိုင်သူများဖြစ်ရာ ကွမ်းသီး၊ ရော်ဘာ၊ ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် လိုအပ်သည့်ပျိုးပင်၊ မျိုးစေ့၊ ဓာတ်မြေသြဇာများဝယ်ယူနိုင်ရေးအတွက် အထောက်အကူများဖြစ်ကြောင်း တောင်သူများကပြောသည်။

ခမောက်ကြီး(ပြန်/ဆက်)

ဘုရားပန်းထိုးရာတွင်အကြိုက်နှစ်သက်ဆုံးပန်းဖြစ်သော အာဆီယံသပြေစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေနိုင်

အမရပူရ ဇူလိုင် ၆

လက်ရှိကာလတွင် အိမ်ရှင်မများသည် ဘုရားပန်းထိုးရာတွင် အကြိုက်နှစ်သက်ဆုံးပန်းမှာ အာဆီယံသပြေပန်းပင်ဖြစ်သည်။ ဘုရားပန်းထိုးထားလျှင် တာရှည်အထားခံကာ အောက်ခံအရွက်စိမ်းစိမ်းပေါ်တွင် ပန်းရောင်အညွှန့်အရွက်များစွာဖြင့် လှပလျက်ရှိသည်။

အိမ်ရှင်မများကြိုက်သည့် အာဆီယံသပြေသည် စျေးများ၌ ဝယ်လိုအားမြင့်ကာ ရောင်းအားကောင်းလှသည်။ သို့အတွက် အာဆီယံသပြေစိုက်ပျိုးသည့်ခြံသို့ သွားရောက်မေးမြန်းကြည့်ခဲ့သည်။

"အာဆီယံသပြေစိုက်မယ်ဆိုရင် ပထမဦးဆုံး ထယ်ရေးကောင်းကောင်းပြင်ဆင်ရတယ်။ ပြီးမှ ကြိုးတန်းတန်းကာ တစ်ပင်နဲ့တစ်ပင်ကို နှစ်တောင်လောက်ခြားပြီး အတန်းလိုက်စိုက်ရတယ်။ ပေါင်နှစ်ပေါင် အပင်တန်းတစ်တန်းစီ အကွာအဝေးကို သုံးတောင်ခန့် ခွာထားရတယ်။ ကြားပေါင်းဝင်ရင်လွယ်ကူအောင် ပြုလုပ်ခြင်းဖြစ်ပြီး ပေါင်းရှင်းရာတွင် ဘွန်းဒေါင်းစက်ကိုအသုံးပြုပြီး တွင်ကျယ်အောင်ပြုလုပ်တယ်။ စက်စွမ်းအားသုံးတော့ လူသက်သာတာတယ်။ အာဆီယံသပြေက အကြမ်းခံတယ်။ရေဝပ်တာလည်းခံတယ်။ တစ်ဧကကို အာဆီယံသပြေပျိုးပင်ပေါင်း ၈၀၀၀၊ ၉၀၀၀ အထိ စိုက်ပျိုးလေ့ရှိတယ်။ ပျိုးပင်တွေကို ပျိုးပင်အရောင်းဆိုင်များကနေ သီးသန့်မှာယူကြရတယ်။ တစ်ပင်ကို ငွေ၃၀၀ ကနေ ၁၀၀၀ တန်အထိ အပင်အကြီးအသေးပေါ်မှုတည်ပြီး စျေးပေးရတယ်။ ရေကတော့ မိုးဝေးရင် တစ်လကိုနှစ်ကြိမ်လောင်းပေးရတယ်။ အာဆီယံသပြေက စိုက်ပြီးတစ်နှစ်ခွဲလောက်ကစပြီး ပန်းဖြတ်ရတယ်။ ပြုစုမှုကောင်းရင်ကောင်းသလို စောစောပန်းဖြတ်ရလေ့ရှိတယ်။ အာဆီယံသပြေက နှစ်ရှည်ပင်ဖြစ်ပြီး တစ်ခါစိုက်ပြီးတာနဲ့ ပေါင်းရှင်းပေး၊ ရေတင်ပေး၊ မြေဩဇာကျွေးပေးနေရုံနဲ့ အလွယ်တကူဝင်ငွေရနေတတ်တယ်။ အပင်ကို ပိုးသတ်ဆေးနဲ့ အပင်အားဆေးပက်ဖျန်းရင် ပိုကောင်းပြီး ပိုးကျမှုနည်းပါတယ်။ တစ်ခါပန်းဖြတ်ရင် ငွေငါးသိန်းကနေ ရှစ်သိန်းအထိရတယ်။

'တစ်ခါပန်းဖြတ်ပြီးတာနဲ့ နှစ်လလောက်အတက်မွေးယူရတယ်။ အာဆီယံသပြေကို အချိန်မလွန်ခင်ဖြတ်လိုးကြရတယ်။ ပန်းခက်တစ်တောင်နီးနီးရှိတဲ့အချိန် ပန်းရောင်အညွှန့်တွေ လှိုင်လှိုင်ဝေနေတဲ့အချိန်ကို ဖြတ်ကြရတယ်။ အညွှန့်လှိုင်ချိန်မဖြတ်ရင် အရွက်ရင့်ပြီး စိမ်းသွားတတ်တယ်။ ပန်းလက်တွင်း တစ်ဆုပ်အစည်းတစ်စည်းကို ငွေကျပ်ဖောက်သည်စျေး ၅၀၀ ရောင်းတယ်။ ပြန်ရောင်းတဲ့သူတွေကတော့ အစည်းကို ပြင်စည်းပြီး ငွေကျပ် ၁၀၀၀ လောက်ရအောင် ခွဲလိုက်တဲ့အတွက် စိုက်သူရော၊ ရောင်းသူပါ အလုပ်ဖြစ်တဲ့အပင်ဖြစ်တယ်။ အပတ်စဉ် ပန်းကိုအဆက်မပြတ်ဖြတ်ပေးနိုင်ဖို့အတွက် နောက်ထပ်အာဆီယံသပြေကို နှစ်ကေထပ်စိုက်ထားတယ်။ တစ်ခါစိုက်ပြီးတာနဲ့ ပုံမှန်ဝင်ငွေရတာကြောင့် အာဆီယံသပြေစိုက်ပျိုး ဝင်ငွေတိုးလို့ပြောနိုင်ပါတယ်" ဟု အမရပူရမြို့နယ်မှ အာဆီယံသပြေစိုက်ပျိုးသူက ရှင်းပြသည်။

တိမ်တမန်

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နည်းပညာဌာနကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဝန်းသို-ပွိုင့် ၃၁၇၆-ပင်လယ်ဘူးနှင့် ပျားနတ်တောင်- ပွိုင့် ၈၉၆၁ (2+0) Gbe IP မိုဘိုင်ကွန်ရက်ဝေ့ဆက်ကြောင်းများ၌ စက်ပစ္စည်းများပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်းများအား ဆက်ကြောင်းဖွင့်လှစ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးရန် နှင့် မိုဘိုင်ကွန်ရက်ဝေ့ဝ် စခန်းသစ် (၃) ခုဖြစ်သည့် ပွိုင့်-၃၁၇၆၊ ပင်လည်ဘူးနှင့် ပွိုင့်-၈၉၆၁တို့အား LSP အဖြစ် ဆက်ကြောင်းဖွင့်လှစ်သည့်နေ့မှစ၍ (၁)နှစ်တိတိ ဆောင်ရွက်ပေးရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ဖိုင်ဘာ/မိုဘိုင်ကွန်ရှိ Transmission လုပ်ငန်းအတွေ့အကြုံရှိသော နိုင်ငံသားပိုင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ၁၀-၇-၂၀၁၅ ရက်အထိ တင်ဒါပုံစံ (Form) ရောင်းချမည်ဖြစ်ပြီး ၂၄-၇-၂၀၁၅ ရက် ၁၆း၀၀နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီး
အမှတ်(၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၀၇၂၇၊ **Fax** နံပါတ် -၀၁-၃၇၀၄၅၄

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသော တံတားများအတွက် လိုအပ်သော P.C Girder (Post & Pre-Tension) တို့၏ P.C Strand နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၇-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် -၂၂-၇-၂၀၁၅ရက်
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် - ၁၄-၈-၂၀၁၅ရက် ၁၆း၃၀နာရီ
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများစီစစ်ရွေးချယ်ရေးအဖွဲ့
နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၀၇၄၆၅

အမည်ပြောင်း အဖ ဦးအောင်ကျော်မိုး၊ အမိ ဒေါ်သန္တာလင်း ၏သမီးဖြစ်သူ အထက(၆) ဒဏ်ဗြို့သစ် (တောင်ပိုင်း)၊ ဒသမတန်း(E)မှ မဒွန်သံသာအား မစ်ရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။ မစ်ရတနာ

လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်ခြင်း
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

၁။ ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KFW)မှ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်းတွင် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်(ပထမပိုင်း)အတွက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အပံ့သဘောတူညီမှု ရရှိပြီးဖြစ်ပါသည်။

၂။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်ကြီးခရိုင်အတွင်းရှိ ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းများ စုစုပေါင်းအရှည်(၃၅)ကီလိုမီတာခန့်နှင့် အဆိုပါ လမ်းများပေါ်ရှိ တံတားများအား ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားသော ကန်ထရိုက်တာကုမ္ပဏီများအနေဖြင့် အရည်အသွေးစိစစ်ချက်အထောက်အထားသတ်မှတ်ပုံစံနှင့်အတူ အောက်ဖော်ပြပါလိပ်စာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် ၇-၈-၂၀၁၅ရက် ညနေ ၄နာရီထက် နောက်မကျဘဲ လာရောက်လျှောက်ထားနိုင်ပါသည်။

၄။ ပဏာမ အရည်အသွေးစိစစ်ရွေးချယ်ခြင်းခံထားရသော ကုမ္ပဏီများအား တင်ဒါတင်ခြင်းအတွက် ဆက်လက်၍ ဖိတ်ခေါ်ပါမည်။ လုပ်ငန်းဆောင်ရွက်ခွင့်အား တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုကော်မတီအဖွဲ့မှ ခွင့်ပြုပေးသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုသည်များကို တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်း၊ တံတားဌာန
ရုံးဖုန်း/ဖက်စ်-၀၆၇-၄၀၉၄၁၀၊ ၀၆၇-၄၀၉၂၁၀
Email:rbbdrd @ gmail.com
ညွှန်ကြားရေးမှူး ဝယ်ယူဖြန့်ဖြူးရေးနှင့်ထောက်ပံ့ရေးဌာန
ရုံးဖုန်း/ဖက်စ်-၀၆၇-၄၀၉၀၂၉
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၁၄)၊ နေပြည်တော်

(ခ) ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ကြီးမြို့
ရုံးဖုန်း-/ဖက်စ်-၀၈၁-၂၁၄၄၅၅၀

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း(စက်ပစ္စည်း)အသုံးစရိတ် ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

1. Soil drilling machine with accessories
2. U.C.S Machine
3. Direct Shear Machine
4. Oven
5. Stirring Machine
6. Triaxial Machine
7. Consolidation Machine
8. Mortar Mixer
9. Density Basket
10. Compression Machine
11. Tensile Machine
12. HardnessTester
13. Profometer
14. Trimble Total Stations
15. Nikon Total stations
16. Echo-Sounder
17. Pundit Ultrasonic Pulse Echo
18. Electronic Extensometer
19. (Topcon) Theodolites

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၇-၂၀၁၅ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၂-၇-၂၀၁၅ရက်
၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် -၁၄-၈-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ
၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများစီစစ်ရွေးချယ်ရေးအဖွဲ့
နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၄၆၅၊ ၀၁-၅၇၇၉၉၈

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၂၇)၊ (၅/၂)ရပ်ကွက်၊ အိမ်အမှတ်(၆၉)၊ ရွှေလမ်းနှင့် မြရတနာလမ်းထောင့်၊ ပေ(၄၀×၆၀)၊ ဦးမြတ်ကျော်(KTN ၀၄၉၆၁၇)အမည်ပေါက် နှစ်(၆၀)ဂရန် အိမ်နှင့်ခြံမြေကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးချစ်[၁၀/ကထန(နိုင်)၀၇၇၄၄]ထံမှ ကျွန်တော် ဦးသူရသန့်ဇင် [၁၄/ဓနဖ(နိုင်)၀၉၂၀၂၁]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသူရသန့်ဇင်[၁၄/ဓနဖ(နိုင်)၀၉၂၀၂၁]
ဖုန်း-၀၉-၅၁၆၅၄၁၇

မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

အင်းတော်၊ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အင်းတော်မြို့တွင် သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ ဇူလိုင် ၄ ရက်က အင်းတော်မြို့ အောင်မေတ္တာ ရပ်ကွက်အတွင်း စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ရပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများအပြင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်း၊ မြို့တွင်းရေနုတ်မြောင်းသန့်ရှင်းခြင်းလုပ်ငန်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ယင်းသို့ လူမှုရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်သီဟ

လှည်းမီးချသည့်လုပ်ငန်း ပျောက်ကွယ်သွားနိုင်သည်ဟုဆို

ရေစကြို ဇူလိုင် ၆

မမြင်တွေ့ရသည်မှာ ကြာပြီဖြစ်သော လှည်းမီးချသည့်လုပ်ငန်းကို ရေစကြိုမြို့အမှတ်(၂)ရပ်ကွက် ရွှေဥဒေါင်းစက်မှုလက်မှုလုပ်ငန်းတွင် သားအဖနှစ်ဦး လှည်းမီးချလုပ်ငန်းလုပ်ဆောင်နေသည်ကို အမှတ်မထင်တွေ့မြင်ခဲ့ရသည်။

လှည်းဘီးဆိုတာ တကူနဲ့ ဒေါက်တွေကို သံဝွေနဲ့ထိမ်းကွပ်ထားတာဖြစ်ပါတယ်။ မူလကတော့ သံဝွေက အကိုက်ပါပဲ။ နောက်အသုံးပြုတဲ့အချိန်ကာလကြာတာရယ်၊ ရာသီဥတုဒဏ်ရယ်တို့ကြောင့် သံဝွေက ချောင်လာတယ်။ အဲဒီအခါ မူလလိုအကိုက်ဖြစ်အောင် လှည်းမီးချပြီးမှ အသုံးပြုကြရတယ်။

"လှည်းမီးချတဲ့အခါ သံဝွေကိုချွတ် မီးမြိုက်ပြီး အပူပေးထားရတယ်။ လှည်းဘီးကိုတော့ အောက်က ဒေါက်တုံးတွေခံ အသင့်ပြင်ထားရတယ်။ သံဝွေကို မီးနဲ့အပူပေးတဲ့အခါ အနည်းငယ် ကျယ်လာတယ်။ အဲဒီသံဝွေကို အောက်ကဒေါက်ခံထားတဲ့ လှည်းဘီးမှာ လူနှစ်ယောက်က သံဝွေကို ညှပ်တွေနဲ့ညှပ်ပြီး မယူပြီးတော့ လှည်းဘီးမှာတူနဲ့ရိုက်ပြီး စွပ်ရတယ်။ စွပ်လို့မရသေးရင် မီးအပူထပ်ပေးရပြန်တယ်။ နောက်ဆုံးစွပ်လို့ရသွားတော့မှ ရေလောင်းလိုက်ရင် ကျပ်သွားပြီး လှည်းဘီးကို ဆက်လက်အသုံးပြုလို့ရသွားတာပေါ့။ လှည်းမီးချခက ၆၀၀၀ ကျပ်ဖြစ်ပါတယ်။ ဒါပေမယ့် လှည်းမီးချတဲ့အလုပ်က တော်တော်ပါးသွားတယ်။ အရင်က ကျွန်တော်တို့ မြို့ပေါ်မှာ လှည်းအစီး ၁၀၀ လောက်ရှိတယ်။ အဲဒီလှည်းတွေကလည်း မြို့ပေါ်ရပ်ကွက်တိုင်း လမ်းတိုင်းလိုလို ကတ္တရာလမ်းတွေဖြစ်လာတော့ သံဘီးတပ်လှည်းတွေ ကတ္တရာလမ်းပေါ်မမောင်းရတာနဲ့ ကားဘီးတွေ ပြောင်းတပ်ကြတယ်။ ကားဘီးတွေတပ်တော့ လှည်းမီးချစရာမလိုတော့ဘူးပေါ့။ ဟိုတုန်းကတော့ လှည်းမီးချတဲ့အလုပ်ကလက်မလည်အောင် လုပ်ရတာ။ ရက်ချိန်းတောင်ပေးလုပ်ရတယ်။ နယ်တွေမှာလည်း သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ၊ လိုက်ထရပ်ကားနဲ့ သယ်ယူပို့ဆောင်ရေးတွေလုပ်လာကြတော့ လှည်းတွေသိပ်နေရာမရတော့ဘူး။

အရေအတွက်လည်း နည်းသွားတယ်။ ဒါကြောင့် လှည်းမီးချလုပ်ငန်းကလည်း ပါးသွားတယ်။ ရှေ့လျှောက်ပိုတောင်ပါးအုံးမှာ။ ဘာဖြစ်လို့လည်းဆိုတော့ လှည်းတစ်စီးဖြစ်ဖို့က ကျပ်ငါးသိန်း၊ နှစ်နှစ်ကောင်နဲ့ဆိုရင် ထောက်လာဂျီတစ်စီးဖိုးလောက်ဆိုတော့ လှည်းဘယ်ဝယ်တော့မလဲ ထော်လာဂျီပဲထောင်မှာပေါ့။ ခေတ်ကလည်း ပြောင်းလဲတိုးတက်၊ လူတွေရဲ့ စီးပွားရေးတွေကလည်း ဖွံ့ဖြိုးလာကြတော့ စက်တပ်ယာဉ်တွေကိုပဲ သုံးစွဲကြတော့မှာပဲ။ ဒါကြောင့် ကျွန်တော်တို့ လှည်းမီးချလုပ်ငန်းလည်း ရေရှည်မှာ ပျောက်ကွယ်သွားနိုင်တယ်" ဟု ရွှေဥဒေါင်းစက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဦးစိန်ဘန်းက ပြောပြသည်။

ဖေထွေး(ရေစကြို)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေး ဝန်ထမ်းများက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီမှစတင်၍ လစဉ်မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လစဉ်မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ဘီစီဂျီ၊ Penta၊ OPV၊ ဝက်သက်ဂျိုကိ်သိုးကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ရွှေရဲရင့်

ထောက်ပံ့သည့် အမှိုက်သိမ်းယာဉ်လွှဲပြောင်းပေးအပ်

မိုင်းယောင်း ဇူလိုင် ၆

(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ဂ) တောင်းဆိုထားသည့် တီထွင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်ပရှိအဖွဲ့ဝင်နိုင်ငံများ၌ မှတ်တမ်းတင်ထားပြီးသော တီထွင်မှုမူပိုင်ခွင့်များကို ရှာဖွေခြင်းနှင့် တောင်းဆိုထားသည့် တီထွင်မှုကို စစ်ဆေးခြင်း၊
(ဃ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ကန့်ကွက်ချက်နှင့်ခုခံချေပချက်တို့ကိုဆုံးဖြတ်ခြင်း၊
(င) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို တောင်းခံခြင်း၊
(စ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ခြင်း၊
(ဆ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊
(ဇ) တီထွင်မှုမူပိုင်ခွင့်လက်မှတ်၊ အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်တို့ ထုတ်ပေးခြင်း၊
(ဈ) မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကို ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊
(ည) တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့်တို့ကို လွှဲပြောင်းခြင်းနှင့် လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊
(ဋ) တီထွင်မှုမူပိုင်ခွင့် မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊
(ဌ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊
(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်၊ မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(ဂ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(ဃ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အယူခံချက်ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(င) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း (၅)
တီထွင်မှု မူပိုင်ခွင့်

၇။ တီထွင်မှုသည် အောက်ပါအချက်များနှင့်ညီညွတ်သည့်အပြင် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သောတီထွင်မှု ဖြစ်သည် -

(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊
ရှင်းလင်းချက်။ ။ တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခုအနေဖြင့် မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသားနည်းပညာတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်း ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ရရှိစေမည့် သို့မဟုတ် ထုတ်ဖော်အသိပေးထားသည့် နည်းပညာများပါဝင်သည်။
(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊
ရှင်းလင်းချက်။ ။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာ နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူနားလည်နိုင်စွမ်းမရှိပါက ယင်းတီထွင်မှုသည် တီထွင်မှု အဆင့်တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။
(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။
ရှင်းလင်းချက်။ ။ တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်းဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှည်သည့် လူမှုစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ အဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

စာမျက်နှာ ၂ သို့

စာမျက်နှာ ၁ မှ

၈။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ-

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သချာ်ဆိုင်ရာ တွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအပြုအမူ သက်သက်ဆောင်ရွက်ခြင်း သို့မဟုတ် ယှဉ်ပြိုင်ကစားခြင်းနှင့် စပ်လျဉ်းသည့် စီမံချက်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာပရိုဂရမ်များ၊

(၄) အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေး အတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

ခြွင်းချက်။ ။ထိုနည်းစဉ်များ၌ ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှုနည်းစဉ်များ မပါဝင်။

(၅) သက်ရှိမျိုးနွယ်များ၊ အပင်မျိုးစိတ်များနှင့် သဘာဝတွင် တွေ့ရှိရသော သက်ရှိတို့၏ အင်္ဂါအစိတ်အပိုင်းများ သို့မဟုတ် သက်ရှိများ၊ အလွန်သေးငယ်သောသက်ရှိများ သို့မဟုတ် ယင်းမှထုတ်ယူထားသော သို့မဟုတ် ခွဲခြားထားသော၊ သန့်စင်ထားသော၊ ဂုဏ်သတ္တိအမျိုးမျိုးဖြင့် ပြောင်းလဲထားသော သက်ရှိဇီဝပစ္စည်းတစ်ခု၏ မျိုးပွားပစ္စည်း သို့မဟုတ် မျိုးပွားနိုင်သောအရည်တို့အပါအဝင် အပင်များနှင့် တိရစ္ဆာန်များ၊ ဒီအောက်စီရိုက် ဘိုနယူကလိယဆက်တန်းများဖြင့် ဖွဲ့စည်းထားသော ဆဲလ်များ၊ သက်ရှိ ဆဲလ်များ၊ မွေးမြူထားသော ဆဲလ်များနှင့် အစေ့များ၊

ခြွင်းချက်။ ။ ဤပြဋ္ဌာန်းချက်တွင် ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများ မပါဝင်။

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ကုသနည်းများ သို့မဟုတ် ကုထုံးများနှင့် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသောရောဂါရှာဖွေခြင်းနည်းလမ်းများ၊

ခြွင်းချက်။ ။ အဆိုပါ နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် အသုံးပြုသည့်ပစ္စည်းများသည် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မှုမရှိစေရ။

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များအပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွယ်သည့်တီထွင်မှုများ၊

(၈) လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်တို့၏သက်တမ်း သို့မဟုတ် ကျန်းမာရေးတို့ကို ကာကွယ်ရန် သို့မဟုတ် ပတ်ဝန်းကျင်အား ဆိုးရွားစွာ ထိခိုက်စေခြင်းမှ ရှောင်ရှားရန်တို့အပါအဝင် အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုကို ကာကွယ်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း စီးပွားဖြစ်အသုံးချမှုကို ဥပဒေအရတားမြစ်ထားသော တီထွင်မှုများ။

(ခ) အောက်ပါတို့သည် ပြည်ထောင်စုအစိုးရက သီးခြားသတ်မှတ်သည့်ကာလမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ် မရရှိစေရ-

(၁) ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်၊

(၂) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၃) စားသောက်ကုန်များနှင့်

(၄) အဏုဇီဝပစ္စည်းများ။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) ပါ အကာအကွယ် မရရှိစေသောကာလကို ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ သဘောတူညီချက်နှင့် အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

အခန်း(၆)
တီထွင်မှု မူပိုင်ခွင့် ရခွင့်ရှိသူများ

၉။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ဤလျှောက်ထားနိုင်သည့် အခွင့်အရေးကို ဆက်ခံခြင်းနည်းအားဖြင့် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံးတရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှု မူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၀။ (က) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုတစ်ရပ်ကိုပူးတွဲပြုလုပ်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးချင်းစီသည် ၎င်းတို့၏ တီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်၏ ပူးတွဲပိုင်ရှင် တစ်ဦးဖြစ်ရမည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော တီထွင်သူများပါဝင်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားမှုတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၄) ပါ အချက်များနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်ပါက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား တင်သွင်းရာတွင် မပါဝင်သော တီထွင်သူသည် အခြားပူးတွဲတီထွင်သူများ၏ လျှောက်ထားခြင်းကို ဟန့်တားခြင်းမပြုရ။

၁၁။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်သည့်အခါ-

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင် သီးခြားသဘောတူညီချက် မရှိပါက အလုပ်ရှင်ကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(ခ) အလုပ်ရှင်၏ တာဝန်ပေးအပ်ချက်အရ မဟုတ်ဘဲ ၎င်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွယ်နေသော တီထွင်မှုတစ်ခုကို အလုပ်သမားက ပြုလုပ်ရာတွင် ယင်းတီထွင်မှုကို ပြုလုပ်ရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိပြီး အလုပ်ရှင်သည် ၎င်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်၍ ပြုလုပ်သော တီထွင်မှုအပေါ် အသုံးပြုရန် တစ်ဦးတည်းပိုင်မဟုတ်သော လိုင်စင်ရရှိစေရမည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် တီထွင်မှုအား လျှောက်ထားရာတွင် သီးခြားသဘောတူညီချက် မရှိပါက အဆိုပါတီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်း မရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး အလုပ်ရှင်မှ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို ရရှိစေရမည်-

(၁) အလုပ်ရှင်က အဆိုပါ တီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခဲ့လျှင်၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထား အပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်းမပြုနိုင်လျှင်၊

(၃) ပုဒ်မခွဲ (ဃ) အတိုင်း တင်ပြနိုင်ခဲ့လျှင်။

(ဃ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ်အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောရာနေ့ရက်မှ ၆ လအတွင်း အဆိုပါတီထွင်မှုကို အလုပ်ရှင်မှ လျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ) နှင့်(ဂ) တို့တွင် ဖော်ပြထားသော တီထွင်မှု မူပိုင်ခွင့်ပြုလုပ်မှုမှအပ အခြားသော တီထွင်မှုကို ပြုလုပ်ခဲ့လျှင် သီးခြားသဘော တူညီချက်မရှိပါက ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

အခန်း (၇)
တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း

၁၂။ မည်သူမဆို တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ရရှိလိုပါက ဤဥပဒေနှင့် အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားရမည်။

၁၃။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိက တောင်းဆိုလျှင် မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။ အဆိုပါ ဘာသာပြန်ဆိုချက်အား မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန်တောင်းဆိုချက်၊

(၂) လျှောက်ထားသူနှင့် တီထွင်သူတို့၏အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၄) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် ထိုအဖွဲ့အစည်းအမည်၊ အမျိုးအစား၊ လိပ်စာနှင့် နိုင်ငံအမည်၊

(၅) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၆) လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် မြန်မာနိုင်ငံ၏ နယ်နိမိတ် ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ မိမိကိုယ်စားဆောင်ရွက်မည့် ဒေသခံရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၇) ဦးစားပေးအခွင့်အရေးကို ထည့်သွင်းတောင်းဆိုခဲ့ပါက မူလလျှောက်ထားခဲ့သည့် နေ့ရက်၊ အကယ်၍ သိရှိပါက လျှောက်ထားချက် အမှတ်စဉ်နံပါတ်နှင့် နိုင်ငံ သို့မဟုတ် ရုံး၏အမည်ပါဝင်သည့် မြွက်ဟကြေညာချက်၊

(၈) လျှောက်ထားသူက တီထွင်ထားသည့် ကုန်ပစ္စည်းကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသရာမှ အကျိုးဆက်အဖြစ် ရရှိနိုင်သော မည်သည့် အကာအကွယ်ပေးမှု အခွင့်အရေးကိုမဆိုရယူရန် ဆန္ဒရှိပါက ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း ခင်းကျင်းပြသခဲ့သည့်နေ့ရက်၊ နိုင်ငံအမည်တို့နှင့်အတူ နိုင်ငံတကာ ကုန်စည်ပြပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ ကုန်စည်ပြပွဲဆိုင်ရာ အခွင့်အရေးကို တောင်းဆိုသည့် မြွက်ဟကြေညာချက်နှင့် ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေခံအထောက်အထား၊

(၉) လျှောက်ထားသည့်အချိန်တွင် တီထွင်သူ သို့မဟုတ် လျှောက်ထားသူမှ သိရှိထားသော တီထွင်မှုကို ဆက်လက်ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြထားပြီး သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ တီထွင်မှုကို ပြုလုပ်နိုင်ရန်နှင့် အသုံးပြုနိုင်ရန် ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာ ဖော်ပြချက်၊

(၁၀) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၁၁) လျှောက်ထားသူသည် တီထွင်သူမဟုတ်ပါက သက်သေခံအထောက်အထားနှင့်အတူ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် လျှောက်ထားခွင့်ကိုမည်ကဲ့သို့ ရရှိခဲ့ကြောင်း ဖော်ပြချက်၊

(၁၂) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ၊

(၁၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် လိုအပ်သော ရေးဆွဲချက်များ၊

(၁၄) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများ အားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့် ရေးသားထားသည့် သဘောတူညီချက်၊

(၁၅) အဖွဲ့အစည်းက လျှောက်ထားခြင်းဖြစ်ပြီး အဖွဲ့အစည်း၏ အကြီးအကဲ မဟုတ်သူက လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ၎င်းအနေဖြင့် ထိုကဲ့သို့ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိကြောင်း သက်သေခံအထောက်အထား၊

(၁၆) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း၊ ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်၏ မူရင်းဖြစ်ကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော အဆိုပါအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း သိသာထင်ရှားစေသော သက်သေခံအထောက်အထား၊

(၁၇) ဆောလျင်စွာထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ကြေညာပေးရန် တောင်းဆိုချက်၊

(၁၈) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့်အခြား လိုအပ်ချက်များ။

၁၄။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်ကို သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါတီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားရမည်ဖြစ်ပြီး အထူးသဖြင့် အဆိုပါဖော်ပြချက်တွင် ဦးစားပေးအခွင့်အရေးတောင်းဆိုပါက ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားသည့်နေ့ရက် သို့မဟုတ် လျှောက်လွှာတင်သွင်းသည့်နေ့ရက်၌ တီထွင်သူ သိရှိထားသည့် ၎င်းတီထွင်မှုအား လုပ်ဆောင်နိုင်မည့် နည်းလမ်းများမှ အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြပေးရမည်။

(ခ) တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းမှုအဆင့်ရှိသူက ယင်းတီထွင်မှုကိုအသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လိုသည်ထက်ပို၍ စမ်းသပ်စစ်ဆေးမှုမပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အဆိုပါတီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင် ကာကွယ်ရန် တောင်းဆိုထားသော တီထွင်မှုကိုပြုလုပ်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရင်းမြစ်များ၏ ဇာစ်မြစ်ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြချက်သည်လည်းကောင်း၊ အဆိုပါ ရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကာကွယ်ရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ တစ်ဦးချင်း သို့မဟုတ် စုပေါင်းဖန်တီးသူများ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြချက်ပါရှိရမည်။

၁၅။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့် အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်ပြီး တောင်းဆိုချက်များကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံသော ဖော်ပြချက်ဖြစ်ရမည်။

၁၆။ (က) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားပြီးဖြစ်သော အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက လက်ခံရရှိသော နေ့ရက်ကို တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသော နေ့ရက်အဖြစ် မှတ်ယူမည်ဖြစ်သည်-

(၁) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ လျှောက်ထားချက်တွင် လိုအပ်သောအချက်များအား ရှင်းလင်းစွာ ဖော်ပြချက်၊

စာမျက်နှာ ၃ သို့

ဥပဒေကြမ်း

စာမျက်နှာ ၂ မှ

(၂) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် လျှောက်ထားသူနှင့် သက်ဆိုင်သည့် အထောက်အထားများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လျှောက်ထားသူထံ ဆက်သွယ်နိုင်မည့် အချက်အလက်များ ဖော်ပြချက်၊

(၃) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၂) တို့တွင် ဖော်ပြထားသည့် တီထွင်မှုဆိုင်ရာ ဖော်ပြချက်နှင့် တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်။

(ခ) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား လက်ခံရရှိချိန်၌ ပုဒ်မခွဲ (က) ပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါက လျှောက်ထားသူအား လိုအပ်သော အမှားပြင်ဆင်ချက်များ ပြုလုပ်ပေးရန် တောင်းခံရမည်။ လိုအပ်သော အမှားပြင်ဆင်ချက်များ လက်ခံရရှိသောနေ့ရက်ကို လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူမည်ဖြစ်သည်။ လျှောက်ထားသူမပြန်လည်ပြင်ဆင်ခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို တင်သွင်းခြင်းမရှိသကဲ့သို့ မှတ်ယူမည်။

၁၇။ တူညီသောတီထွင်မှုတစ်ခုနှင့် စပ်လျဉ်း၍ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် တင်သွင်းလာလျှင်ဖြစ်စေ၊ တူညီသော ဦးစားပေးနေ့ရက်ကို လျှောက်ထားသည့်နေ့အဖြစ် တောင်းဆိုလာလျှင် ဖြစ်စေ-

(က) မှတ်ပုံတင်အရာရှိသည် သင့်လျော်လုံလောက်သည့် အချိန်ကာလအတွင်း ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့် အညီ ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်း ခံရသူ၏အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ၎င်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သူတစ်ဦးဦး၏ ကန့်ကွက်မှုကို လက်ခံရရှိခဲ့လျှင်ဖြစ်စေ မည်သည့် လျှောက်ထားသူ၏ တီထွင်မှုကိုမှ ခွင့်မပြုရ။

၁၈။ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်ထားသော အချိန်အတွင်းတင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာပြည်ပနိုင်ငံတစ်ခုခု၏ အသိ ဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏ မိတ္တူ။

(ခ) လျှောက်ထားသူ ပြည်ပမှရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါလျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ၊ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက် အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှုမူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင် ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၁၉။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသည့်နေ့ရက်ကို မှတ်တမ်းသွင်းပြီး တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြားပြီးနောက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က) အရ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သော ပြင်ဆင်မှုများပြုလုပ်၍ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ သို့ရာတွင် လျှောက်ထားသူမှ ပြင်ဆင်၍ ပြန်လည်တင်ပြခြင်းမပြုလျှင် လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ လိုအပ်ချက်များနှင့် ကိုက်ညီသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့အနက် ပို၍စောသည့်နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားသည့်နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် စစ်ဆေးပေးရန်အတွက် တောင်းဆိုချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကို သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၁။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ၃ လအတွင်း သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်စာတင်သွင်းနိုင်သည်။ ကန့်ကွက်စာတွင် ကန့်ကွက်လိုသည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဖော်ပြရမည်ဖြစ်ပြီး ကန့်ကွက်သူမှ ခွင့်ပြုချက်ကို တားမြစ်ရန် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ခိုင်လုံသော အကြောင်းပြချက်များအပါအဝင် သက်ဆိုင်ရာ သက်သေခံ အထောက်အထားများအားလုံးကို ဖော်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လှန်ချေပချက်ကို တင်သွင်းနိုင်သည်။

(ဃ) မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူနှင့် ကန့်ကွက်သူတို့အား ၎င်းတို့၏အမှုကိုခုခံခြင်း၊ ပြန်လှန်ချေပခြင်းတို့နှင့်စပ်လျဉ်း၍ နှုတ်သက်သေခံချက်အပါအဝင် နောက်ထပ်သက်သေခံ အထောက်အထားများ တင်ပြလာခြင်းအပေါ် သင့်လျော်သည်ဟု ထင်မြင်လျှင် ကြားနာခွင့်ပေးနိုင်သည်။

၂၂။ (က) လျှောက်ထားချက်သည် တီထွင်မှုတစ်ခု သို့မဟုတ် ယေဘုယျ တီထွင်ကြံဆမှု သဘောတရားတစ်ခုနှင့် ဆက်စပ်နေသော တီထွင်မှုများနှင့်လည်း သက်ဆိုင်ရမည်။

(ခ) လျှောက်ထားချက်သည် ပုဒ်မခွဲ(က)ပါ အချက်နှင့် မကိုက်ညီပါက လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင်ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုမည့်အချိန်အထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင် ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက် ခွင့်ပြုမည့် အချိန်အထိ လျှောက် ထားချက်ကို နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများ အဖြစ် ခွဲ၍လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက်အခွဲတစ်ခုစီတွင် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့ကို ဖော်ပြပေးရမည်။

(ဃ) ပုဒ်မခွဲ (က) အရ တီထွင်မှုအစုတစ်ခု၏ လိုအပ်ချက်နှင့် မကိုက်ညီသော လျှောက်ထားချက်တွင် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခဲ့ပြီးသည့်အချက်သည် တီထွင်မှုမူပိုင်ခွင့်ကို ပျက်ပြယ်စေမည့် အကြောင်းပြချက် မဖြစ်စေရ။

၂၃။ (က) လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်က မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်မှုကြောင့် သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်ထံ အခွင့်အရေးများ ပြန်လည်ပေးရမည် -

(၁) လုပ်ဆောင်ရမည့်လုပ်ငန်းကို သတ်မှတ်ကာလအတွင်း လိုက်နာရန်ပျက် ကွက်ခဲ့မှုကြောင့် ငြင်းပယ်ခံရသည့်နေ့ရက်မှ နှစ်လ ထက်နောက်မကျစေဘဲ တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) အဆိုပါလုပ်ငန်းကိုသတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် မေးခွန်းများ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်ထားသောကာလအတွင်း လိုက်နာရန် ပျက်ကွက်မှုအတွက် အကြောင်းပြချက်များအား တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အောက်ပါအခြေအနေများတွင် အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ခွင့်မပြုရ -

(၁) အယူခံအဖွဲ့ သို့မဟုတ် ပြန်လည်သုံးသပ်ရေးအဖွဲ့ထံတွင် အမှုတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၄။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြု မပြုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက် မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့် ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းတစ်ခုခုတွင်ပါရှိသည့် အဓိကကျသောအချက်များကို ထိခိုက်ခြင်း မရှိသည့် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၂၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ရပ်နှင့် စပ်လျဉ်း၍ -

(က) ဤဥပဒေတွင်ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သည့် အချက်များနှင့်ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် မကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၂၆။ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားချက်အား ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုရန် ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း လျှောက်ထားသူသည် ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများကို ပြန်လည်ရထိုက်ခွင့်မရှိစေရ။

၂၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူ ထပ်မံထုတ်ပေးရန် လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စစ်ဆေး၍ တီထွင်မှု မူပိုင်ခွင့်လက်မှတ်မိတ္တူကို ထုတ်ပေးရမည်။

၂၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အဓိကကျသည့်အချက်များကို ထိခိုက်ခြင်းမရှိသည့် စာအရေးအသားအမှားနှင့် အခြားသော မှားယွင်းမှုများကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါလျှောက်ထားချက်အား စစ်ဆေး၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

အခန်း (၈)
တီထွင်မှုမူပိုင်ခွင့် လျှောက်ထားကြောင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၂၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၌ နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါတီထွင်မှု လျှောက်ထားချက်ပါအကြောင်းအရာများနှင့် စပ်ဆိုင်သော ဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိချိန်အထိ အဆိုပါလျှောက်ထားချက်ကို ထုတ်ပြန်မည့်အချိန်တိုင်အောင် မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သော လျော်ကြေးကိုပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာအခွင့်အရေးများကို အစိုးရသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေထိုင်သူ မည်သူမဆို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှု မူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့်ဖြစ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့် လျော်ကြေးရရှိရန် တောင်းဆိုနိုင်သည်။ ၎င်းလျော်ကြေးပမာဏအပေါ် မကျေနပ်ပါက တရားရုံးမှ သတ်မှတ်ပေးရန် လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်းမရှိတော့ကြောင်းပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ(က)အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

၃၀။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသော ဝန်ထမ်းများသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာခြင်းမပြုမီ ခွင့်ပြုချက်မရှိသည့် အခြားသူ တစ်ဦးဦးအား သုံးစွဲခွင့်မပြုရ။

အခန်း(၉)
ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး

၃၁။ (က) ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို လျှောက်ထားခဲ့သူမည်သူမဆို အဆိုပါ တီထွင်မှု မူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားလာလျှင် ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

(ခ) ဦးစားပေးအခွင့်အရေးရရှိရန် အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်ရမည် -

(၁) လျှောက်ထားချက်သည် တူညီသော တီထွင်မှုအတွက်သာ ဖြစ်ရမည်။

(၂) ပထမလျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှ ၁၂ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လျှောက်ထားရမည်။

(၃) လျှောက်ထားသူသည် ပထမလျှောက်လွှာတင်သွင်းခဲ့သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြုလျှောက်ထားချက် မိတ္တူမှန်အား ၃ လအတွင်း တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိထံ

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရန်အတွက် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

၃၂။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အစိုးရကကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင်အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သောနေ့ရက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ကို တောင်းဆိုနိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင်ပါရှိသည့် တီထွင်မှုတစ်ရပ်ကို ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင် သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခု၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာနိုင်ငံ၏ အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသခဲ့ခြင်း၊

(ခ) ထိုပြပွဲတွင် သက်ဆိုင်ရာကုန်ပစ္စည်းကို စတင်ခင်းကျင်းပြသသည့် နေ့ရက်မှ ၁၂ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်း။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင်ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကာလနှင့် ဆက်စပ်ခြင်းမရှိစေရ။

အခန်း (၁၀)

တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့် အခကြေးငွေများ

၃၄။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်မှ ၂၀ နှစ်ဖြစ်သည်။

၃၅။ (က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ကာလအပိုင်းအခြားအလိုက် သတ်မှတ်ထားသော နှစ်စဉ်ကြေးကို မှတ်ပုံတင်အရာရှိထံ ကြိုတင်ပေးသွင်းရမည်။ နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် သတ်မှတ်ထားသော အပိုကြေးပေးဆောင်ရာတွင် အထူးခွင့်ပြုကာလကို ၆ လ အထိ ခွင့်ပြုပေးရမည်။ ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ်ကြေး ပေးသွင်းခြင်းမရှိလျှင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းသည်ဟု မှတ်ယူရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ပျက်ပြယ်မည် ဖြစ်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက်ကျော်လွန်သွားသောကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် အမည်ခံသူသည် ပုဒ်မ ၂၃ ပါ အချက်များနှင့် ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် တောင်းဆိုနိုင်သည်။

၃၆။ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ -

(က) မှတ်ပုံတင်အရာရှိသည် အခကြေးငွေများ ပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ထိခိုက်ခြင်းမရှိဟု ယူဆလျှင် ငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါပျက်ပြယ်သော တီထွင်မှုမူပိုင်ခွင့်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

အခန်း (၁၁)

တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်အခွင့်အရေးများအဖြစ် ခံစားခွင့်ရှိစေရမည်။

၃၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် သီးသန့်အခွင့်အရေးအဖြစ် -

(က) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်ကုန်ကို စီးပွားရေးအလို့ငှာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်လုပ်မှုနည်းစဉ်အား စီးပွားရေးအလို့ငှာအသုံးပြုလျှင် ဖြစ်စေ၊ ယင်းထုတ်လုပ်မှုနည်းစဉ်အား တိုက်ရိုက် အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

၃၉။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားရေးအတွက်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊ ယင်းသို့ဆောင်ရွက်ခြင်းတွင် စီးပွားရေးလုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ စျေးကွက်တွင်ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့်ရရှိထားသည့် ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်အရ စည်းကမ်းသတ်မှတ်ထားသော ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ တိုးပွားစေရန်နှင့် တင်ပြနိုင်ရန်တို့အတွက် တီထွင်မှု မူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို သင့်တင့်မျှတစွာ အသုံးပြုဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာ ကုသရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးမှပေးသောဆေးစာ အညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၄၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အခန်း (၁၂) နှင့် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်းပြုနိုင်သည်။

(ခ) မိမိ၏တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

၄၁။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲရရှိပြီး ၎င်းတို့အချင်းချင်းလည်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူတစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးဝေစုကို ခံစားခွင့် ရှိစေရမည်။

(ခ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးဝေစုကို အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်း ပြုနိုင်သည်။

(ဂ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား အခြားတီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက်ရယူရန်မလိုဘဲ ပုဒ်မ ၄၀ ၊ပုဒ်မခွဲ (ခ) ပါအတိုင်း တရားစွဲဆိုခွင့် ရှိသည်။

(ဃ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီ၏ တရားဝင်အမွေဆက်ခံသူသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင်ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့် ရှိသည်။

၄၂။ (က) တီထွင်မှုပြုလုပ်သည့် အလုပ်သမားကရရှိမည့် ချီးမြှင့်ငွေနှင့် စပ်လျဉ်း၍ အလုပ်သမားသည် မြန်မာနိုင်ငံတွင် ပြုလုပ်သော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ တီထွင်မှုတစ်ခုကို ပြုလုပ်ခြင်းဖြစ်လျှင် ထိုတီထွင်မှုအတွက် ထိုက်သင့်မျှတသည့် ချီးမြှင့်ငွေကို အလုပ်ရှင်ထံမှ ရပိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာအလုပ်သမားသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူဖြစ်သည့် အလုပ်ရှင်ထံမှ ပုဒ်မခွဲ (က) အရ ချီးမြှင့်ငွေကို ရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ ချီးမြှင့်ငွေရရှိသော်လည်း ချီးမြှင့်ငွေ ပမာဏကို မကျေနပ်လျှင်သော်လည်းကောင်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ) အရ တင်ပြခြင်းနှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူဖြစ်သည့် အလုပ်ရှင်က သက်ဆိုင်ရာ အလုပ်သမားအား ပေးရမည့်ချီးမြှင့်ငွေကို အောက်ပါအချက်များအားအခြေခံပြီး သတ်မှတ်ပေးရမည်-

(၁) အလုပ်သမား၏လုပ်ခ၊

(၂) တီထွင်မှု၏အရေးပါမှု၊

(၃) တီထွင်မှုပြုလုပ်ခြင်းမှ ရရှိခဲ့သောအကျိုးအမြတ်နှင့် ရရှိနိုင်မည့်အကျိုးအမြတ်များ။

(ဃ) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေကို ကျေနပ်မှုမရှိသူသည် တရားရုံးသို့ အယူခံနိုင်သည်။

အခန်း (၁၂)

တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း

၄၃။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ၎င်း၏အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။

၄၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်အသစ်နှင့် မူလတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်တို့မှ သတ်မှတ်ထားသောအခကြေးငွေပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုပြောင်းလဲခြင်းကို မှတ်တမ်းတင်ထားရှိပြီး ထုတ်ပြန်ကြေညာရမည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

၄၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဆိုပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ကို မှားယွင်းစွာ ခွင့်ပြုထားခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် ညွှန်ကြားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) အရ လုပ်ငန်း၏ အကျိုးအမြတ်ကို လွှဲပြောင်းရယူရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ အစိုးရဌာန သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ထားသော အဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်း သက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုဆိုင်ရာ ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှု မူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

အခန်း (၁၃)

တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို အသုံးပြုရန် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၉။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့သည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက် မိတ္တူနှင့်အတူ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၅၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၉ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်း မရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက်ဖြစ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှု တစ်ခုခုကို ဖြစ်စေသည့် အချက်တစ်ရပ်ရပ်ပါရှိခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုလိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၁။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၂။ လိုင်စင်ပေးခြင်းနှင့် စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်း မရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှု မရှိစေရ။

အခန်း (၁၄)

မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးခြင်း

၅၃။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင် အဖွဲ့အစည်းတစ်ရပ်ရပ်က တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးထံလိပ်မူ၍ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို လျှောက်ထားလာပါက တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်-

(က) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏ အခြားသော အရေးပါသည့် အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်းလိုအပ်လျက်ရှိခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ၎င်း၏လိုင်စင်ရရှိသူမှ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှ ဆုံးဖြတ်ပြီး တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအား အသုံးပြုခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ရပ်အား ကုစားနိုင်မည်ဟု ကျေနပ်လက်ခံခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် လိုင်စင်ရသူက လိုင်စင်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းအား ဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားခြင်း၊

(ဃ) တီထွင်မှုသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်ခြင်းမှသော် လည်းကောင်း၊ တင်သွင်းခြင်းမှသော်လည်းကောင်း လုံလောက်သည့် အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့် စျေးနှုန်းဖြင့် မြန်မာနိုင်ငံတွင် မရရှိနိုင်ခြင်း၊

(င) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြှင့်မတစ်ရပ်ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

၅၄။ (က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ တောင်းဆိုချက်အရ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် နှစ်ဖက်လုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင် သို့မဟုတ် ထပ်မံဖြစ်ပွားဟန် မရှိတော့လျှင်သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ကို ရုပ်စဲရမည်။

(ခ) ပုဒ်မခွဲ(က)တွင် မည်သို့ပင်ဖော်ပြစေကာမူ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးသည် အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင် အကျိုးစီးပွားအား လုံလောက်သော အကာအကွယ်ပေးရန် လိုအပ်ချက်သည် ထိုလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သောလုပ်ရပ်အား ကုစားနိုင်ရန် ထုတ်ပေးထားသော

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါ လိုင်စင်ကို ရပ်စဲခြင်းမပြုရ။

၅၅။ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိနိုင်သော လိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ-

(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် မြန်မာနိုင်ငံတွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင်ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ၎င်း၏တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်မှ လိုင်စင်သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၃၈ နှင့် ၄၀ တွင် ပါရှိသော ၎င်း၏အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

၅၆။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၅၃ အရ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့်နေ့ရက်နှင့် လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဖော်ပြပေးရမည်။

(ဂ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့် နစ်နာကြေးကို ထည့်သွင်းဖော်ပြပေးရမည်။

၅၇။ (က) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့်တစ်ခုအား မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ကို ခွင့်ပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၄ နှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့် နေ့ရက်မှ ၃ နှစ် မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်း ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ယ) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့်ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်လျှင် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်းမပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ် တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အပေါ် တွင် တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည်အထိ တီထွင်မှုအား တရားဝင် အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၅၈။ (က) ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ယ) အရ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင် လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်လျှောက်ထားသူထံမှ တောင်းဆိုချက်ကို လက်ခံရရှိကြောင်း၊ သို့သော် အဆိုပါလျှောက်ထားသည့် ပုဂ္ဂိုလ်သည် သင့်လျော်သော အချိန်အတွင်း သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် လိုင်စင်တစ်ခုရရှိနိုင်ခဲ့ခြင်း မရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်သောကိစ္စရပ်များ သို့မဟုတ် အလွန်အမင်း ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်သည့် အခြားသောအခြေအနေများ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော လုပ်ငန်းများအား ကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော ယခင်ကြိုးပမ်းမှုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားများပူးတွဲတင်ပြရန် မလို။

၅၉။ တာဝန်ခံဝန်ကြီးဌာန၏ပြည်ထောင်စုဝန်ကြီးက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့် တစ်ခုနှင့် သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်မှုစွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန်စွမ်းရည်မပြည့်မီသောနိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါ ထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ရက်စွဲပါ ဆုံးဖြတ်ချက်မှ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့် အခါတို့မှတစ်ပါး အဓိကအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စျေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၆၀။ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (င) အရ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင် ခွင့်ပြုသည့်အခါ-

(က) ပထမတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင် ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်နှင့်အတူ ပထမတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်၏ လိုင်စင်ကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၆၁။ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ခွင့်ပြုပေးရန်တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာဆုံးဖြတ်ချက်အပါအဝင် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ အယူခံနိုင်သည်။

အခန်း (၁၅)
တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၆၂။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို မိမိ၏ဆန္ဒအလျောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက ပူးတွဲရရှိထားပြီး ၎င်းတို့အချင်းချင်းအခြားနည်းဖြင့် သဘောတူညီချက် တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူအားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။

၆၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းကိုစိစစ်ပြီး ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၄။ မှတ်ပုံတင်အရာရှိသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ပြီစွန်းကြောင်းတွေ့ရှိပါက တီထွင်မှု မူပိုင်ခွင့်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရုပ်သိမ်းနိုင်သည် -

(က) တီထွင်မှုသည် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှုမဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိသူ မဟုတ်ကြောင်းခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့်အရာများထက် ကျော်လွန်နေကြောင်းတွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ ဖြစ်စေ၊ သတ်မှတ်ထားသည့်အရေးပါသော သတင်းအချက်အလက်တစ်ရပ်ရပ်ကိုချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန်တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေးနေ့ရက်မတိုင်မီ မြန်မာနိုင်ငံတွင်လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာ ဖော်ပြထားခြင်း။

၆၅။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်အရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်-

(က) လျှောက်ထားသူသည် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိရန်အမိန့်ကိုဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) ကိုဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)အရ အခကြေးငွေပေးသွင်းထားမှု မရှိခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးနိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဂ) ပါအတိုင်း သတ်မှတ်ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြထားခြင်း။

၆၆။ မှတ်ပုံတင်အရာရှိသည် -

(က) တီထွင်မှုမူပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူက တရားမကြောင်းဖြင့် တရားစွဲဆိုထားပြီးဖြစ်ပါက အဆိုပါအမှု မပြီးပြတ်မီကာလအတွင်း၌ တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းခြင်းအားဆိုင်းငံ့ထားရမည်။

(ခ) သက်ဆိုင်ရာတရားရုံးက တီထွင်မှုမူပိုင်ခွင့်လက်မှတ် ပျက်ပြယ်ခြင်းနှင့်စပ်လျဉ်း၍နောက်ဆုံးအတည်ဖြစ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်၊ အမိန့်နှင့် ဒီဂရီတို့ကို ချမှတ်သည့်အခါတွင် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းရမည်။

၆၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကိုရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အဆိုပါရုပ်သိမ်းခြင်းကို ထုတ်ပြန်ကြေညာရမည်။

အခန်း (၁၆)
အသေးစားတီထွင်မှု

၆၈။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိစေရ-

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ သို့မဟုတ် အခြားသောအရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသော အရာများနှင့်

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်းတည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာနည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါအသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များအား မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှုမူပိုင်ခွင့် ခွင့်ပြုရန် အတွက် လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်သည်။

၆၉။ အသေးစားတီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၁၀ နှစ်ဖြစ်သည်။

၇၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက် လျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူပြီး အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ်မှတ်ယူပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲခြင်းမပြုရ။

၇၁။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ရပ်နှင့်စပ်လျဉ်း၍ -

(က) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၇၂။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ၂ လ အတွင်း သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခိုင်လုံသောသက်သေခံ အထောက်အထားများဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်စာတင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၃။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏ သဘောတူညီချက်မပါဘဲ ပုဒ်မ ၃၈ ပါ ပြုလုပ်မှုတစ်ရပ်ရပ်ဖြင့် ၎င်း၏အသေးစားတီထွင်မှုမူပိုင်ခွင့်တွင် ထိပါးချိုးဖောက်သူ မည်သူကိုမဆို ဤဥပဒေနှင့်အညီ တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

(ခ) တရားရုံးသည် မှတ်ပုံတင်အရာရှိက အဆိုပါအသေးစားတီထွင်မှုမူပိုင် ခွင့်ကိုစစ်ဆေးနေစဉ်ကာလအတွင်း ထိပါးချိုးဖောက်ခြင်းကို တားမြစ်နိုင်ရန် သို့မဟုတ် တရားစွဲဆိုထားသော ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ သက်သေခံအထောက်အထားများအား ထိန်းသိမ်းနိုင်ရန် ယာယီအရေးယူဆောင်ရွက်ချက်များကို အမိန့်ချမှတ်နိုင်သည်။

အခန်း(၁၇)
တီထွင်မှုမူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာလျှောက်ထားခြင်း

၇၄။ ဤဥပဒေအာဏာတည်ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက မြန်မာနိုင်ငံအားရွေးချယ်လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာ လျှောက်ထားခြင်းကိုဖြစ်စေ၊ မြန်မာနိုင်ငံမှလျှောက်ထားမည့် အပြည်ပြည်ဆိုင်ရာ လျှောက်ထားခြင်းကို ဖြစ်စေ လျှောက်ထားလိုပါက သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံအား ဖော်ပြလျှောက်ထားသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရခွင့်ပြုသော အပြည်ပြည်ဆိုင်ရာ လျှောက်ထားသည့်နေ့ရက်အား မြန်မာနိုင်ငံတွင်လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ဤဥပဒေအရ လျှောက်ထားသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၇၆။ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့် ရုံးအဖြစ် ဆောင်ရွက်ရမည်။

၇၇။ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုအကာအကွယ်ကိုရရှိရန် မြန်မာနိုင်ငံကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည်ဆိုင်ရာလျှောက်ထားချက်တစ်ခုနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

အခန်း(၁၈)
အယူခံခြင်း

၇၈။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားနိုင်သည်။

၇၉။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

အခန်း (၁၉)
တီထွင်မှုမူပိုင်ခွင့်ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများ

၈၀။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကိုရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် တရားပြိုင်အား အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသော မည်သည့် ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) တရားရုံးသည် ယင်း၏ရှေ့မှောက်၌ စွဲဆိုလာသော တရားစွဲဆိုမှုများအတွက် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထား တင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည့် တရားပြိုင်က ၎င်း၏ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်းမရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၈၁။ (က) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်များကို ချမှတ်နိုင်သည်-

(၁) တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ရပြီး လျှင်ပြီးချင်း တင်သွင်းသော ကုန်ပစ္စည်းများအပါအဝင် တီထွင်မှု မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့်ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) တီထွင်မှုမူပိုင်ခွင့်ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည်-

(၁) လျှောက်ထားသူသည် အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ကျေနပ်စေလောက်သည့် ခိုင်လုံသော အထောက်အထား ဖြစ်စေရန်အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများ တင်ပြရန်တောင်းဆိုနိုင်သည်။

(၂) လျှောက်ထားသူက အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အား ကာကွယ်ရန်အတွက် အာမခံချက်တစ်ရပ် တင်သွင်းရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏မျက်ကွယ်၌ ချမှတ်သော ယာယီအရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များကို တရားရုံးက သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ ကြားနာခွင့်အပါအဝင် ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆောင်ရွက်ရမည်။

(င) တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အခြားသတင်းအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်။

(စ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခွဲခြင်းမရှိခဲ့လျှင် ပုဒ်မခွဲ (ဃ) ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို တရားပြိုင်၏တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဆ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှု တစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သော လျော်ကြေးပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၈၂။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အကောက်ခွန် ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းလာသော တီထွင်မှုမူပိုင်ခွင့် ချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်း အပါအဝင် တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(ခ) (၁) တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံပေး ဆောင်ရန်အတွက် ချမှတ်သည့် အမိန့်၊ သင့်လျော်သောကိစ္စရပ်များတွင် တရားရုံးသည် မူလ ရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(၂) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

၈၃။ အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေး ရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက်မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေးပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ကျသင့်သည့် ရှေ့နေစရိတ်အပါအဝင်ဖြစ်သော တရားစရိတ်နှင့်အခြား ကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့်ချမှတ်ရမည်။

၈၄။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်း အချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသော သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ၎င်းတောင်းဆိုချက်များနှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသော အခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့အပြန်အလှန်စွပ်စွဲ ငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သည့်သတင်းအချက်အလက်များကို ရယူရာတွင်ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များအား မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကိုသိသာစွာဟန့်တားလျှင်။

၈၅။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးနှင့် စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန်ထိပါးချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၈၆။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းအတွက် ယာယီအရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

အခန်း(၂၀)
ပြစ်ဒဏ်များ

၈၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို မမှန်မကန်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့်သက်ဆိုင်သော စာတမ်းအမှတ်အသားများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာအသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၈၈။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းထားခြင်း မရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို တင်သွင်းထားသည်ဟုလည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့် ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့် ရရှိပြီးဖြစ်သည်ဟု လည်းကောင်း တစ်နည်းနည်းဖြင့် မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သူမဆို တရားရုံးက ပုဒ်မ ၈၅ အရ ချမှတ်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေ ချမှတ်ရမည်။

အခန်း (၂၁)
အထွေထွေ

၉၀။ ဤဥပဒေအရ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်ဖြစ်စေ စွဲဆိုသောအမှုများနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာတရားရုံးနှင့် ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များသည် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအတိုင်းဖြစ်သည်။

၉၁။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦး၏ ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူအား တင်ပြကြားနာခွင့်ပေးရမည်။

၉၂။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၉၃။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အတွက် အမိန့်ချမှတ်ရမည်။

၉၅။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူရမည်။

၉၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ် အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ဆိုင်ရာ ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သော ကုန်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၇။ အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားမကြောင်းအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက်သိုနှိုင်းစေခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာဖြေရှင်းသည့် နည်းလမ်းအရဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

CB Bank (Co-operative Bank Ltd.) အတွက် ဝန်ထမ်းများခေါ်ယူခြင်း

CB Bank ရုံးချုပ်နှင့် ရန်ကုန်ဘဏ်ခွဲများတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက်ပူးတွဲပါသတ်မှတ်အရည်အချင်းနှင့်ပြည့်သူများ လျှောက်ထားနိုင်ပါသည်။

(၁) ဒုဥယာဉ်မောင်း

- ✓ အသက် (၂၂-၄၅) နှစ်အတွင်းရှိသူအမျိုးသားများ။
- ✓ ယာဉ်မောင်း လုပ်သက်အနည်းဆုံး (၃) နှစ်ရှိပြီးလိုင်စင်လက်ဝယ်ရှိရမည်။
- ✓ ဒေသမရွှေးယာဉ်မျိုးစုံကျွမ်းကျင်စွာမောင်းနှင်နိုင်ရပါမည်။
- ✓ ကျန်းမာသန်စွမ်း၍ ရိုးသားပြီးအကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

မှတ်ချက်။ ။ ကျန်းမာသန်စွမ်း၍ အမြင်အာရုံကောင်းမွန်ပြီး မည်သည့်ယာဉ်ကိုမဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်ပါက အသက်ကန့်သတ်ချက်အား လျော့ပေါ့စဉ်းစားပါမည်။

(၂) လုံခြုံရေး

- ✓ အသက်(၁၈-၄၅)နှစ်အတွင်းရှိသူအမျိုးသားများ။
- ✓ အလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ (၁၀)တန်းအောင်မြင်ပြီးသူများလျှောက်ထားရန်မလိုပါ။
- ✓ ကျန်းမာသန်စွမ်း၍ ရိုးသားပြီးအကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- ✓ အရပ်အမြင့် အနည်းဆုံး (၅၂ပေ ၄လက်မ) ရှိပြီး ကိုယ်အလေးချိန် (ပေါင် ၁၀၀ မှ ၁၅၀) အတွင်းရှိသူဖြစ်ရမည်။

(၃) သန့်ရှင်းရေး

- ✓ အသက်(၁၈-၄၀)နှစ်အတွင်းရှိသူများ။
- ✓ ကျန်းမာသန်စွမ်းပြီး ဖျတ်လတ်ရမည်။ (၁၀)တန်းအောင်မြင်ပြီးသူများလျှောက်ထားရန်မလိုပါ။
- ✓ ရိုးသား၍ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

❖ လျှောက်လွှာများကို ရန်ကုန်မြို့, အမှတ်(၃၆၄/၃၆၆)၊ တတိယအလွှာ၊ ကမ်းနားလမ်းနှင့် (၂၂) လမ်းထောင့် CB Bank HR Division တွင် အခမဲ့ထုတ်ယူ၍ (၂၁.၇.၂၀၁၅) ရက်နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

❖ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်၊ တတ်ပုံ(၁) ပုံ၊ (၃) လအတွင်းရယူထားသော ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမူရင်းများ အားတပါတည်းယူဆောင်လာရပါမည်။

❖ **မှတ်ချက်**

ဒုဥယာဉ်မောင်း၊ လုံခြုံရေးနှင့်သန့်ရှင်းရေးရာထူးများအတွက် လုပ်ငန်းကျွမ်းကျင်မှုလူတွေ၊ လက်တွေ့စမ်းဆေးခြင်းများရှိပါမည်။

ဝန်ထမ်းအလိုရှိသည်

ခေါင်းလျှော်ကျွမ်းကျင် မ(၂)ဦး
ခြေသည်းလက်သည်း(ကျွမ်းကျင်) မ(၁)ဦး
အလုပ်သင် မ(၂)ဦး
နေ၊ စားစရိတ်ပြင်း
Ph:09-5351932၊ ရန်ကုန်မြို့။

အမည်ပြည့်စွက်

အဖေးမျိုးသန်း၏သား မောင်ဝသန်ကိုကို [၆/ကသန(နိုင်)၀၆၆၁၆၇]အား မောင်ဝသန်ကိုကို(ခ)ချစ်မင်းသူဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်း(A)မှ မောင်ထူးထက်အောင်အား မောင်သူရိန်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရိန်ဖြိုး**

"ဖျောက်ဆုံးခြင်း"

M Y S CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၅၇၆၆ /၂၀၁၃-၂၀၁၄ ရက်စွဲ (၇-၃-၂၀၁၄)တတ်ပြားမူရင်း မှာ (၃၀-၆-၂၀၁၅)ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ဖျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

"ဖျောက်ဆုံးခြင်း"

M Y S CO., LTD. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-(ထသက-၃၃၀၈၉) ရက်စွဲ (၁၃-၃-၂၀၁၄) တတ်ပြားမူရင်းမှာ (၃၀-၆-၂၀၁၅)ရက်နေ့ နံနက်(၁၀း၀၀)နာရီခန့်တွင် ဖျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

ခြံဦးမည်

အမှတ်(၃)လမ်းမအနီး၊ ဂုတ်ခြံ၊ ပေ(၁၄၀×၁၄၀) သယ်နိုးကျွန်းကြီး ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၉၁၂၂၄၄၊ ၀၁-၅၅၈၂၉၈

ဝန်ထမ်း အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အိမ်တွင်းအလှဆင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်

၁။ ရေ/မီးကျွမ်းကျင် ကျား(၁)ဦး
၂။ အဆင့်မြင့်အိမ်အလှဆင်လုပ်သား ကျား(၃၀)ဦး
(သင်တန်းပေးပါမည်။ နေရန်စီစဉ်ပေးပါမည်။)
၃။ ဂိုထောင်အထွေထွေလုပ်သား(နေရန်စီစဉ်ပေးပါမည်။) ကျား(၅)ဦး
၄။ အဝတ်လျှော်၊ သန့်ရှင်းရေး (အချိန်ပိုင်း/အချိန်ပြည့်) မ (၂)ဦး
(အချိန်ပြည့်တာဝန်ထမ်းဆောင်ပါကနေရန် စီစဉ်ပေးပါမည်။)

မှတ်ချက်။ ။နယ်မှလာမည့်သူများအတွက် အဆောင်လမ်းညွှန်ပေးခြင်း၊ စီစဉ်ပေးခြင်းပြုလုပ်ပေးပါမည်။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ CV Form နှင့်တကွ လာရောက် လျှောက်ထားနိုင်ပါသည်။
ဖုန်း-၀၉ ၃၉၅၉၉၉၅၈

George English Training Centre
ရန်ကုန်မြို့တွင်ခန့်ထားရန်

Head Office : အမှတ် -၁၈၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်။
Ph : ၀၉၂၆၂၃၃၈၄၄ E-mail: getc.hrd@gmail.com

Academic Coordinator - 1 Post
(Pre-school Deptartment/ Tamwe Branch)

Any graduate (MA, BA (Eng), B.Ed preferable)
ECCD or other related deploma (or) certificates preferable
Diploma or Certificate in Management
Good personality, interpersonal & leadership skills
At least 2 years experience in related Teaching and Management Field
လစာ - ၃၀၀၀၀၀ မှ ၄၀၀၀၀၀ ကျပ်

Preschool Class Teacher - 5 Posts

Any graduate (MA, BA (Eng), B.Ed preferable)
ECCD or other related certificates preferable
Good command of English
Knowledge of Child-Centred Approach
Knowledge of Early Childhood Education
Must be patient, broad-minded & self-motivated
Good personality, interpersonal & leadership skills
At least 1 year experience in related field
လစာ - ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ကျပ်

Preschool Assistant Teacher - 5 Posts

Any graduate (BA (Eng), ECCD Certificate Preferable)
Knowledge of Child-Centred Approach
Knowledge of child psychology
Must be patient, self-motivated & have good personality
Good command of English
လစာ - ၁၀၀၀၀၀ မှ ၁၅၀၀၀၀ ကျပ်

Academic Coordinator - 1 Post
(English Language Teaching Dept: Myaynigone Branch)

MA (or) BA (Eng)
Diploma or Certificate in Management
Good personality, interpersonal & leadership skills
At least 2 years experience in related Teaching and Management Field
လစာ - ၃၅၀၀၀၀ မှ ၄၀၀၀၀၀ ကျပ်

English Language Instructor for Young Learners

Class Instructor - 6 posts

MA or BA(Eng), ELT Certificate/ Diploma (eg. TKT, ELTM, TESOL, CELTA, TEYL)
At least 1 year experience in teaching field
Good personality & interpersonal skills
လစာ : ၁၀၀၀၀၀ မှ ၁၈၀၀၀၀ ကျပ် (သို့) ၁နာရီလျှင် ၂၅၀၀ မှ ၅၀၀၀ ကျပ်

Assistant Instructor - 10 posts

Any graduates (under-graduate applicable)
MA or BA(Eng) preferable
Good personality & interpersonal skills
လစာ - ၇၀၀၀၀ မှ ၁၀၀၀၀၀ ကျပ် (သို့) ၁နာရီလျှင် ၁၅၀၀ မှ ၃၀၀၀ ကျပ်

Working hrs: Saturday, Sunday and Sabbath Days (8:00 AM - 4:00 PM)

စိတ်ဝင်စားသူမည်သူမဆို GETC ကျောင်းသို့ လူတိုယ်တိုင် ဘွဲ့လက်မှတ်မိတ္တူနှင့်-တကွ ၁၉.၇.၂၀၁၅ နောက်ဆုံးထား၍ Job Application Form လာရောက်ဖြည့်စွက် လျှောက်ထားနိုင်ပါသည်။

သီရိကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း(ဆရာ/မများအလိုရှိသည်)

၁။ ကြီးကြပ်ရေးမှူးကျား/မ(၁)ဦး မြို့နယ်ပညာရေးမှူး(သို့)ကျောင်းအုပ်ကြီး(ဗြိမ်း) (အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်)
၂။ စည်းကမ်းထိန်းသိမ်းရေးမှူး ကျား/မ (၁)ဦး (လုပ်သက်အတွေ့အကြုံ (၅)နှစ်အထက်ရှိသူဖြစ်ရမည်)
၃။ အဆောင်မှူး ကျား/မ(၂)ဦး
၄။ ညအိပ်စောကျက်Guide ကျား/မ(၂)ဦး **၅။** ကွန်ပျူတာဆရာမ (၁) ဦး

အမှတ်(၆၆)၊ ၁၅၇လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၉၅၅၆၆၄

KO MYAN CAR SHOWROOM

ဝန်ထမ်းအလိုရှိသည်

(၁)Secretary-(၁)မ-ကိုရီးယားဘာသာ (သို့)အင်္ဂလိပ်စကားပြောကျွမ်းကျင်ရမည်။
(၂)Accountant(၁)မ-အင်္ဂလိပ်စကားပြောတတ်ရမည်။
(၃)Sale and Marketing (၄)ကျား/မ
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၂၉၆/C-3)၊ မင်းရာဇာအိမ်ရာ၊ ဧရာဝဏ်လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၆၀၀၄၈၉၂၄၊ ၀၉-၂၅၄၁၂၂၀၄

ကျေးဇူးဆပ်ပါမည်

ကော့သောင်းမြို့၊ ပုလဲဖြူကုမ္ပဏီလိမိတက်မှ ဦးအောင်ဌေး[၆/ကသန(နိုင်) ၀၀၃၇၁၅] ပိုင်ဆိုင်သော "ထိုက်သူစ" (CKD/၀၀၀၁/၁၄)စက်အမျိုးအစား K 13 C,No. ၅၆၆၁၅၁ ရေယာဉ်၏ ဂရန်နှင့်လိုင်စင်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအပ်နှံသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၃၃၂၆၀၈၊ ၀၉-၄၉၈၉၂၄၄၃
လိပ်စာ-ပုလဲဖြူကုမ္ပဏီလိမိတက်(ကမ်းနီး)ကော့သောင်းမြို့

ဝန်ထမ်းအမြန်အလိုရှိသည်

Natural Clay Co.,Ltd
Email: humanresource@ naturalclaytile.com

ဖုန်း-၀၁-၆၀၀၂၆၉၊ ၀၁- ၆၀၀ ၂၉၉၊ ၀၉-၇၉၇၈၁ ၂၃၄၄၊ ၀၉-၄ ၂၁၆ ၆ ၉၃ ၀

Natural Clay Co.,Ltd ၏ သဘာဝမြေထည်ပစ္စည်းစက်ရုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လ/ထ မန်နေဂျာ (Production) တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံ(သို့မဟုတ်) အခြားသောနိုင်ငံများရှိ အုတ်ကြွေပ်အမိုးစက်ရုံတွင် အလုပ်လုပ်ဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူ A.G.T.I/ B.Tech/B.E (Mechanical Power) (သို့မဟုတ်) Electrical Power ဘွဲ့ရ ဝန်ထမ်းများအလိုရှိပါသည်။ လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းအလိုက် တာဝန်ယူနိုင်မှုအပေါ်မူတည်၍ လစာညှိနိုင်းပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (၁)လအတွင်း ရိုက်ထားသော ရောင်စုံဓာတ်ပုံ(၃)ပုံနှင့်အတူ Diamond Condo G-1 & 5 ပြည်လမ်း(စိုက်ပျိုးရေးမှတ်တိုင်တွင်ဆင်းရန်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအမြန်အလိုရှိသည်

Silver Sea Paper Carton Box Production Company Limited

B.Tech (E.C) **M (1) Post**
B.E (E.C) **F (1) Post**

အတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။
လစာညှိနှိုင်းမည်။
ဖယ်ရီကြိုပို့ရှိသည်။ (လှည်းတန်း၊ မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ)
လူပျို (အဆောင်စီစဉ်ပေးမည်)
လျှောက်ထားလိုသူများသည် လိုင်စင်ဓါတ်ပုံ (၃) ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာ အတိုင်း လူကိုယ်တိုင်ကြော်ငြာပါသည့် နေ့မှစ၍ (၁) ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။
လိပ်စာ။ ။ အမှတ်(၅၀၊၅၂)၊ ၂ လမ်း၊ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်
Ph no 01 613920, 01 613921
E-mail : silverseapack@gmail.com

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

လစာကောင်းကောင်းပေးမည်

၁။ မန်နေဂျာ(မြို့တွင်း) ကျား/မ(၃) ဦး
၂။ အရောင်းစာရေး(မြို့တွင်း) မ(၅)ဦး
၃။ ဂိုဒေါင်စာရင်းကိုင်(မြို့တွင်း) မ(၃) ဦး
၄။ Office Staff ကွန်ပျူတာကျွမ်းကျင်(မြို့တွင်း) မ(၃)ဦး
၅။ ရုံးအကူ ကျား (၃) ဦး

အမှတ်စဉ်(၁) အတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူဖြစ်ရမည်။

အမှတ်စဉ်(၂) အတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိပြီး သွက်လက်ချက်ချာသူဖြစ်ရမည်။

အမှတ်စဉ်(၃) အတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိပြီး စာရင်းအင်းကိုကျွမ်းကျင်ပိုင်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၄)အတွက် လျှောက်ထားသူသည် ရုံးလုပ်ငန်းအတွေ့အကြုံရှိ၍ လုပ်သက်(၂)နှစ်အထက်ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်/သန်းခေါင်စာရင်း/အလုပ်သမားမှတ်ပုံတင်မိတ္တူ/ရဲစခန်းထောက်ခံစာ/ရပ်ကွက် ထောက်ခံစာ/လိုအပ်သော ပညာအရည်အချင်းထောက်ခံချက်/လုပ်ငန်းအတွေ့အကြုံတို့ကို သေချာစွာရေးဖြည့်၍ အောက်ပါလိပ်စာတွင် လာရောက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ
အမှတ်(၂၄၄/ ၂၄၆)၊ ကုန်ဈေးတန်းလမ်း(အလယ်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၂၀၅၃၊ ၀၉၇၉၆ ၁ ၉ ၈ ၃ ၀

အလိုရှိသည်
ယာဉ်မောင်းအမြန်အလိုရှိသည်
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
ဆက်သွယ်ရန် ဖုန်း-၅၂၁၀၀၁၊ ၀၉-၅၁၀၈၇၇၇၊
၀၉-၄၃၁၉၇၆၀၅

ကာယနည်းပြ (မ) တစ်ဦး
အလိုရှိသည်။
ပေါင်ချိန် (၂၅၀) ရှိသောသူအား
လေ့ကျင့်ခန်းပြုလုပ်ရန်
Ph: 09-798404345

ဝန်ထမ်းအမြန်အလိုရှိသည်။
(စရိတ်ငြိမ်း)
၁။ ကြက်ဆီထမင်းကျွမ်းကျင်စွာ ချက်နိုင်သူ
အမြန်အလိုရှိသည်။ - ကျား (၁) ဦး
၂။ စာရေး(ဘွဲ့ရ) - ကျား (၁၅) ဦး
၃။ အထွေထွေဝန်ထမ်း - ကျား (၂၀)ဦး
CV Form ကိုယ်ရေးရာဇဝင်နှင့်အတူ အမြန်ဆက်သွယ်ပါ။
ဆက်သွယ်ရန် ဖုန်း- ၀၉-၄၂၀၀၁၉၈၇၄

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
တောင်ဥက္ကလာ၊ ဝေဇယန္တာလမ်းကြီး
အပေါ်၊ စီးတီးမတ်အနီး၊ ထောင့်ကွက်၊
မြေပိုပါ (၇ရန်အမည်ပေါက်)
ဆက်သွယ်ရန်
ဖုန်း-၀၉-၃၁၀၂၄၆၁၆၊
၀၉-၇၉၉၆၀၄၃၈၅

(၅၀×၆၀)မြေကွက်၊ နဝရတ်
လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ
F.M.I နှင့် ရွှေကမ်းသာယာ
အိမ်ရာဝင်းအနီး၊ သိန်း(၁၂၀၀)
ဖုန်း-၀၉-၈၆၁၈၆၁၃

မြပန်ဝါ
ideas coming true

အောက်ပါဝန်ထမ်းများ အလိုရှိသည်
(ပြည်တွင်းသားခန့်ထားရန်)

(1) Sale Manager ကျား/ မ (၅)ဦး
- ဘွဲ့တစ်ခုခုရှိပြီးသူဖြစ်ရမည်။
- Marketing ပညာရပ်တွင် ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- Sales & Marketing ဆိုင်ရာအနည်းဆုံး (၃)နှစ်အတွေ့အကြုံရှိသူဖြစ်ရမည်။
- အသက်(၃၀) နှစ်ပတ်ဝန်းကျင်ဖြစ်ရမည်။
- English 4 Skills ကျွမ်းကျင်သူဦးစားပေးမည်။
- Computer, Excel , Word & Power Point အသုံးပြုနိုင်ရမည်။
- နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
- ယဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်နှင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ လစာအပြင်အခြားခံစားမှုရှိမည်။

(2) Media Manager ကျား/မ (၂)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်၊ လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။
- ကြော်ငြာလုပ်ငန်းနှင့်ပတ်သက်ပြီးအတွေ့အကြုံရှိသူဖြစ်ရမည်။
- Photo Shop တတ်သိနားလည်ရမည်၊ အသက်(၂၅)နှစ်မှ (၃၀) နှစ်အတွင်းဖြစ်ရမည်။
- အရည်အချင်းပေါ်မူတည်၍ လစာသတ်မှတ်ပေးမည်။

(3) Assistant Office Manager ကျား/မ (၃)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်၊ Management ပိုင်းကျွမ်းကျင်သူဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်၊ အသက်(၃၀) နှစ်နှင့် အထက်ဖြစ်ရမည်။
- English 4 Skills ကျွမ်းကျင်သူဦးစားပေးမည်။
- Computer, Excel , Word & Power Point, Internet & E-mail ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

(4) Assistant Accountant မ(၅)ဦး
- B.Com(သို့)ဘွဲ့ရ LCCI Level (III)/DA အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက် (၂၅) နှစ်နှင့်အထက်ဖြစ်ရမည်။

(5) Factory Assistant Accountant ကျား / မ(၅)ဦး
- B.Com(သို့)ဘွဲ့ရ LCCI Level (III)/DA အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက် (၂၅) နှစ်နှင့်အထက်ဖြစ်ရမည်။

(6) Office Staff ကျား/ မ (၁၀)ဦး
- အသက်(၂၅)နှစ် နှင့်အထက်ဖြစ်ရမည်၊ (၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ် ၍ လူအများနှင့် ကောင်းမွန် စွာပြောဆိုနိုင်သူဖြစ်ရမည်။
- အရောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူ ဈေးကွက်ရှာနိုင်သူ ဖြစ်ရမည်။

(7) Driver ကျား(၁၅)ဦး
- အနည်းဆုံး(ခ)လိုင်စင်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။
- ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။နယ်ခရီးသွားနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပတ်စပို့အရွယ် ဓါတ်ပုံ (၁)ပုံ၊ နိုင်ငံသား စိစစ်ရေးကတ်
မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ် မိတ္တူများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
ရဲစခန်းထောက်ခံချက်မိတ္တူ၊ လိုင်စင်မိတ္တူတို့နှင့် အတူ လူကိုယ်တိုင် **အမှတ်(W-53)၊ ဘုရင့်နောင်လမ်းနှင့်
ပါရမီလမ်းထောင့်၊ စင်ထွာမီးလင်းကတ္တားရုံးခန်းသို့** ကြော်ငြာပါသည့်ရက်မှ (၇)ရက်
အတွင်းနောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။
(၁၀တန်းအောင်လက်မှတ်၊ဘွဲ့လက်မှတ်များလိမ်လည်တင်ပြထားခြင်းတွေ့ရှိပါကဥပဒေအရ
အရေးယူခြင်းခံရမည်ဖြစ်ပါသည်။)
ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့်မြောက်ပိုင်းခရိုင်မှ လျှောက်ထားသူများကိုဦးစားပေးမည်။
(Walk in Interview နံနက် (၇း၀၀)နာရီမှ (၈း၀၀)နာရီ)

SGS Certificate No. TH 14/ 7562

VAC VALUE ADDED CONSULTANCY **မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**

VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။

ဝန်ထမ်းလိုအပ်နေသောလုပ်ငန်းရှင်များအတွက်
အရည်အချင်းပြည့်မီသော ဝန်ထမ်းများစိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။
ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။
မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။
VAC မှတစ်ဆင့်အလုပ်ရလျှင် အလုပ်လျှောက်သူဝန်ထမ်းမှ ဝန်ဆောင်ခပေးရန်မလိုပါ။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေ့ခေါ်နေပြီ

Foreign Supermarket Retail Business Firms

Construction Manager - USD 1500~2500 (1)
- BE(Civil),B.Arch, Recent Work Exp With Design Or Construction

Recruitment & Training Supervisor - USD 1300 (1)
- 5yrs Exp On HR Field ,Good Command Of English

HR Payroll Supervisor (1)
- 5yrs Exp On HR Field ,Good Command Of English

Ex-Import Supervisor - USD 1300 (1)
- Exp In Relevant Field ,Good Command Of English

Buyer - USD 2000 (3)
- BE(ME/EP),Dip In Relevant ,5yrs Exp In Buyer Commercial,Raw Material

Asst Buyer - USD 1300 (7)
- BE(ME/EP),Dip In Relevant ,3yrs Exp In Buyer Commercial,Raw Material

Asst Merchandizing Manager (1)
- Any Related Degree,3yrs Exp In Sourcing Or Buying in Retail Business

Accountant & Treasury - USD 1500 (3)
- Master / Degree In Finance & Acconting, 3yrs Exp On Relavent Field

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။
များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com
No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

အသစ်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်ရန် သူနာပြုအကူ အလုပ်သင်ဝန်ထမ်း (ကျား/မ)များ အလိုရှိသည်

၁။ သူနာပြုအကူ(၅)လသင်တန်းကို အခမဲ့သင်ကြားပေးမည်။
၂။ ပညာအရည်အချင်း ဘွဲ့ရ (သို့) ဒီပလိုမာ (သို့) အခြေခံပညာအထက်တန်း အဆင့်ဖြစ်ရမည်။
၃။ အသက်(၁၈)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
၄။ သူနာပြုစုမှုလုပ်ငန်းကို အမှန်တကယ် စိတ်ပါဝင်စားသူ ဖြစ်ရမည်။
၅။ သင်တန်းကာလ(၅)လကို ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။
၆။ သင်တန်းမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရမည်။
၇။ သင်တန်းပြီးဆုံးပြီး အရည်အချင်းပြည့်မီသူများကို အလုပ်ခန့်အပ်မည်။
၈။ နယ်မှလာသူများကို နေထိုင်ရန်စီစဉ်ပေးမည်။
ကြော်ငြာသည့်ရက်မှစပြီး (၃)ရက်အတွင်း အောက်ပါအချက်အလက်များနှင့် အတူ အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည် လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃တို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
(က) ပညာအရည်အချင်း ထောက်ခံချက်မူရင်းပြရန် (မိတ္တူပူးတွဲတင်ပြရန်)။
(ခ) သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ
(ဂ) သန်းခေါင်စာရင်းမိတ္တူ
(ဃ) မှတ်ပုံတင်မိတ္တူ
(င) Passport ဓာတ်ပုံ(၂)ပုံ၊ ကိုယ်လုံးပြည့်ဓာတ်ပုံ(၁)ပုံ

တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား၊ကျောင်းသူများအတွက် UK အပါအဝင် နိုင်ငံတကာ တက္ကသိုလ်ကြီးများတွင်တက်ရောက်နိုင်မည့် "နိုင်ငံတကာပညာရေးအခွင့်အလမ်းများအကြောင်းဟောပြောပွဲ"

- Student Centered Learning System နှင့် သက်ဆိုင်သော ဗဟုသုတများ University of the West of the England, Anglia Ruskin နှင့် University of Ulsan တို့အပါအဝင် နိုင်ငံတကာ တက္ကသိုလ်ကြီးများတွင် တက်ရောက်နိုင် မည့် အခွင့်အလမ်းများ
- Civil, Mechanical, Electrical and Electronic, IT, Business Management ဘာသာရပ်များနှင့် ဆိုင်သော HND Program ဗဟုသုတများကို ဟောပြောမည်

ဟောပြောမည်သူ – ပါမောက္ခဒေါက်တာကျော်ဆန်း၊ ပါမောက္ခဒေါက်တာချစ်မြိုင်
နေရာ – ယခင်သီရိမင်္ဂလာစျေး၊ပထမထပ် (ယာ)၊ကမ်းနားလမ်း၊ကြည့်မြင့်တိုင်မြို့နယ်။

umg college
to prosper with nation

11 July 2015
10:00AM ~ 12:00NOON

FREE SEMINAR

Ph : 09420095798, 09 37036488, 09 8631823, 09 37036488, 01 215678 ~ 9, 01 2301580 ~ 1

လို့က်လဲ့စွာဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Lico Food Industry Co.,Ltd (Sunny & Cozy အချို့ရည်နှင့်သောက်ရေသန့်) သည် နိုင်ငံတကာအသိအမှတ်ပြု ISO 9001-2008 လက်မှတ်နှင့် HACCP လက်မှတ်များကို ရရှိမြှင့်ခံရသည့်အတွက် လို့ကျ်လဲ့စွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အနာဂါတ်တွင်လည်း အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ပြီး ကြီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း ပို့သလိုက်ပါသည်။

ဂုဏ်ယူစွာဖြင့် -
အစ်ကိုကြီး ဦးရဲမြင့်(ကောင်း+ကြက်ပေါင်းနှင့်ဓါတ်ဆွဲ)+အမကြီး ဒေါ်နန်းဘွယ်(Nan Bwe Guest House)
ချစ်တူနှင့်တူမ D.H & Mon (Korea)
ချစ်တူလေး Dr Kyaw Zin (ကုတင် ၁၀၀၀ ဆေးရုံ-နေပြည်တော်)

Crafting Human Resources

Rigel Training and Consultancy

July လတွင် ဖွင့်လှစ်သင်ကြားမည့် သင်တန်းများ

ပြည်တွင်းပြည်ပ မှ MBA ဘွဲ့ရထားသော လုပ်ငန်းအတွေ့အကြုံရှိ ဆရာ / ဆရာမ များမှ ဦးဆောင်သင်ကြားမည့်

Sales and Marketing Mgt

General Management

Office Administration

No (29 - A) First Floor, Zeyarthiri Street, Hledan.
Ph : 09-43029488 , 09-73131998

ကြယ်ပဲ စိုက်လိုလျှင် ကမ္ဘာသစ်က ကူညီမည်

- မျိုးစေ့တစ်ကီလိုလျှင် ကျပ် ၂၅,၀၀၀ ဈေးဖြင့် ရောင်းပေးမည်။ (အပင်ပေါက်နှုန်း ၉၅ % အာမခံသည်)
- အော်ဂဲနစ်ကြယ်ပဲ စိုက်ပျိုးနည်းပညာ အကူအညီပေးမည်။
- ထွက်လာသည့်ကြယ်ပဲစေ့များ ကာလပေါက်ဈေးဖြင့် ဝယ်မည်။

ဦးဥာဏ်ဝင်းဖြိုး
ကမ္ဘာသစ်အော်ဂဲနစ်ကြယ်ပဲစိုက်ပျိုးရေးအဖွဲ့
၀၉ ၂၅၀ ၂၈၈ ၀၀၄ ၊ ၀၉ ၇၉၅ ၈၁၈ ၁၆၃

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ၁၄-ရပ်ကွက်၊ မဂ္ဂင်လမ်း။ အမှတ်-၁၄/ဘီ၊ နှစ်ခန်းတွဲခြောက်ထပ်တိုက်မှ (၅-လွှာ) ၊ ခေါင်းရင်းခန်း။ ဧရိယာ (၁၄´ × ၆၀´) ရှိ နေအိမ်တိုက်ခန်းကို (၁၀-၇-၂၀၁၀) ရက်စွဲပါ အခန်းပျောက်အရောင်းအဝယ် စာချုပ်အရ ဝယ်ယူပိုင်ဆိုင်နေထိုင်လျှက်ရှိသည့် ဦးဇော်မျိုးအောင် (၉/မကန (နိုင်) ၀၉၉၇၄၉) နှင့် ဒေါ်သီတာမြင့် (၉/မကန (နိုင်) ၀၉၃၉၆၁) တို့ထံမှ လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတခို့ပေးချေပြီး ဖြစ်ပါသည်။ သက်ဆိုင်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင် (စဉ်-၇၈၂၆) (LL.B, D.B.L, D.I.L)
ဒေါ်ယဉ်ပြိမ်းအေး (LL.B) (စဉ်-၃၈၄၉၃)
ဒေါ်မေဝင်းမောင် (LL.B) (စဉ်-၃၈၅၂၉)
ဒေါ်ဆေးကျင်ဟ္ဋာ (LL.B) (စဉ်-၃၉၂၂)

တရားလွှတ်တော်လျှောက်ထား

အထက်တန်းလျှောက်ထားများ

အမှတ် (၁၀/၁ ၂)၊ မြေညီထပ်၊ ၃၅-လမ်းတို့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်ခြင်း

အရှင်ဥာဏာဝရ (ဘ)ဦးအောင်ထွန်းသာ [၁၂/အစန(သ)၀၀၀၅၇၆] ဇေယျမင်္ဂလာကျောင်းတိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့မှ ဦးကျော်ကျော် (ဘ) ဦးသန်းမြင့် [၁၂/ဒလန(နိုင်) ၀၂၂၇၆၄)] အမှတ်(က/ ၂၁)၊ အလယ်ကျောင်းလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေသူအား ၃-၁၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးခ် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။ ထိုကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အရှင်ဥာဏာဝရ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁ဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း၊ရပ်ကွက်အမှတ်-၆၃(စက်မူနုန်)၊မြေကွက်အမှတ်(၂၈၁၀)၊မြေကွက်တည်နေရာအမှတ်(၂၈၁၀)၊ ၆၃(စက်မူနုန်)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဦးထွန်းခင်(၁၂/သဃက(နိုင်)၀၆ဝ၆)အမည်ပေါက်နှစ်(၆၀)ဂရန်ရန်မြေအားအမည်ပေါက်ဦးထွန်းခင်ထံမှ GP၂၀၁၈(၂၁-၁-၁၄)ရသူဦးအေးထွန်း(၁၂/တမန(နိုင်)၁၀၁၄၃၃၀)က(၂၀၁၄) ခုနှစ်ထုတ်ယူခဲ့သောအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံမူရင်းဟောကက်ဆုံးသွားကြောင်းကျွမ်းကျင်လွှာတင်ပြ၍အရောင်းအဝယ်စာချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

" ဆိုးဆ(လင်း) (ဗဟန်းရုံး) " မှ ရောင်း/ငှါးမည်။

၁၊တ/ဥ၊ဝေဇယန္တာလမ်းမပေါ်,∠ကွက်	(50x60)	မြေ	13700L
၂၊ဗဟ၊အင်းယားမြိုင်လမ်းမ(ဂုတ်)	(45x65)	2RC	12000L
၃၊ကမာရွတ်၊သံလွင်လမ်းသွယ်	(70x75)	မြေ	11500L
၄၊ရန်ကင်း၊ဘောက်ထော်	(80x60)	မြေ	6750L
၅၊(၁၀)မိုင်၊လေဆိပ်ရိပ်သာလမ်း	(40x100)	1RC	6400L
၆၊သုဝဏ္ဏ၊ VIP-1နီး	(75x85)	မြေ	6200L
၇၊မရက၊အောင်သိဒ္ဓိလမ်းသွယ်,အုတ်ဓတ်	(63x85)	မြေ	5400L
၈၊သယံန်းကျွန်း၊Snow Garden,∠ကွက်	(83x61)	မြေ	5200L
၉၊သာကေတ၊မြေခွာညီ၊အိမ်ရာ,ပြင်ဖြီး	(40x50)	2RC	4400L
၁၀၊ကမာကြည်၊Water Front Villa,ပါမစ်	(60x60)	2RC	4000L
၁၁၊ရန်ကင်း၊ပါရမီရိပ်သာနီး,ပြင်ဖြီး	(42x42)	2½RC	3000L
၁၂၊မင်္ဂလာဒုံ၊ညာဉ်အိမ်ရာ-လမ်းမတန်း	(100x100)	မြေ	2850L
၁၃၊သာကေတ၊ရတနာအိမ်ရာ,အုတ်ဓတ်	(70x80)	မြေ	2850L
၁၄၊လှိုင်-လမ်းသန့်	(32x60)	မြေ	2350L
၁၅၊မင်္ဂလာဒုံ၊အမှတ်(၃)လမ်းသန့်,ပါမစ်	(135x170)	မြေ	2000L
၁၆၊ချမ်းသာရွှေပြည်အိမ်ရာ,ပါမစ်	(55x70)	မြေ	1700L
၁၇၊မ/ဒဂုံ၊(၄၆)ရပ်ကွက်-လမ်းသန့်	(40x60)	မြေ	770L
၁၈၊မဂဒ၊အမှတ်(၃)လမ်းမပေါ်,နေရာကောင်း	(100x200)	2BN	38L
၁၉၊ရန်ကင်း၊အောင်ဇေယျလမ်း	(70x70)	1RC	10L
၂၀၊(၇)မိုင်၊ကုန်းမြင့်ရိပ်သာ,Ph,ပြင်ဖြီး	(45x100)	2RC	6L

ဆိုးဆ(လင်း) - 552742, 09 5060940, 09 73100980
ဗဟန်းရုံး - 559320, 09 5060938, 09 73500535

ကြော်ငြာ

